
# မျောလေးမျှောသမိုင်းဝင်

## ကျိုက်ထိုမြို့

# ကျိုက်ပေါလော

# ရုပ်ရှင်တော်ဘုရားသမိုင်း



၂၃၉၉၂

မျောလေးမျောသမိုင်းဝင်

ကျိုက်ထိုမြို့

ကျိုက်ပေါလော

# မွဲ့ရှင်တော်ဘုရားသမိုင်း

ပါဠိဆရာကြီးဦးစိုးမြင့်(ဓမ္မာစရိယ)တည်းဖြတ်ပြင်ဆင်သည်

မွဲ့ရှင်တော်ဘုရား ဂေါပကအဖွဲ့မှုပိုင်

သာသနာ-၂၅၃၉၊ ကောဇာ-၁၃၅၇၊ ခရစ်-၁၉၉၅

# ကျိုက်ပေါလောမှဲ့ရှင်တော်ဘုရားသမိုင်းပုံနှိပ်ခြင်း

**ဘာသာရေးဆိုင်ရာ စာမူခွင့်ပြုချက်အမှတ်(　　/　　)**


အကြိမ် - တတိယအကြိမ်

အုပ်ရေ - ၂၀၀၀

တန်ဖိုး -

ခုနှစ် - ၁၉၉၅၊ မေလ၊

**မျက်နှာဖုံးခွင့်ပြုချက်အမှတ် (　　/　　)**

**ပုံနှိပ်သူ** - ဦးသိန်းထွန်း(၀၄၈၂၂)
**(အဖုံးအတွင်းစာသား)** သိန်းထွန်းအော့ဖ်ဆက်
၅၅-၅၂၊ ဒဂုံသီရိလမ်း၊ ကျောက်မြောင်းကြီး
ရပ်ကွက်၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့။

**ထုတ်ဝေသူ** - ဦးအောင်ကြီး(မြဲ ၀၉၈၆)
ရွှေပုရပိုက်စာပေ
၅၊ တင့်ဆန်းလမ်း၊ ဥတ္တလစ်၊ ရန်ကုန်မြို့။

**ကွန်ပျူတာစာစီ** - ပန်းကုံကော် ကွန်ပျူတာစာစီလုပ်ငန်း
၂၁၇၊ ၃၂-လမ်း(အထက်)၊ ရန်ကုန်မြို့။
ဖုံး-၈၅၁၂၉



# မာတိကာ

| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| | ကျိုက်ပေါလော မှဲ့ရှင်တော်ဘုရားပုံတော် | |
| ၁။ | နိဒါန်း | ၁ |
| ၂။ | ဂေါပကအဖွဲ့၏ အစီရင်ခံစာ | ၄ |
| ၃။ | သမိုင်းပြုစုသူ၏ အစီရင်ခံစာ | ၅ |
| | တတိယအကြိမ်အမှာစာ | ၆ |
| ၄။ | ကျေးရွာတင်လွှာ | ၇ |
| ၅။ | ဘုရားတည်ရာ ကျိုက်ထိုမြို့အကြောင်း သိကောင်းစရာများ | ၉ |
| | ကျိုက်ထိုမြို့နောက်ခံသမိုင်း ယနေ့ကျိုက်ထိုမြို့နယ် | ၁၉ |
| ၆။ | သုဝဏ္ဏဘူမိသို့ ပထမအကြိမ် ဗုဒ္ဓသာသနာ ရောက်ရှိခြင်း | ၂၃ |
| ၇။ | သုဝဏ္ဏဘူမိသို့ ဒုတိယအကြိမ် ဗုဒ္ဓသာသနာ ရောက်ရှိခြင်း | ၂၉ |
| | သုဝဏ္ဏဘူမိဘုရင် ဓူဠသိရိမာသောက | ၂၉ |
| | သောဏထေရ်၊ ဥတ္တရထေရ်တို့ကြွရောက်တော်မူခြင်း | ၃၀ |
| | သုဝဏ္ဏဘူမိမြို့တော် | ၃၉ |
| | မွန်လူမျိုး | ၄၁ |
| ၈။ | ကျိုက်ပေါလော မှဲ့ရှင်တော်ဘုရားသမိုင်း | ၄၄ |

| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| | အသောကမင်းကြီး တတိယသင်္ဂါယနာတင်ခြင်း | ၄၄ |
| | တတိယသင်္ဂါယနာတင်ခြင်း | ၅၁ |
| | ကိုးတိုင်းကိုးဌာနသို့ သာသနာပြုစေလွှတ်တော်မူခြင်း | ၅၃ |
| | သာသနာပြု မထေရ်မြတ်ကြီးများနှင့် တိုင်းနိုင်ငံ | ၅၃ |
| | အရှင်မဟိန္ဒထေရ်သီဟိုဠ်သို့သာသနာပြုကြွရောက်ခြင်း | ၅၅ |
| | ဒေဝါနံပိယတိဿမင်းကြီး အကြံတော်ဖြစ်ခြင်း | ၅၇ |
| | ရုပ်ပွားတော်လေးဆူ ထုလုပ်ပူဇော်ခြင်း | ၅၈ |
| | ရုပ်ပွားတော်လေးဆူကို သမုဒ္ဒရာတွင်းသို့ မျှောခြင်း | ၆၀ |
| | သာသနာစောင့် နတ်မင်းကြီးနှင့် ဝိဇ္ဇာမိုရ် | ၆၄ |
| ၉။ | ကျိုက်ပေါလောဘုရား ပင့်ဆောင်ကိုးကွယ်ကြပုံ | ၆၆ |
| | ဒေါ်လုံမ အိပ်မက် | ၆၆ |
| | မဟာဂုရုရသေ့ကြီးနှင့် ဘုရားသုံးဆူတောင် | ၆၇ |
| | သာသနာစောင့်နတ်မင်းကြီးနှင့် ဒေဝယက္ခကြီး | ၆၉ |
| | ဗုဒ္ဓရုပ်ပွားတော်မြတ်အား ပင့်ဆောင်ကြပုံ | ၇၂ |
| | ဗုဒ္ဓရုပ်ပွားတော် မျက်တောင်တော်ခတ်ခြင်း | ၇၄ |
| | ဗုဒ္ဓရုပ်ပွားတော် ယာယီဂန္ဓကုဋီတိုက်သို့ပင့်ဆောင်ခြင်း | ၇၅ |
| | မုံ့ရှင်တော် ပေါ်လာခြင်း | ၇၈ |
| | မုံ့ရှင်တော်ဘုရား ရောင်ခြည်တော်ကွန့်မြူးခြင်း | ၈၀ |
| | သိသင့်ဖွယ်ရာ မှတ်စုလွှာ | ၈၃ |
| | ကျိုက်ပေါလောမုံ့ရှင်တော်ဘုရား၏ အံ့ဖွယ်ရာများ | ၈၆ |

| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|


| | ကျိုက်ပေါလောဘုရား ဘွဲ့တော်ဖြစ်စဉ် | ၈၈ |
| | ကျောက်လှည်းဘီးကြီး | ၈၉ |
| | ကျိုက်ပေါလောဘုရား ပလ္လင်တော် | ၉၁ |
| ၁၀။ | သာသနိက အဆောက်အအုံများ | ၉၃ |
| | မဟာဗောဓိ စေတီတော်ကြီး | ၉၃ |
| | ကျိုက်ပေါလော ဘိုးဘိုးကြီး | ၉၅ |
| | ကျိုက်ပေါလော ဓမ္မာရုံကြီး | ၉၆ |
| | ကျိုက်ပေါလောဘုရားပြုပြင်မွမ်းမံလှူဒါန်းကြပုံအစုံစုံ | ၉၇ |
| | ကျိုက်ပေါလောဘုရားနှင့် ပတ်သက်သော ကိုယ်တွေ့ဖြစ်ရပ်များ | ၁၀၀ |
| | ကျိုက်ပေါလောဘုရား ဂုဏ်ပြုချီးပဖွဲ့ဆိုပူဇော်ကြ | ၁၀၄ |
| | ကျိုက်ပေါလောဘုရား တေးထပ် | ၁၀၄ |
| | ကျိုက်ထိုမြို့ ကျိုက်ပေါလောဘုရားကြီး ရှစ်လုံးဘွဲ့ကဗျာ | ၁၀၅ |
| ၁၁။ | The Brief of History of the Kyaik-Paw-Law Image, Kyaikto Mon State, Myanmar, | ၁၀၆ |
| ၁၂။ | ကျမ်းကိုးစာရင်း | ၁၁၀ |


**မာတိကာပြီး၏။**

* * * * *

ပုံနှိပ်မှတ်တမ်း

စာမူခွင့်ပြုအမှတ် ❁ (၆၅/၉၅)(၅)

မျက်နှာဖုံးခွင့်ပြုချက်အမှတ် ❁ (၁၅/၉၅)(၆)

**မျက်နှာဖုံးနှင့် အတွင်းသားရိုက်** ❁ ဦးသိန်းထွန်း (၀၄၈၂၂)
သိန်းထွန်းအော့ဖ်ဆက်
၅၀-၅၂၊ ဒဂုံသီရိလမ်း၊
ကျောက်မြောင်းကြီးရပ်ကွက်
တာမွေမြို့နယ်၊ ရန်ကုန်မြို့။

**ပုံနှိပ်ခြင်း** ❁ ဒုတိယအကြိမ်၊ အုပ်ရေ-၁၀၀၀

**ထုတ်ဝေခြင်း** ❁ ၁၉၉၅၊ ဇွန်လ

**ထုတ်ဝေသူ** ❁ ဦးအောင်ကြီး (မြ ၀၉၈၆)
ရွှေပုရပိုက်စာပေ
၅၊ တင့်ဆန်းလမ်း၊ ဝတ္တာလစ်၊ ရန်ကုန်မြို့၊

**တန်ဖိုး** ❁ ၂၀-ကျပ်

**ကွန်ပျူတာစာစီ** ❁ **ပန်းကုံးကော်** ကွန်ပျူတာစာစီလုပ်ငန်း
အမှတ်(၂၁၇)၊ ၃၂-လမ်း(အထက်)၊ ရန်ကုန်မြို့
ဖုန်း-၈၅၁၂၉

## ရတနာတြိ နမာမိ

ရတနာတြိ – ဘုရား တရား သံဃာ
ရတနာမြတ်သုံးပါးတို့အား၊
နမာမိ – ရှိသေမြတ်နိုး လက်စုံမိုး၍
ရှိခိုးကန်တော့ပါ၏။

**နိဒါန်း**

မွန်ပြည်နယ် ကျိုက်ထိုမြို့ ကျိုက်ပေါလော ဘုရားသည် မြန်မာနိုင်ငံ တစ်ဝန်းလုံး၌ လူသိထင်ရှား ကျော်ကြားပြီး ဘုန်းတန်ခိုး အာနုဘော် ကြီးမားလှသော သမိုင်း၀င် ဘုရားတစ်ဆူ ဖြစ်ပေသည်။ မျောလေးမျော ဘုရားလေးဆူအနက် တစ်ဆူအပါအဝင် ဖြစ်လေသည်။

ကျိုက်ပေါလောဘုရားသည် ရင်သပ်ရှုမော အံ့သြချီးကျူးဖွယ်ရာ ဂုဏ်တော်အဖြာဖြာနှင့် ပြည့်စုံတော်မူသောကြောင့် ဗုဒ္ဓဘာသာဝင် သူတော်စင် အပေါင်းတို့က နှစ်ထောင်းအားရ ပူဇော်သက္ကာရ ပြုခဲ့ကြပေသည်။

ဤသို့ ဂုဏ်တော်မြတ်အပေါင်းနှင့် ပြည့်စုံတော်မူလှသော ကျိုက်ပေါလောဘုရား၏ အတိတ်သမိုင်းကြောင်းကို တင်ပြဖော်ထုတ်ပေးလိုက်ခြင်းဖြင့် ရဟန်း, ရှင်, လူ–ဘုရားဖူး လုပ်သားပြည်သူတို့မှာလည်း ရှေးကထက် သဒ္ဓါတရား ပိုမိုပွားများလာနိုင်မည် ဖြစ်ပါသည်။ ဗုဒ္ဓမြတ်စွာ၏ တန်ခိုးဂုဏ်တော်အပေါင်း ကိန်းအောင်းရာဖြစ်သော

မှဲ့ရှင်တော်, မျက်ရှင်တော်, ရုပ်ရှင်တော်တို့ ပိုင်ရှင် ဗုဒ္ဓသခင်ကိုယ်ပွား ဤ ကျိုက်ပေါလော ဘုရားသမိုင်းသည် ဗုဒ္ဓမြတ်စွာ၏ သာသနာ့ သမိုင်းနှင့် ဆက်စပ်နေသောကြောင့် ဗုဒ္ဓဘာသာဝင် သူတော်စင် အပေါင်းတို့သည် ဤသမိုင်းကိုဖတ်ရင်း ဗဟုသုတတိုးပွား အကျိုး များလာနိုင်ပါသည်။

ရှေးအခါ ရာမည ကရဏ္ဍက သုဝဏ္ဏဘူမိဟု ကမ္ဘာကျော် ကြား လူသိများခဲ့သော မြန်မာနိုင်ငံအောက်ပိုင်း အပါအဝင် မွန် ပြည်နယ် တစ်ဝန်းလုံးရှိ ဆံတော် ဓာတ်တော် ဘုရားသမိုင်းအား လုံးလိုလိုမှာ သုဝဏ္ဏဘူမိသို့ ဗုဒ္ဓမြတ်စွာ ကိုယ်တိုင်ကြွရောက်လာ တော်မူခြင်း၊ အရှင်အနုရုဒ္ဓါ အမှူးပြုသော ရဟန္တာကြီးခြောက်ပါး ဆံတော်ရှင်ခြောက်ဆူ ပင့်ဆောင်လာပြီး စေတီတော် ခြောက်ဆူကို တည်တော်မူခြင်း၊ အရှင်သောဏ, အရှင်ဥတ္တရ–မထေရ်တို့ သာသနာပြု ရောက်ရှိလာကြခြင်း၊ အရှင်မဟာဗုဒ္ဓဃောသမထေရ်မြတ်က ပိဋကတ် သုံးပုံကို ပင့်ဆောင်တော်မူခဲ့ခြင်းစသည့် သမိုင်းတစ်ခုခုနှင့် ဆက်နွှယ် နေသည်သာများသည်ကို အတိအလင်း တွေ့ရပေသည်။

ဆံတော်ရှင် စေတီဘုရားများနှင့် ပတ်သက်၍ အရှင် အာနန္ဒာက ဗုဒ္ဓမြတ်စွာအား–"အရှင်မြတ်ဘုရား .... ဘုရားရှင်၏ ဆံတော်များကို ကိုးကွယ်ဆည်းကပ်ကြသော ပြည်သူလူထုအပေါင်း ၏ အန္တရာယ်ကို မြင်ပါသလော"ဟု လျှောက်ထား မေးမြန်းသောအခါ ဗုဒ္ဓရှင်တော်မြတ်က–"ဤဆံတော်ရှင်များကို ကိုးကွယ် ဆည်းကပ် ကြသော ပြည်သူလူထုအပေါင်း၏ ဆုတ်ယုတ် ပျက်စီးခြင်းကို ငါဘုရားမြင်တော်မမူ၊ ကြီးပွား ချမ်းသာခြင်းကိုသာ မြင်တော်မူသည်။"

စသည်ဖြင့် ဗျာဒိတ်စကား မိန့်ကြားတော်မူခဲ့လေသည်။

ဗုဒ္ဓမြတ်စွာ၏စကားဟူသည် မှားသည်ဟူ၍ မရှိစကောင်း၊ ဗျာဒိတ် စကားအတိုင်း ကေန်အမှန် ဖြစ်ကြသည်သာ။ သူတော်စင်တို့ သတိရှိကြပါကုန်။

ဤကျိုက်ပေါလော ဘုရားသမိုင်းကို ဖတ်ရှုရင်း ကေလာသ၊ ကျိုက်ထီးရိုး၊ ကျိုက္ကလွန်ပွန်း၊ ရွှေတိဂုံ၊ ဇင်းကျိုက်၊ စွဲကပင်-စသည့် ဆံတော်ရှင်များ၏ သမိုင်းနောက်ခံ အကျဉ်းချုပ်ကို ဖတ်ရှုရမည်ဖြစ်သောကြောင့် ဗုဒ္ဓဘာသာဝင်တို့အတွက် အကျိုးတရားပွားများ လာနိုင်မည် ဖြစ်ပါသည်။ ထို့ကြောင့်လည်း ကျိုက်ပေါလော ဘုရားသမိုင်းတစ်စောင်ကို အမြန်ဆုံး ရေးသားဖော်ထုတ်လိုသော ဆန္ဒသည် ကျိုက်ပေါလော ဂေါပကအဖွဲ့နှင့်တကွ ရဟန်း, ရှင်, လူ-များအတွင်း ပေါ်ပေါက်ခဲ့ရသည့်အတိုင်း **ဤကျိုက်ပေါလော ဘုရားသမိုင်း**ကို ဦးစိုးနိုင်(စိုးရာဇာ)အား တာဝန်ယူ ရေးသားပြုစုစေရခြင်း ဖြစ်ပါသည်။

ဤဘုရားသမိုင်း စာအုပ် ရိုက်နှိပ်ခြင်း၏ အကျိုးအမြတ်သည် တစ်ဦးတစ်ယောက်၏ အကျိုးစီးပွား မဟုတ်ပါ။ ကျိုက်ပေါလော မုဲ့ရှင်တော်ဘုရား ပြုပြင် မွမ်းမံရန်အတွက် ဝယ်ယူဖတ်ရှုသူများ၏ ကုသိုလ်ဒါနသာ ဖြစ်ပါသည်။

**ကျိုက်ပေါလောဘုရား ဂေါပကအဖွဲ့**
**ကျိုက်ထိုမြို့**။

၁၃၅၆-ခုနှစ်၊ ကဆုန်လ။
၁၉၉၄-ခုနှစ်၊ မေလ။

## ဂေါပကအဖွဲ့၏ အဓိဋ္ဌာန်

ဘုရားဘဏ္ဍာ
ငွေ ဥစ္စာကို
ပမာ အဆိပ်
မှတ်ယူပိမ့်၏။
သင့်ရာမသိ
စားသုံးမိက
ရဲသည့်သံပူ
ဝါးမျိုဟူ၏။
အဆိပ် သံပူ
စွဲမှတ်ယူ၍
ကြည်ဖြူသဒ္ဓါ
သာသနာကျိုး
ဆတက်တိုးအောင်
သယ်ပိုး ရွက်ဆောင်ပါလေမည်။

* * * * *

# သမိုင်းပြုစုသူ၏ အစီရင်ခံစာ

ကျွန်တော်သည် ထေရဝါဒ ဗုဒ္ဓဝါဒ အကြောင်းနှင့် ဆံတော်ရှင်, ဓာတ်တော်ရှင်–ဘုရားစေတီတော်များ အကြောင်း ရေးသားဖော်ပြရသောကြောင့် အလွန်ကြည်နူး နှစ်သက်ရပါသည်။ ဤကျိုက်ပေါလောသမိုင်းကို ရေးသားရာတွင် ကမ္ဘာ့သမိုင်း, မြန်မာ့သမိုင်း, ရာဇဝင်, မဟာဝင်, ဗုဒ္ဓဝင်–တို့နှင့် ယခင်ကရှိနှင့်ပြီးသော ဘုရားသမိုင်းအထောက်အထား အတော်များများကို ရှာဖွေ ဖတ်ရှု ကိုးကားထားပါသည်။ ကျိုက်ထိုမြို့နေ ဒေသခံ သက်ကြီးစကား အချို့ကိုလည်း အခြေခံခဲ့ပါသည်။ ကျိုက်ထိုမြို့တွင် နေထိုင်ခဲ့သော နှစ်ပေါင်းလေးဆယ်အတွင်း မျက်မြင်ကိုယ်တွေ့ အခြေအနေတို့ကိုလည်း အခြေခံခဲ့ပါသည်။ သို့သော် ကျွန်တော်၏ ကျိုက်ပေါလော ဘုရားသမိုင်းသည် ကောင်းမွန်ပြီးပြည့်စုံပြီဟု မဆိုနိုင်ပါ။

မည်သို့ပင်ဆိုစေ ထေရဝါဒဗုဒ္ဓသာသနာတော်၏ ရင်းမြစ်နှင့် သုဝဏ္ဏဘူမိ–သထုံမြို့ဟောင်းအကြောင်း၊ ကျိုက်ပေါလော မုံ့ရှင်တော်ဘုရားအကြောင်းတို့ကို စာဖတ်သူတို့ သိရှိနားလည်ပြီး ကုသိုလ်အထောက်အပံ့ ပြုနိုင်သည်ဟုဆိုလျှင် ဤသမိုင်းကို ရေးသားရကျိုးနပ်သည်ဟု ယူဆယုံကြည်ပါသည်။

ရတနာသုံးပါးနှင့် မိဘ, ဆရာ–အနန္တ ငါးဖြာ ဂုဏ်မဟာကို သိမြင်ရိုကျိုး လက်စုံမိုး၍ ရှိခိုးပူဇော် ဖူးမြော်မာန်လျှော့ ကန်တော့လျက် ဤသမိုင်းကို ရေးသားပြုစုပါ၏။

**စိုးရာဇာ**
ကျိုက်ထိုမြို့။

# တတိယအကြိမ်အမှာစာ

ဘုရား၊ တရား၊ သံဃာ၊ ရတနာသုံးပါးနှင့်တကွ၊ မိဘ ဆရာသမားတို့ကို ဆယ်ဖြာလက်စုံ ကြာပဒုံဖြင့် ရိုသေစွာ ရှိခိုး ကန်တော့ပါသည်။

ကျွန်တော်သည် ကျိုက်ပေါလော မုံ့ရှင်တော်ဘုရားဘဏ္ဍာ တော်ထိန်း ဂေါပကအဖွဲ့၏ တာဝန်ပေးချက်အရ ပထမအကြိမ် ဘုရားသမိုင်းကို ရေးသားပြုစုပေးခဲ့ရာ သမိုင်းဆိုင်ရာ အတွေးအခေါ် အယူအဆအမှားအယွင်းများ ရှိကောင်းရှိခဲ့နိုင်ပါသည်။ "ကျိုက်ပေါ လော ဘုရားသမိုင်းသည် ကောင်းမွန်ပြီး ပြည့်စုံပြီဟု မဆိုင်နိုင်ပါ"ဟု ဝန်ခံခဲ့သူဖြစ်ပါသည်။

ယခုဒုတိယအကြိမ် ပြင်ဆင်ဖြည့်စွက်၍ တတိယအကြိမ် ထုတ်ဝေသောအခါ အယူအဆ အမှားအယွင်းတို့ကို ပယ်ဖျက်၍ အမှန်ဖြစ်အောင် အတတ်နိုင်ဆုံး ကြိုးစားပြင်ဆင် ဖြည့်စွက်ထား ပါသည်။

သမိုင်းအတွက် စေတနာကောင်းဖြင့် လမ်းညွှန်ပေးခဲ့သော ကျိုက်ပိတောရကျောင်း ဆရာတော်ဦးသာသနရက္ခိတ အရှင်မြတ် ကိုလည်းကောင်း၊

ဒုတိယအကြိမ် ပြင်ဆင်ဖြည့်စွက် ရိုက်နှိပ်ခြင်းတွင် ကူညီ ဆောင်ရွက်ပေးသော "စာရေးဆရာမသီရိနှင့် ဆရာဦးသောင်းလွင်" တို့အားလည်းကောင်း စာရေးသူက ကျေးဇူးအထူးတင်ရှိပါသည်။

**(စိုးနိုင်)**

အထက်တန်းပြဆရာ

အ–ထ–က(၁)ကျိုက်ထို။

# ကျေးဇူးတင်လွှာ

ဤသမိုင်းစာအုပ် ဒုတိယအကြိမ် ရိုက်နှိပ်ရေးအတွက် အဘက်ဘက်မှ အားပေးကူညီခဲ့ကြသော ရဟန်းရှင်လူများနှင့်အတူ

(၁) သမိုင်းအချက်အလက်များကို ခုနှစ်–သက္ကရာဇ်နှင့်တကွ ရေးသားပေးပို့ခဲ့သော အိန္ဒိယပြည် ဘီဟာပြည်နယ် နာလန္ဒာ တက္ကသိုလ်မှ ဒေါက်တာမွှေ့စာရ(အမ်–အေ ပီအိတ်ချ်ဒီ) အားလည်းကောင်း၊

(၂) သမိုင်းပြုစုရာတွင် ကျမ်းကိုးများနှင့် အချက်အလက်များ ကို ဝိုင်းဝန်းကူညီ စုဆောင်းပေးခဲ့သော (သွန်းဘုရားကြီး ဂေါပကအဖွဲ့ဝင်) သမဝါယမဦးစီးဌာနမှ ဦးဉာဏ်ဦးအား လည်းကောင်း၊

(၃) အံ့ဖွယ်ခုနစ်ပါးနှင့် ကျိုက်ပေါလော သမိုင်းစာတမ်းကို ပေးအပ်လာသော အငြိမ်းစား ကျောင်းအုပ်ဆရာကြီး (ကျိုက် ထီးရိုး ဂေါပကအဖွဲ့ဝင်) ဦးအောင်သိန်းအားလည်းကောင်း၊

(၄) အထူးအားဖြင့် ဤသမိုင်းဖြစ်မြောက်အောင် စေတနာ ထက်သန်စွာဖြင့် အဓိကတာဝန်ယူ၍ ရေးသားပြုစုပေးခဲ့ သော ကျိုက်ထိုမြို့ အမှတ်(၁)အခြေခံပညာ အထက်တန်း ကျောင်းမှ ဆရာဦးစိုးနိုင်(စိုးရာဇာ) မြို့နယ်စာပေနှင့် စာ နယ်ဇင်းအဖွဲ့ အမှုဆောင်အားလည်းကောင်း၊

(၅) ယင်းစာမူကို ဝိုင်းဝန်းဖတ်ရှုပေးသော ကျိုက်ထိုမြို့နယ် စာပေနှင့် စာနယ်ဇင်းအဖွဲ့ဝင်များအားလည်းကောင်း၊

(၆) စာမူအဆင့်မှ စာအုပ်ဖြစ်သည့်တိုင် တာဝန်ယူတည်းဖြတ် ပြင်ဆင် ဆောင်ရွက်ပေးသော စာရေးဆရာမ သီရိအား လည်းကောင်း၊ များစွာကျေးဇူး ဥပကာရတင်ရှိကြောင်း မှတ်တမ်းတင် ဖော်ပြအပ်ပါသည်။

**ကျိုက်ပေါလောဘုရား ဂေါပကအဖွဲ့**
**ကျိုက်ထိုမြို့။**

# ဘုရားတည်ရာ ကျိုက်ထိုမြို့အကြောင်း သိကောင်းစရာများ

## ကျိုက်ထိုမြို့ နောက်ခံသမိုင်း

'ကျိုက်ထို'နှင့် ပတ်သက်၍ နောက်ခံသမိုင်းကြောင်းကို လိုက်လျှင် ဓေ့စေ့တွေး ရေးရေးပေါ် ဖြစ်လာရချေသည်။ ကျိုက်ထိုကို ရှေးက 'ကျိုက်ထော်'ဟု ခေါ်ကြောင်း၊ နောက်မှ 'ကျိုက်ထုံ'ဟု တွင်လာပြီးမှ 'ကျိုက်ထို' ဖြစ်လာသည်ဟု ဆိုသည်။

ကျိုက်ထိုဟူသည် မွန်စကားမှ ဆင်းသက်လာသော မြန်မာ အသံထွက်ဖြစ်သည်။ ထိုစကားနှစ်ရပ်လုံး၏ ရင်းမြစ်ကိုလိုက်လေသော် အနက်အဓိပ္ပာယ် ကျယ်ဝန်းများပြားကြောင်း တွေ့ရပေသည်။

ကျိုက်=ဟူသောစကားမှာ မွန်စကား 'ကျော်'ဖြစ်၍ ဘုရား (သို့မဟုတ်)နတ်ဟု အဓိပ္ပာယ်ရသည်။ မွန်လူမျိုးတို့သည် မိမိတို့ ကိုးကွယ်ရာ အထွတ်အမြတ်ထားရာကို ကျော် အရှေ့ကထည့်သုံး ကြလေ့ရှိသည်။ ကျော်-ကို မြန်မာတို့က 'ကျက်-ကျတ်-ကျိုက်-ကျောက်'ဟု အသံပြောင်း၍ သုံးစွဲကြသည်။ အသရေစောင့်နတ်ကို ကျက်သရေဟူ၍ ကျက်-အသံထွက်ဖြင့်လည်းကောင်း၊ 'ကျတ်ခေါက် ကျက်ပွန် ကျတ်သလွန် မွန်တို့ဝေါဟာရ' 'သံလျင်မြို့မြတ် ထောင် မတ်မတ် ကျတ်ခေါက်ဘုရားရှင်'၊ 'သီတာရစ်ပတ် ပင်လယ်ထွတ် ကျတ်ခမိရှင်ပင်'ဟူ၍ ကဝိလက္ခဏာ သတ်ပုံတွင် စပ်ထုံးပြသကဲ့သို့ ကျတ်ခေါက်၊ ကျတ်ပွန်၊ ကျတ်သလွန်၊ ကျတ်ခမိ စေတီတော်များတွင် ကျတ်-အသံထွက်ဖြင့်လည်းကောင်း၊ ကျိုက်ထီးရိုး၊ ကျိုက္ကဆံ၊ ကျိုက်

ကလို့၊ ကျိုက်သံလန်စသော စေတီများတွင် ကျိုက်–အသံထွက်ဖြင့်လည်းကောင်း၊ တစ်ခါတစ်ရံ ကျောက်ပိုင်းမှာကဲ့သို့ ကျောက်–အသံထွက်ဖြင့်လည်းကောင်း ပြောဆိုနေကြပေသည်။ မြန်မာနိုင်ငံအောက်ပိုင်းတွင် ကျိုက်လတ်၊ ကျိုက်ပိ၊ ကျိုက်ထော်၊ ကျိုက်ထို၊ ကျိုက်မရောစသည်ဖြင့် ကျိုက်–ပါသော မြို့ရွာအမည် အများအပြားရှိလေသည်။

ထို့ကြောင့် ကျိုက်–၏ အဓိပ္ပာယ်မှာ ဘုရား(သို့မဟုတ်)နတ်ဟူ၍ ဖြစ်ပေသည်။ ထို=ဟူသော ဝေါဟာရမှာလည်း မူလက 'ဓမ္မ'ဟူ၍ ဖြစ်သည်။ ဓမ္မမှ ဓမ်, ဓုမ်, ဓုံ, ထုံ, ထို–ဟူ၍ ပြောင်းလဲလာကြောင်း ယူဆရသည်။ သထုံ–ဟူသော အခေါ်အဝေါ် ဖြစ်ပေါ်လာပုံနှင့်ပတ်သက်၍ ရာဇဝင်တစ်စောင်တွင် ဤကဲ့သို့တွေ့ရ၏။ 'ကေလာသတောင်အနီးတွင် သုဓမ္မဝတီခေါ် သုဓမ္မပူရမြို့ကို တည်ပြန်သည်။ ယင်း သုဓမ္မ–မှ ရွေ့လျောလာပြီး သုဓမ်, သုဓုံ, သဓုံ, သထုံ–ဖြစ်လာသည်ဟု ဆို၏။

တစ်နည်းလည်း သုဝဏ္ဏဓုံ (ကောင်းသော အဆင်းရှိသောမြို့)၊ ထိုမှ ဝဏ္ဏကိုချ၍ သုဓုံ(ကောင်းသောမြို့)၊ ထိုမှ ရွေ့လျော၍ သထုံဖြစ်လာကြောင်း ယူဆကြသည်။ 'ပုဂံမြို့ မန္တဟာကျောက်စာတွင် သီရိတြိ ဘဝနာ ဒိတျ ဝပရ သုဓမ္မရာဇာ မန္တဟာမည်သော သဓုံမင်းကြီး'ဟု ရေးထားသည်ကို တွေ့ရသည်။

တစ်ဖန် ပဲခူးကလျာနီကျောက်စာပါဋ္ဌိဒ္ဓ မြန်မာပြည်တွင်လည်း 'ထိုအခါဌ္ဌ သုဓုံပြည့်ရှင် မဟာသီရိမာသောကမင်းကြီးသည်' စသည်ဖြင့် သုဓုံပြည်ဟု ခေါ်ဝေါ်သုံးစွဲကြောင်း သိရပြန်သည်။

တစ်ဖန် သုဝဏ္ဏဘူမိမြို့ဟောင်း (ရက္ကန်းသည်မရွာ)အနီး

တွင် ပိုင်ခံဟူသော ရွာတစ်ရွာရှိလေရာ မူလက ပိုင်ခုံဟု ခေါ်ကြောင်း၊ ပိုင်–မှာ အဝင်အဝ၊ ခုံ=မှာ မြို့ဟု အဓိပ္ပာယ်ရပြီး မြို့အဝင်အဝဟူ၍ ဖြစ်သည်။ တစ်နည်းလည်း သုဝဏ္ဏဘူမိမြို့တံခါး အဝင်အဝ–ဟု အဓိပ္ပာယ်ထွက်လေ၏။

ထို့ကြောင့် ခုံ=ဟူသည်မှာ မြို့ကို ခေါ်ကြောင်း သိသာပါသဖြင့် ခုံ–မှ ရွေ့လျောလာသော ထုံ–သည်လည်းကောင်း၊ ထို–သည် လည်းကောင်း 'မြို့'ဟု အဓိပ္ပာယ်ရကြောင်း ယူဆရပါသည်။

ထို့ကြောင့် ကျိုက်ထို၏ အဓိပ္ပာယ်မှာ ကျိုက်=မှာ ဘုရား၊ ထို=မှာ မြို့=ဘုရားမြို့ ဖြစ်လေသည်။ တစ်နည်း ဘုရားပေါ်သောမြို့ ဖြစ်သည်။

ကျိုက်ထိုဟု ခေါ်ဝေါ်နေသောစကားကို တစ်နည်းအားဖြင့် အဓိပ္ပာယ်ဖွင့်လျှင် အောက်ပါအတိုင်းအဓိပ္ပာယ်ရပေသည်။

ကျိုက်ထိုကို ရှေးအခါက မွန်ဘာသာဖြင့် ကျိုက်ထောဟု ခေါ်သည်။

ကျိုက် = ဘုရား

ထော = ရွှေ

ကျိုက်ထော = ရွှေဘုရားဟု အဓိပ္ပာယ်ရ၏၊ "ကျိုက်ထော–မှ ကျိုက်ထုံ, ကျိုက်ထို"ဟု ကာလရွေ့လျားကာ အမည်တွင်လာခြင်း ဖြစ်သည်။

ကျိုက်ထော(ကျိုက်ထို)ဟူသည် ရွှေဘုရား၊ ရွှေရုပ်ပွား၊ ရွှေဆင်းတု၊ ရွှေစေတီစသည်ဖြင့် အဓိပ္ပာယ်ပေါက်ပါသည်။ တစ်နည်း အားဖြင့် ရွှေချထားသော ဘုရား၊ (သို့မဟုတ်) ရွှေရောင်ဝင်းနေသော

ဘုရားဟုလည်း ယူဆနိုင်ပါသည်။

" ကျိုက်ထို " ဟူသော အမည်နာမမှာ ရွှေရောင်ဝင်းနေသော ဘုရားကိုအစွဲပြု၍ ဖြစ်ပေါ်လာပြီး၊ ကျိုက်ထို၏ အတိတ်ကာလမှာ ကြီးကျယ်ထင်ရှားသော ရွှေဘုရားရှိခဲ့ရမည် ဧကန်သာဖြစ်ပါ၏။

ယခု ဖူးမြင်နေရသည့် ကျိုက်ပေါလောဘုရားကိုပင် ရွှေဘုရားဟု ခေါ်ဝေါ်ခဲ့လေသလား၊ ကျိုက်ပေါလောဘုရားမရောက်ရှိမီကပင် ကျိုက်ထိုဆိုသော အရပ်သည် အမည်ထင်ရှားကျော်ကြားနေပြီလားဟု တွေးတောမိပါ၏။

ကျိုက်ထိုမြို့အနီးတွင်လည်း ကျိုက်ပိဟုခေါ်သော ရွာကြီးတစ်ရွာရှိသည်။ ထိုရွာတွင်လည်း ဘုရားစေတီ ပေါများသည်ကို တွေ့ရ၏။ ကျိုက်ပိနှင့် ကျိုက်ထိုအကြားရှိ ဖက္ကလိပ်ကျေးရွာတွင်ကား ရှေးဟောင်းမြို့ရိုးများကို တွေ့ရလေသည်။ ၎င်းမြို့ရိုးကို သုဝဏ္ဏဘူမိမြို့တော်၏ အပြင်ဘက် မြို့ရိုးများဖြစ်ကြောင်းဆိုကြသည်။ အမှန်မှာ ကျိုက်ထိုမြို့သည် သုဝဏ္ဏဘူမိ မင်းနေပြည်တော်အတွင်း (သို့မဟုတ်) အပြင်ဘက်မြို့တစ်မြို့ ဖြစ်နိုင်လေသည်။ အဘယ်ကြောင့်ဆိုသော် သုဝဏ္ဏဘူမိ သထုံမြို့ဟောင်း (ရက္ကန်းသည်မ/ဝင်းကရွာ)တို့နှင့် အလွန်နီးကပ်သောကြောင့်ဖြစ်၏။ တောင်ကျောကုန်းလမ်းဘက်ကဆိုလျှင် မြေချင်းဆက်နေပြီး ဖြတ်လမ်းကဆိုလျှင် ကျိုက်ထိုပြီးလျှင် ဖက္ကလိပ်၊ ကျိုက်ပိ၊ သိမ်ငူ၊ ၎င်းမှလယ်ကွင်းပြင်ကို သုံးမိုင်မျှဖြတ်က ရက္ကန်းသည်မ၊ ဝင်းက–ရွာသို့ ရောက်လေ၏။ ၎င်းလယ်ကွင်းနေရာသည် ယခင်က ပင်လယ်ဟောင်းနေရာဖြစ်ပေ

မည်။ ကျိုက်ထိုမြို့ ကျိုက်ပေါလော ဘုရားဝင်းဘက်မှကြည့်လျှင် ကေလာသတောင်တန်းကြီးနှင့် ကေလာသစေတီတော်ကြီးကို တွေ့မြင်ရပါသည်။ ၎င်းတောင်ခြေရင်းတစ်ဝိုက်သည် သုဝဏ္ဏဘူမိမြို့ဟောင်း ပင် ဖြစ်လေသည်။

အချို့သမိုင်းတွင် ကျိုက်ထိုမြို့အကြောင်းကို ဤသို့ဖော်ပြကြသည်။ ဟံသာဝတီ(၃၂)မြို့နယ်တွင် ပါဝင်ခဲ့သည်။ စစ်တောင်းနှင့်ကျိုက္ကသာ (အသားမြို့)တို့သည် မြို့အဖြစ် ထင်ရှားနေချိန်တွင် အနီးဝန်းကျင်ရှိ ကျိုက်ထိုသည် မြို့လော–ရွာလောဟူ၍ ကွဲကွဲပြားပြား မသိရပေ။ သို့သော် ရှေးဟောင်းစာတစ်စောင်တွင် မွန်လူမျိုးများသည် ပင်လယ်ကမ်းခြေအရပ်၌ မြို့ရွာတည်ထောင်နေလာရာက တဖြည်းဖြည်း လူနေအိမ်ခြေများလာသည့်အခါ မင်းမျိုးမင်းနွယ်ဖြစ်သော ဗုဒ္ဓ–ကို မင်းအဖြစ် တင်မြှောက်ကြ၏။ ဗုဒ္ဓမင်းက ဟံသာဝတီ (၃၂)မြို့နယ်နှင့် မုတ္တမ(၃၂)မြို့နယ်တည်ရှိစဉ်ကာလက ၎င်းမြို့နယ်များ စာရင်းတွင် မပါဝင်သော်လည်း ကျိုက်ထုံ(ယခုကျိုက်ထို)မြို့ကို စားရသူဖြစ်ကြောင်း သိရ၏။ ထိုမင်းလက်ထက်တွင် သာသနာတော် စည်ပင်တိုးတက်ပြီး ယင်းနောက်ပိုင်း မင်းသား မောင်ဂုံ၊ ဒိုင်းဝန်၊ ပုလဲဝန်မင်းသားတို့က အုပ်ချုပ်ခဲ့သည်။ နောက်ပိုင်းမြို့ရွာ မငြိမ်သက်၍ မြို့ပျက်စီးခဲ့ရသည်။ ယခုအခါ ကျိုက်ထိုမြို့အနီး ဖက္ကလိပ်ကျေးရွာတွင် မြို့ရိုး အစိတ်အပိုင်းအချို့ကိုတွေ့ရ၍ မြို့ဖြစ်ခဲ့သည်ဟု ယူဆရသော်လည်း မြို့သက်တမ်း တိုတောင်းခဲ့သဖြင့် မထင်မရှား ဖြစ်ရသည်ဟု ယူဆကြသည်။

ကျိုက်ထိုကို ရှေးက ကျိုက်ထော်၊ နောက် ကျိုက်ထုံခေါ်

လာပြီးမှ ကျိုက်ထိုဖြစ်လာသည်ဟုဆိုသည်။ အမှန်မှာ ဟံသာဝတီ (၃၂)မြို့နယ်၊ မုတ္တမ(၃၂)မြို့နယ်စာရင်းတွင် မပါဝင်ခဲ့သဖြင့် နောက်ပိုင်းမှ ကျိုက်ထိုမြို့ဟူ၍ ပေါ်ပေါက်လာရသည် မဟုတ်ပေ။ ရှေးယခင်ကပင် ကျိုက်ထိုသည် ရှိနှင့်ပြီးဖြစ်သည်။ ကြီးကျယ်ထင်ရှားသော သုဝဏ္ဏဘူမိမြို့တော်နားကပ်နေ၍ ကျိုက်ထိုအမည်ဖြင့် သီးခြားထင်ပေါ်ကျော်ကြားခြင်းမရှိခဲ့ပေ။ ဥပမာ မြန်မာနိုင်ငံ၏ မြို့တော်ရန်ကုန်မြို့ကြီးအနီးရှိ မြို့တစ်မြို့မြို့သည် ရန်ကုန်မြို့ကြီးလောက်အမည်မကျော်ကြား မထင်ရှားသကဲ့သို့ ဖြစ်ပေသည်။

ဗုဒ္ဓမြတ်စွာ ရှစ်ဝါမြောက် ကြွလာတော်မူချိန်က ရရှိထားသော ဆံတော်ကို ကျိုက်ထိုမြို့အနီး ပေါင်းလောင်း တောင်ထိပ်တွင် ကျိုက်ထီးရိုးဆံတော်ရှင်ကို တည်ထားကိုးကွယ်ခဲ့သည်။ သောဏထေရ် ဥတ္တရထေရ်တို့ ကြွလာပြီး သာသနာပြုချိန်ကလည်း ရှင်သီရိမာသောကမင်းက ဗုဒ္ဓ၏ သွားတော်ဓာတ်တစ်ဆူကို ဌာပနာပြီး ကျိုက်ထိုစေတီတော်သို့ လာရောက်တည်ထားပေးခဲ့၏။ သောဏ, ဥတ္တရထေရ်တို့ကလည်း မောရတောင်တွင် ဆံတော်ဓာတ်မြတ်သုံးဆူကို ဌာပနာပြီး ကျောက်စေတီငယ် သုံးဆူကို တည်ထားကိုးကွယ်ခဲ့၏။

ထို့ကြောင့် ဘုရားသုံးဆူတောင်ဟု ယခုတိုင် တွင်လေ၏။ သုဝဏ္ဏဘူမိဘုရင် ရှင်သီရိမာသောကမင်းသည် ဗုဒ္ဓသွားတော်ဓာတ်မြတ်(၃၃)ဆူကို စေတီတော်(၃၃)ဆူတွင် တည်ထားကိုးကွယ်ရခြင်းကို တင်းတိမ်ရောင့်ရဲခြင်းမရှိဘဲ သောဏနှင့် ဥတ္တရ အရှင်မြတ်နှစ်ပါးအား ပါဋလိပုတ် နေပြည်တော်ရှိ အာသောကမင်းတရားထံ သွားတော်များကို တောင်းပေးရန် လျှောက်ထားရာ အရှင်နှစ်ပါးသည်

မိမိတို့နှင့်အတူပါလာသည့် အရှင်အနုရုဒ္ဓါတွင် အကြီးဆုံးဖြစ်သော အရှင်ကိသာဂုတ္တကို အကြီးအမှူးပြု၍ တွံတေး ဒလသား ရှင်တိက္ခပညာ၊ ရှင်သာဂရပညာ၊ ကျိုက်ထိုသား ရှင်ဗုဒ္ဓဉာဏ၊ ဇင်းကျိုက်သား ရှင်တိဿ၊ ဒိန်မယ်သား ရှင်အတိရ၊ မော်လမြိုင်သား ရှင်သုဒ္ဓတို့ကို အိန္ဒိယပြည် ပါဋလိပုတ်နေပြည်တော်သို့ စေလွှတ်၍ တောင်းခံစေသည်။

ထိုအကြောင်းအချက်တို့ကြောင့် ကျိုက်ထိုသည် သုဝဏ္ဏဘူမိ မြို့တော်နှင့် မရေးမနှောင်း ပေါ်ပေါက်နေပြီဖြစ်ကြောင်း ယူဆ၍ ရပါသည်။

သာသနာတော်နှစ် (၈၀၃)ခုနှစ်ရောက်မှ ကျိုက်ထိုမြို့ကို ဗျဉ္ဆမင်းက တည်ထောင်သည်မှာ စဉ်းစားစရာဖြစ်သည်။ စူဠသိရိမာသောကမင်းနှင့် သောဏ, ဥတ္တရထေရ်တို့ ကျိုက်ထိုစေတီဟု လာရောက်တည်ထားချိန်သည် သာသနာတော်နှစ်(၂၃၆)ခုနှစ် အလွန်တွင်ဖြစ်၏။ ထို့ကြောင့် နှစ်ပေါင်းကြာသြောင်းပျက်စီး တိမ်ကောခဲ့ရသော ကျိုက်ထိုကို ဗျဉ္ဆမင်း လက်ထက်ရောက်မှ ပြန်လည် တည်ထောင်ခြင်းသာ ဖြစ်နိုင်ပေသည်။

မျောလေးမျောသမိုင်း အပါအဝင် ကျိုက်ပေါလောဘုရားသမိုင်းကို ရေးမှသာလျှင် ကျိုက်ထိုမြို့၏ အတိတ်သမိုင်းလည်း ပေါ်လွင်ရခြင်း ဖြစ်ပါသည်။ သီဟိုဠ်(သီရိလင်္ကာ)မှ ဇေဒဝါနံပိယတိဿမင်းကြီးက အဓိဋ္ဌာန်ဖြင့် မျှောတော်မူလိုက်သော ရုပ်ပွားတော်လေးဆူတို့သည် သာသနာနှစ် (၂၃၆)ခုနှစ်လောက်က တစ်ချိန်တည်း မျောပါကြွချီတော်မူလာရခြင်း ဖြစ်သော်လည်း ထိုရုပ်ပွားတော်တို့

ရောက်ရှိစံပယ်ရာ မြို့ရွာဒေသတို့က တွေ့ရှိ တည်ထားကိုးကွယ်သည့် အချိန်ကာလချင်း မတူညီဟု ဆိုရပေမည်။ ကျိုက္ခမီဘုရားသမိုင်းတွင်ကား 'တုံခေါင်းပိမြို့သို့ ဆိုက်ရောက်လာသော ရုပ်ပွားတော်သည် ရှေးမင်းများက ဆံတော်(၁၁)ဆူ ဌာပနာ၍ တည်ထားခဲ့သော ကေဒသ စေတီတော်တည်ရှိရာ ရေလယ် ကျောက်ဆောင်အနီးသို့ ဆိုက်ရောက်လာပေသည်။ မြို့သူမြို့သားအပေါင်းတို့သည် ရုပ်ပွားတော်မြတ်ကို အမျိုးမျိုး ကြိုးစား ပင့်ဆောင်ကြသော်လည်း ရုပ်ပွားတော်သည် ရွေ့လျားခြင်းမရှိပေ။ နောက်ဆုံး ငါးပါးသီလကို ခါးဝတ်ကဲ့သို့ မြဲမြံအောင် စောင့်ထိန်းသော မုဆိုးမတစ်ဦးက အဓိဋ္ဌာန်ဖြင့် ပင့်ဆောင်သောအခါမှ ရုပ်ပွားတော်သည် ကေဒသ စေတီရင်ပြင်တော်သို့ သာသနာနှစ်(၂၃၇)ခုနှစ်၊ နတ်တော်လဆန်း (၁၅)ရက်နေ့တွင် ကြွတော်မူလေသည်'ဟု တွေ့ရသည်။

ထို့ကြောင့် ကျိုက်ထိုမြို့ အတိတ်သမိုင်း (ဝါ) နောက်ခံသမိုင်းကြောင်းကား ကြီးမားကျယ်ပြန့်လှသည်။ မြန်မာနိုင်ငံတွင် ဗုဒ္ဓသာသနာ စတင်ထွန်းကားခဲ့ရာ သုဝဏ္ဏဘူမိမြို့တော်နှင့် မြေချင်းထိစပ်နေသော ကျိုက်ထိုသည်လည်း ဗုဒ္ဓသာသနာတော် စည်ပင်ထွန်းကားခဲ့ရာအရပ် ဖြစ်ခဲ့သည်။

ကျိုက်ထိုသည် သုဝဏ္ဏဘူမိမြို့တော်နှင့် တစ်ဆက် တစ်စပ်တည်း ထိကပ်နေသောကြောင့် စည်ကားအတူ ပျက်စီးလည်း အတူဖြစ်ခဲ့ဟန်ရှိကြောင်း ယုံကြည်ရသည်။ ထီးနန်း မြို့ပြ ကြီးကျယ်ခမ်းနားစွာ တည်ဆောက်ထားသော မြို့ပြတစ်ခု မဟုတ်ဘဲ မြို့စားရွာစားတို့မှ တစ်ဆင့်ခံအုပ်ချုပ်သော အရပ်ဒေသ ဖြစ်ခဲ့ဟန်ရှိ၏။

ရွှေတိဂုံဘုရားသမိုင်း၊ ရွှေမောဓောဘုရားသမိုင်း၊ ကျိုက်ခေါက်ဘုရားသမိုင်း၊ ကျိုက်ထီးရိုးဘုရားသမိုင်း၊ ကျိုက်သံလန်ဘုရားသမိုင်း၊ စသည့် ဘုရားသမိုင်းတို့ကို ကြည့်လျှင် သုဝဏ္ဏဘူမိမြို့တော်မှ ဘုရင်၏ တိုက်ရိုက်ကြီးကြပ် ကွပ်ကဲ အုပ်ချုပ်မှုအောက်တွင် ဟံသာဝတီ ပဲခူးမြို့စား၊ ပေါက္ခဝတီ ဒဂုံမြို့စား၊ သံလျင်မြို့စားစသည့် မြို့စား နယ်စားမင်းတို့က ဘုရားတည်ခြင်း မွမ်းမံခြင်း ပြုလုပ်ကြောင်း တွေ့ရသည်။

ကျိုက်ထိုမှာကား သုဝဏ္ဏဘူမိဘုရင်က တိုက်ရိုက်အုပ်ချုပ်ရာ နယ်ပယ်တစ်ခုဖြစ်၍ သုဝဏ္ဏဘူမိ ကောင်းစားစဉ်က ကျိုက်ထိုဟူ၍ သီးခြား ပေါ်လွင် ထင်ရှားခြင်းမရှိပေ။ ကျိုက်ထို၏ အရှေ့ဘက်သည် တောင်ကုန်းတောင်တန်းများ ဖြစ်နေပြီး အနောက်ဘက် အနောက်တောင်ဘက်တို့တွင် ပင်လယ်, မြစ်, ချောင်း ဝိုင်းပတ်နေဟန် အနေအထားရှိခဲ့သည်။ ကျိုက်ထိုမြို့အရှေ့ဘက် (၉)မိုင်အကွာ၌တည်ရှိသော ပေါင်းလောင်း တောင်ထိပ်တွင် ကျိုက်ထီးရိုးဆံတော်ရှင်စေတီတော်မြတ်ကို သုဝဏ္ဏဘူမိဘုရင် တိဿဓမ္မသီဟရာဇာမင်းက သွားရောက် တည်ထောင်ချိန်လောက်တွင် ကျိုက်ထို အနေအထားသည် အိမ်ခြေရွာခြေ စည်ကားစပြုလာပြီဟု ယုံကြည်ရသည်။

ကျိုက်ထီးရိုးဆံတော်ရှင်အတွက် ရသေ့ဦးခေါင်းနှင့် တူသော ကျောက်တုံးကို မဏိမေခလာနတ်သမီးက ရှာဖွေတွေ့ရှိ သယ်ဆောင်လာသောအခါ ကျိုက်ထိုမြို့ မောရတောင်ပေါ် (ယခု ဘုရားသုံးဆူတောင်) တွင် ကျောက်တုံးကြီးကို ခရီးတစ်ထောက် ချထား နားခဲ့ကြောင်း အဆိုရှိသည်။ ယခု ထိုနေရာ အထိမ်းအမှတ်

အဖြစ် ကျိုက်ထီးရိုးဘုရားပုံတူတစ်ဆူကို တည်ထားလေသည်။ ကျိုက်ထီးရိုးလေးဟု တွင်သည်။

ကျိုက်ထိုမြို့နယ်အတွင်း၌ ဗုဒ္ဓမြတ်စွာ၏ ဆံတော်၊ သွားတော်စသည့် ဘုရားစေတီများ ပေါများလှ၏။ ဘုရားသမိုင်းကြောင်းများမှာ သုဝဏ္ဏဘူမိမြို့တော်နှင့် တိုက်ရိုက် ဆက်စပ်နေသည်သာများပေသည်။ ထင်ရှားသော ကျိုက်ပေါလော ရုပ်ပွားတော်သည်ကား ဗုဒ္ဓသာသနာ ထွန်းကားရာ သီဟိုဠ်(သီရိလင်္ကာ)နိုင်ငံမှ သာသနာတော် သက္ကရာဇ်(၂၃၆)ခုနှစ်အလွန် ဘီစီ(၃)ရာစုလောက် အချိန်ကပင်လယ်ကြော မျောကြွလာသော ရုပ်ပွားတော် လေးဆူအနက်တစ်ဆူဖြစ်သည်။

ယင်းအချိန်ခန့်က အိန္ဒိယ၌ သီရိဓမ္မာသောကမင်း(ခေါ်)အသောကမင်း၊ သီဟိုဠ်၌ ဒေဝါနံပိယတိဿမင်း၊ သုဝဏ္ဏဘူမိ၌ ရာဇဓောဝေခေါ် စူဠသီရိမာသောကမင်းတို့ စိုးစံချိန်ဖြစ်၏။ တတိယသင်္ဂါယနာတင်အပြီး ကိုးတိုင်းကိုးဌာနသို့ သာသနာပြု စေလွှတ်တော်မူရာ သုဝဏ္ဏဘူမိနှင့် သီဟိုဠ်သို့လည်း သက်ဆိုင်ရာ သာသနာပြု ရဟန်းတော်များ ရောက်ရှိကြပြီး သာသနာရောင် နေလို,လ–လိုထွန်းပ လင်းလက်ချိန် ဖြစ်လေသည်။

ထို့ကြောင့် ကျိုက်ထိုမြို့ သမိုင်းနောက်ခံသည် အနားကပ်နေသော သုဝဏ္ဏဘူမိမြို့တော် သမိုင်းကြောင်းနှင့် ဆက်စပ်နေသည်။ ထိုသုဝဏ္ဏဘူမိ သမိုင်းကြောင်းကိုလည်း လေ့လာတင်ပြရမည်ဖြစ်သည်။ ထို့မှုမက သီရိဓမ္မာသောကမင်းအကြောင်း၊ ဒေဝါနံပိယတိဿမင်း အကြောင်းတို့ကိုလည်း ဖော်ပြရမည် ဖြစ်သည်။ ခေတ်ပြိုင်မင်းများဖြစ်ရုံမက နိုင်ငံတစ်ခုနှင့်တစ်ခု ဆက်သွယ်မှုရှိသောကြောင့်

နောက်ခံသမိုင်းကြောင်း ကွင်းဆက်များကို ရေးသားဖော်ပြရမည် ဖြစ်သည်။ သို့မှ ယထာဘူတ ကျလိမ့်မည်ဟု သဘောရပါသည်။

## ယနေ့ ကျိုက်ထိုမြို့နယ်

မွန်ပြည်နယ် တံခါး၀ စစ်တောင်းမြစ်ကူးတံတားကြီးကို ကျော်သည်နှင့် ကျိုက်ထိုမြို့နယ်သို့ ရောက်ရှိပေပြီ။

၀င်၀င်ချင်းမှာပင် သိမ်ဇရပ်မြို့ စစ်တောင်းစက္ကူစက်ကို ခံ့ညားစွာ မြင်ရတော့၏။ လှမ်းမြင်နေရသော ကျိုက်ထီးရိုးတောင်သည် ပြာရီမှိုင်းလျက်ရှိနေသည်။ ကျိုက်ထီးရိုးတောင်နှင့်အတူ ပေါင်းလောင်းတောင်၊ ဘုရားသုံးဆူတောင်၊ ကေလာသတောင်တို့ ကာဆီး၍ စစ်တောင်းမြစ်က ကွေ့ဝိုက်ကာ မြို့နယ်အလှကို အထင်အရှားပြသနေကြသည်မှာ လက်ရာမြောက်သော ပန်းချီကျော်တို့ပင် မှိုင်ငေးရလောက်အောင် သက်ဝင်လှပသည့် သဘာဝ ပန်းချီကားချပ်ကြီးပင် ဖြစ်တော့သည်။

ကျိုက်ထိုမြို့နယ်သည် ဗုဒ္ဓသာသနာ ပွင့်လန်းစည်ပင်ရာ ရေခံမြေခံကောင်းသော ဒေသဖြစ်၏။ တန်ခိုးကြီးဘုရားများဖြစ်သော ကျိုက်ထီးရိုးဆံတော်ရှင်ဘုရား၊ ကျိုက်ပေါလော မှဲ့ရှင်တော်ဘုရား၊ စစ်တောင်း ကျိုက္ကလွန်ပွန်းစေတီ၊ မဟာမုနိသွန်းဘုရားကြီး၊ ရွှေဘုံသာဘုရားများ စသည့်ဘုရားများ တည်ထားကိန်း၀ပ်ရာ ဖြစ်၏။

ဘုရားရှင်၏ ဓာတ်တော်၊ မွေတော်၊ ဆံတော်၊ သွားတော် ဓာတ်မြတ်များ ကိန်း၀ပ်သည့် စေတီပုထိုးများရှိရာ ကျိုက်ထိုမြို့နယ်သည် ဘုရားစေတီတို့ အရိပ်ကြောင့် အေးချမ်းသာယာ၏။ မပြော

ပလောက်သော မီးမရှိသေမှု အသေးအဖွဲ့ ဖြစ်ပွားသည်မှလွဲ၍ မီးအကြီးအကျယ်လောင်ကျွမ်းခံရမှုမရှိ။ ရေဘေး လေဘေးကင်း၏။ အန္တရာယ်အပေါင်းမှ အလိုလို ကာကွယ်ပေးပြီးသား ဖြစ်နေတော့သည်။

ရာမညတိုင်း မွန်တို့ဌာနီဖြစ်သော ကျိုက်ထိုမြို့နယ်မှာ မိုးလေဝသမှန်ကန် ညီညွတ်၏။ မြေဆီသြဇာကောင်း၍ ဆန်ရေစပါး ဖူလုံ၏။ စားပင် သီးပင်များ ဖြစ်ထွန်း၏။ ကြံစိုက်ခင်း၊ စပါးခင်း၊ ရာဘာစိုက်ခင်း၊ သီဟိုဠ်သရက် စိုက်ခင်း၊ ဆီအုန်းစိုက်ခင်း၊ ကိုကိုးစိုက်ခင်း၊ ကွမ်းသီး၊ ယူကလစ်စိုက်ခင်းများကို ရှုမျှော်၍ မဆုံးနိုင်အောင် ရှိတော့၏။

မွန်ပြည်နယ် အဝင်ဝဖြစ်သော ကျိုက်ထိုမြို့သည် မြန်မာပြည်တွင် ထေရဝါဒ ဗုဒ္ဓသာသနာနှင့် ထိတွေ့ပြီး ဦးစွာသက်ဝင်ယုံကြည်သော သုဝဏ္ဏဘူမိမြို့နှင့် တစ်ပြိုင်နက်လိုလို သာသနာထွန်းကားရာမြေ ဖြစ်လေသည်။

သာသနာ့မဏ္ဍိုင်ခိုင်မာခဲ့သော ကျိုက်ထိုမြို့နယ်တွင် ဘုန်းတော်ကြီးကျောင်း ပေါများလှ၏။ ကမ္မဋ္ဌာန်းတရားရှုပွားသူ(သေက္ခပုဂ္ဂိုလ်)တို့ ကိန်းအောင်း မွေ့လျော်ရာဒေသဖြစ်သော သေကျွတောင် ဆရာတော်ဦးတိလောက၊ ဘုရားသုံးဆူ ဆရာတော် ဦးနန္ဒမာလာကဲ့သို့သော ဆရာတော်များ ပေါ်ထွက်ခဲ့သည်။ နှစ်စဉ်မပျက် စာပြန်ပွဲများ ကျင်းပပေးနိုင်ခဲ့သည်။ လူဝတ်ကြောင်များ တရားအားထုတ်နိုင်ရန် မိုးကုတ်၊ ကသစ်ဝိုင် စသည့်တရားရိပ်သာစခန်းများလည်း ရှိသည်။

များပြားလှသော ဘုန်းကြီးကျောင်းများတွင် သီတင်းသုံးတော်မူသည့် သံဃာတော်အရှင်မြတ်များအတွက် ဆွမ်း ကွမ်း ဝေယျာဝစ္စ ဖူလုံစေရန် ထက်သန်သောစေတနာရှင်များ၏ လှူဒါန်းမှုက ကျိုက်ထိုမြို့နယ်၏ သဒ္ဓါတရားကို ထုတ်ဖော်ပြသကဲ့သို့ ရှိပေသည်။

မြန်မာပြည် တစ်ဝန်းလုံးရှိ ဗုဒ္ဓဘာသာဝင်တိုင်းလိုလို ကျိုက်ထိုမြို့နယ်ကို ရောက်ဖူး ခြေချဖူးကြသည်သာဖြစ်၏။ အဘယ်ကြောင့်ဆိုသော် ရှေးပဝေသဏီကပင် ထူးဆန်းအံ့သြ ကြည်ညိုဖွယ်ရာများဖြင့် တည်ထားသော ဆံတော်ရှင် ကျိုက်ထီးရိုးကို လာရောက်ဖူးမြော် ကြည်ညိုကြသူတို့ဖြင့် မပြတ်စည်ကားမှုကြောင့်ပင် ဖြစ်သည်။

ထိုနည်းတူ သရက္ခန်သား ရုပ်ပွားတော်မြတ် ဓာတ်တော်မွေတော်များ ဌာပနာထည့်သွင်း ထုလုပ်ထားသည့် ကျိုက်ပေါလောမဲ့ရှင်ဘုရားမှာလည်း ကျိုက်ထိုမြို့နယ်၏ ကျက်သရေဆောင်အဖြစ် အထင်အရှားတည်ရှိကာ ဖူးမြော်ရသူတို့ အထူးကြည်ညိုသဒ္ဓါ ပွားများချင်စရာပင် ဖြစ်တော့၏။ ထို့ပြင် အခြားအခြားသော ဘာသာရေးဆိုင်ရာ သာသနိက အဆောက်အအုံများလည်း ရှိ၏။

ရေမြေ တောတောင် သဘာဝအလှအပနှင့် စာရေးရိက္ခာ ဖူလုံပြည့်စုံသော ကျိုက်ဘိုမြို့နယ်သည် အရောင်းအဝယ် စည်ကားဖွံ့ဖြိုးသည့် ဒေသဖြစ်သည်။ သက်ရင့်တောင်များကြောင့် မြို့မြေမျက်နှာပြင်မှာ ကျောက်မြေနီများရှိကာ စိမ့်ရေစမ်းရေများ ကြည်လင်၏။ ရေချိုရေကောင်းများ ထွက်သည်။

မုပ္ပလင်ရွာအနီးရှိတောင်များကို ကျောက်မိုင်း ကော်ပိုရေးရှင်းမှ ကျောက်များ တူးဖော်နေ၏။ တူးဖော်ရရှိသော ကျောက်များမှာ

လမ်းခင်းရာတွင် အသုံးဝင်သော ကျောက်များဖြစ်ပေသည်။ ထို့ပြင် ဂဝံကျောက်များမှာ ကျိုက်ထိုမြို့နယ်၏ ထွက်ကုန်တစ်ခုဖြစ်သည်။

ကျိုက်ထိုမြို့နယ်မှာ အလုပ်အကိုင် ရှားပါးမှုမရှိ။ စားနပ်ရိက္ခာမဖူလုံသည်မရှိ။ အရောင်းအဝယ်လည်း ကောင်းမွန်၏။ ယင်းမြို့နယ်အတွင်း နေထိုင်သူအပေါင်း နှလုံးစိတ်ဝမ်း ချမ်းမြေ့ကြရလေသည်။

ကျိုက်ထိုမြို့နယ်သည် ပန်းချီကျော်တို့ အရှုံးပေးရလောက်အောင် သဘာဝအလှအပ ပြည့်စုံ၏။ တန်ခိုးကြီးဘုရားများ တည်ထားကိန်းဝပ်ရာ မြေလည်းဖြစ်သည်။

အဘယ်သူသည် ဤမျှ သာတောင့်သာယာ နှစ်သက်စရာကောင်းသောမြေမှာ မပျော်ပိုက်ဘဲရှိပါမည်နည်း။ ကျိုက်ထိုမြို့နယ်ဇာတိဖြစ်သူသည် မွေးရပ်မြေ ကျိုက်ထိုမြို့နယ်ကို မလွဲသာ ခွဲခွာရသည့်တိုင် ကြာကြာခွဲခွာ၍ ရမည်မထင်။

အင်အားကြီးမားသော တန်ခိုးရှင်က ဖမ်းစားထားသည့်ပမာ ကျိုက်ထိုမြို့နယ်ဆီ တဝဲလည်လည် ပြန်လာချင်စိတ် ပေါ်ပေါက်မည်မှာ မလွဲပင်ဖြစ်သည်။

အလှအပဆိုသည် ရင်ဝယ် အမြဲတမ်း စွဲလမ်းနှစ်ခြိုက်၍ အောက်မေ့ဝ၁-သ သတိရနေမှသာ ထာဝရအလှ ဖြစ်၏။ ဖောက်ပြန်ပျက်စီးမှုမရှိ။ ကြာရှည် တည်တံ့မှုလည်း ရှိရ၏။

ကျိုက်ထိုမြို့နယ်၏ ရေခံမြေခံ သဘာဝသည် နှစ်ပရိစ္ဆေဒကြာညောင်းသည့်တိုင် မှေးမှိန် ပျောက်ကွယ်ခြင်းမရှိ။ ကြာလေလှလေ၊ ဟောင်းလေ ကောင်းလေဖြစ်ကာ မရိုးနိုင်ဘဲ စွဲလမ်းရသောသဘာဝပင် ဖြစ်သည်။

ထို့ကြောင့် ကျုက်ထိုမြို့နယ်အလှကို ဤမျှသာ ရေးသား ဖွဲ့နွဲ့ရခြင်းမှာ ပြည့်စုံခြင်း မရှိသေးပေ။ သို့သော် အကျဉ်းချုပ်မျှဖြစ်သော တိုတောင်းသည့် စာစုငယ်သည် ကျိုက်ထိုမြို့နယ်၏ နိမိတ်ပုံ အလှအပများပင် ဖြစ်ပေတော့သတည်း။

* * * * *

## သုဝဏ္ဏဘူမိသို့ ပထမအကြိမ် ဗုဒ္ဓသာသနာ ရောက်ရှိလာခြင်း

သုဝဏ္ဏဘူမိသည် ဗုဒ္ဓမြတ်စွာ သက်တော် ထင်ရှားရှိစဉ် ကာလကပင် ဗုဒ္ဓဝါဒကို ဦးစွာ လက်ခံကျင့်သုံးခဲ့ပေသည်။

သုဝဏ္ဏဘူမိနိုင်ငံ ပေါက္ခရဝတီ ဒဂုံမြို့မှ တပုဿနှင့် ဘလ္လိက ကုန်သည် ညီနောင်တို့သည် ဗုဒ္ဓမြတ်စွာထံမှ ရှေးဦးစွာ ဆံတော်ရှင်များ ကိုးကွယ်ခွင့်ရရှိခဲ့ပြီး ရွှေတိဂုံဆံတော်ရှင်ကို ဥက္ကလာပမင်းကြီးက ဦးဆောင်တည်ထား ကိုးကွယ်ခဲ့လေသည်။ ၎င်းအချိန်သည် ဗုဒ္ဓမြတ်စွာ သာသနာတော်ကြီး အိန္ဒိယတိုက်ငယ်တွင် လုံးဝပျံ့နှံ့ခြင်းမရှိသေးပေ။ ဓမ္မစကြာတရားပင် မဟောရသေး။ သံဃာ့ အစုအဝေးပင် မပေါ်ပေါက်သေးသောကြောင့် ဘုရားပွင့်နေသည်ကိုပင် ဘုရားမှန်းမသိကြဘဲ အပြိုင်အဆိုင် ဘုရားလုပ်နေကြသော ဘုရားကြီးဘုရားငယ် အဆူဆူကို ယုံကြည်ရာ ကိုးကွယ်နေကြချိန်လည်း ဖြစ်သည်။ ဓမ္မစကြာတရားဟောပြီးမှ ဗုဒ္ဓ၏တပည့်သာဝက သံဃာ အစုအဝေးကြီး ပေါ်ပေါက်လာပြီး ဗုဒ္ဓဝါဒ တစ်စတစ်စ ပျံ့နှံ့လာခြင်း ဖြစ်တော့၏။

ဗုဒ္ဓမြတ်စွာ နှစ်ဝါမြောက်တွင် အရှင်အနုရုဒ္ဓါအမှူးပြုသော ရဟန္တာကြီးခြောက်ပါးတို့သည် ဗုဒ္ဓ၏ဆံတော် ခြောက်ဆူကို လျှောက်ထားတောင်းခံတော်မူပြီးမှ သုဝဏ္ဏဘူမိနိုင်ငံဘက်သို့ ကြွလာကာ ယခုသိမ်ဇရပ်ဒေသသို့ စတင်ရောက်ရှိခဲ့လေသည်။ ၎င်းဒေသတွင် ဆံတော်ရှင် ရွှေစေတီငယ်တစ်ဆူကို တည်ထားကိုးကွယ်ခဲ့သည်။ ၎င်းအရပ်မှ တောင်ဘက်သို့ ကြွလာရာ စစ်တောင်း ဇေယျပဗ္ဗတ ကျောက်တောင်စွန်းတွင် သိကြားမင်း ဒါယကာပြုကာ ဆံတော်ရှင် ရွှေစေတီ တစ်ဆူကို တည်ထားကိုးကွယ်ခဲ့ကြပြန်သည်။ တစ်ဖန် တောင်ဘက်သို့ ကြွချီလာရာ သုဝဏ္ဏဘူမိ မင်းနေပြည်တော်အနီးမှ ကေလာသတောင်ထိပ်သို့ ရောက်ရှိကြပြန်သည်။ ၎င်းတွင် မိုးနတ်သားက ဒါယကာပြုလျက် ဆံတော်ရှင် ရွှေစေတီငယ် တစ်ဆူကို တည်ထားကိုးကွယ်ခဲ့ကြပြန်သည်။

၎င်းမှ မြောက်ဘက်အရပ်သို့ တစ်ဂါဝုတ်အကွာတွင် လှေသူကြီးက ဒါယကာပြု၍ တစ်ဆူ၊ ထိုမှ တစ်ဂါဝုတ်အကွာတွင် ငှမိလကြေးကုန်သည်က ဒါယကာပြုကာ တစ်ဆူ-စသည်ဖြင့် ဆံတော်ရှင် ရွှေစေတီခြောက်ဆူကို တည်ထားကိုးကွယ်ခဲ့ကြလေသည်။ ထိုဆံတော်ရှင်ရွှေစေတီတို့မှာလည်း လူသိနည်းပါး၍ ကိုးကွယ်မှုမရကြဟု ဆိုရပေမည်။ ရွှေသားအတိ ဆံတော်ရှင်ရွှေစေတီများ ဖြစ်ကြ၍လည်းကောင်း၊ အချိန်အခါ မကျရောက်သေး၍လည်းကောင်း၊ နတ်သိကြားတို့က ကွယ်ပ၍ထားသောကြောင့်လည်းကောင်း မတွေ့မမြင်ကြရဟုဆိုကြသည်။ ဆကေသဓာတုဝင်ကျမ်းတွင် အကျယ်ဖော်ပြထားပါသည်။

ဂေါတမမြတ်စွာ နှစ်ဝါမြောက်က သုဝဏ္ဏဘူမိဘုရင် သူရိယ စန္ဒာမင်းကြီးသည် မြတ်စွာဘုရားကို ဖူးမြော်လိုခြင်း အာသာ ဆန္ဒ ပြင်းပြစွာ ဖြစ်ပေါ်လေသည်။ ပညာရှိမှူးကြီးမတ်ရာတို့၏ အကြံပေး လျှောက်ထားချက်အရ မင်းကြီးသည် ပန်းပေါက်ပေါက်ဖြင့် အဓိဋ္ဌာန် ပြုပြီး မြတ်စွာဘုရားကိုပင့်လေရာ ဗုဒ္ဓမြတ်စွာသည် ရွှေဉာဏ်တော် ကွန်ရက် ဖြန့်ကျက်ကြည့်လေသော် နောင်ကာလများတွင် သုဝဏ္ဏ ဘူမိ၌ ဗုဒ္ဓသာသနာ အစွန့်ရှည်ကြာ တည်တံ့ထွန်းလင်းမှု ရှိချိမ့် မည်ကိုလည်းကောင်း၊ ရှေးနောင်တော်ဘုရား လက်ထက်ကလည်း သုဝဏ္ဏဘူမိသို့ ကြွရောက်ပြီး သာသနာ့မျိုးစေ့ကို ချထားမှု အစဉ် အလာရှိခဲ့ကြောင်းကိုလည်းကောင်း၊ သုဝဏ္ဏဘူမိဘုရင် သူရိယစန္ဒာ သည် အတိတ်က ညီရင်းအစ်ကိုဖြစ်ခဲ့ဖူးပြီး သုဝဏ္ဏဘူမိသားတို့ မှာလည်း ဆွေတော် မျိုးတော်များဖြစ်နေသောကြောင့်လည်းကောင်း စသည့်အကြောင်းကြောင်းကို သိမြင်ကာ နောက်ပါရဟန္တာငါးရာ ဖြင့် သုဝဏ္ဏဘူမိသို့ ကြွတော်မူလာခဲ့လေသည်။

ဘုရားသခင်သည် သုဝဏ္ဏဘူမိမြို့တော်တွင် ခုနစ်ရက်မျှ စံတော်မူပြီးလျှင် မင်းနှင့်ပြည်သူတို့အား တရားရေအေး အမြိုက် ဆေး တိုက်ကျွေးတော်မူ၏။ ဘုရင် မင်းမြတ်သည် ဘုရားရှင်အ တွက် ယာယီစံကျောင်းကို နန်းတော်၏ အရှေ့တောင်ဘက်အရပ် တောင်ထိပ်ပေါ်တွင် တည်ဆောက်ကိုးကွယ်ထားလေသည်။ ဗုဒ္ဓသည် သုဝဏ္ဏဘူမိမြို့တော်မှတစ်ဆင့် သုဝဏ္ဏဘူမိ နေပြည်တော်အတွင်း လှည့်လည် ကြွချီတော်မူသည်။ ထို့နောက် ဗုဒ္ဓမြတ်စွာသည် ဒွါရ ဝတီ၊ ဇင်းမယ်နှင့် ဂျာဗားကျွန်းသို့လည်း ဒေသစာရီ ကြွတော်မူခဲ့

ပြီးလျှင် ဇင်းမယ်အရပ်၌ ခြေရာတော် ချထားခဲ့လေသည်။ မြသပိတ်တော်ကိုလည်း ပေးသနားတော်မူခဲ့လေသည်။

သုဝဏ္ဏဘူမိ နေပြည်တော်အတွင်း ဗုဒ္ဓမြတ်စွာ ရောက်ရှိနေကြောင်း ရသေ့များသိရှိကြလေရာ လာရောက်ဖူးမြော်တရားနာယူပြီး ဆံတော်များကို လျှောက်ထားတောင်းပန်ကြလေသည်။

သူရိယစန္ဒာမင်းကြီး အတွက်ကား ဗုဒ္ဓမြတ်စွာကိုယ်စားရုပ်ပွားတော်တစ်ဆူကို ထုလုပ်ကိုးကွယ်စေလေသည်။ မင်းကြီးသည် ဗုဒ္ဓမြတ်စွာပြန်ကြွသောအခါ ဗုဒ္ဓကိုယ်စား ဆင်းတုရုပ်ပွားဘုရားကို ယာယီစံကျောင်းတော်တွင် ထားရှိကိုးကွယ်သမှုပြုခဲ့လေသည်။

ရသေ့များရထားသော ဆံတော်များကို ၎င်းတို့အသီးသီး သီတင်းသုံးနေထိုင်ရာ တောင်ထိပ်များတွင် 'ဆံတော်ရှင်စေတီ'များအဖြစ် တည်ထားကိုးကွယ်ခဲ့ကြသည်။

သူရိယစန္ဒာမင်းကြီးသည် ဗုဒ္ဓ၏ရုပ်ပွားဆင်းတုတော်ကို ယာယီ စံကျောင်းတော်နှင့်တကွ ကိုးကွယ်ပူဇော်မှု ပြုခဲ့ရာ နောက်မင်းအဆက်ဆက်ကလည်း ထိုရုပ်ပွားတော်ကိုပင် ဆက်လက်ကိုးကွယ်ခဲ့ကြရာ ရုပ်ပွားတော်ကို ငုံပြီး လေးထောင့် တိုက်စေတီ တည်ဆောက်ကြပြန်သည်။ တစ်ဖန် ထိုလေးထောင့် တိုက်စေတီတော်ကို ငုံပြီး ရှစ်မြှောင့်ထောင့်ချိုး ပလ္လင်ခံပြာသာဒ် စေတီလုံးအဖြစ် တည်ထား ကိုးကွယ်ကြပြန်သည်။ ဘုရား၏ဘွဲ့တော်မှာ ကျိုက်တလန်း (ဘုရား ရှေးဦးစွာကြွလာသော နေရာတွင်ရှိသော ဘုရား)ဟူ၍ ဖြစ်လေသည်။

အဆိုပါ ကျိုက်တလန်းစေတီတော်သည် ပျက်စီးယိုယွင်း

နေရာ သက္ကရာဇ်(၄၆၀)ခုနှစ်တွင် ကျန်စစ်သားမင်းကြီးက ဆက်လက် ပြုပြင်ခဲ့သည်။ ပြုပြင်ခဲ့ကြောင်းကိုလည်း မွန်ဘာသာဖြင့် ကျောက်စာ ရေးထိုး စိုက်ထူခဲ့သည်။ ထိုကျောက်စာတိုက်ကြီးကို ခရစ်သက္ကရာဇ် (၁၈၈၃) ခုနှစ်လောက်တွင် ရက်ကန်းသည်မရွာ (သုဝဏ္ဏဘူမိမြို့ဟောင်း) ကျိုက်တလန်းရင်ပြင်တော်မှ တူးဖော်ယူပြီး အင်္ဂလိပ် ကျောက်စာဝန်က ရန်ကုန်သို့ ယူဆောင်သွားခဲ့ကြသည်။ ဒုတိယ ကမ္ဘာစစ်အတွင်းက ဗုံးဆံထိမှန်၍ ကျောက်စာတိုင်ကြီး အက်သွား ရကြောင်း၊ အဆိုပါကျောက်စာတိုင်ကြီး၏ ဇာတိဒေသနှင့် ကျောက် စာ၏ အဓိပ္ပာယ်ကို မည်သူတစ်ဦး တစ်ယောက်မျှ မသိရှိကြဟု ဆိုသည်။ (၁၉၂၀)ပြည့်နှစ်တွင် ဥရောပမှပညာရှင် ဒေါက်တာ ဘလက်ဒင်က ဘာသာပြန် ပေးခဲ့ကြောင်း သိရပြန်သည်။ ယခုအခါ အဆိုပါ ကျိုက်တလန်းစေတီတော်ကြီးကို နောင်လာနောက်သား စေတနာရှင်တို့က ဆက်လက်ပြုပြင်ထားပြီးဖြစ်သော်လည်း ခေါင်း လောင်းပုံနှင့် ငှက်ပျောဖူးလောက်တွင်သာ ခေတ်အင်္ဂတေများ မွမ်းမံ ထားရှိပြီး ခေါင်းလောင်းအောက်မှ ပလ္လင်တော်အထိ အင်္ဂတေများ လုံးဝမရှိရုံ မျှမက အုတ်ရိုးများ ကြွေမွပျက်စီးနေကြသည်။ အုတ် များမှာ ဆွေး မြည့်နေကြပြီ ဖြစ်၍။ အပေါ်ပိုင်းလေးပြီး အောက်ခြေ ပျက်ကာ ပြိုကျပျက်စီးသွားနိုင်ပေသည်။ ဘုရား၏ အောက်ခြေ သည်ကား လေးထောင့်တိုက်ကဲ့သို့လည်းကောင်း၊ ဂူကြီးတစ်ခုဟု လည်းကောင်း ထင်မှတ်ရပေသည်။ ကျန်စစ်သားမင်းကြီး ပြင်ဆင် ခဲ့သော ပစ္စယံအဆင့်ဆင့် အုတ်တံတိုင်းတို့မှာလည်း မြေခကုန်ပေ ပြီ။ သမိုင်းဝင်ဘုရားဖြစ်သော်လည်း ပြုပြင်ထိန်းသိမ်းမှု ဒါယကာ

ကင်းမဲ့နေပါသည်။ ဘုရား၏လက်ရှိဘွဲ့တော်မှာကား "မြသိန်းတန်" ခေါ်ဝေါ်သုံးစွဲကြသည်။

အချို့သမိုင်းရာဇဝင်တွင် သုဝဏ္ဏဘူမိဘုရင်ကို မဟာသီရိမာသောကမင်းဟု လည်းကောင်း၊ တိဿဓမ္မ သီဟရာဇာမင်းဟု လည်းကောင်း ရေးသားဖော်ပြကြသည်။ အချို့မှုကွဲတွင် ဗုဒ္ဓမြတ်စွာ ဝါတော်ရှစ်ဝါမြောက်တွင် တိဿဓမ္မသီဟရာဇာမင်း လက်ထက်တွင် ဗုဒ္ဓမြတ်စွာသည် သုဝဏ္ဏဘူမိသို့ကြွလာကြောင်း အဆိုရှိကြသည်။

ဗုဒ္ဓမြတ်စွာ ပြန်ကြွသွားပြီးနောက်ပိုင်းတွင် ဆံတော်များ ရရှိထားကြသော ရသေ့အသီးသီးတို့သည် ၎င်းတို့နေထိုင်ရာ ဒေသတို့၌ ဆံတော်ရှင်စေတီများကို တည်ထားကိုးကွယ်ကြလေသည်။ ဗုဒ္ဓမြတ်စွာ ပရိနိဗ္ဗာန်စံဝင်တော်မူသောအခါ ဂဝံပတိ ရဟန္တာသည် ဗုဒ္ဓ၏ သွားဓာတ်တော်(၃၃)ဆူကို တိဿဓမ္မသီဟရာဇာမင်းကြီး အတွက် ပင့်ဆောင်ပေးလေရာ မင်းကြီးသည် တိုက်စေတီငယ်(၃၃)ဆူ ပြုလုပ်ကာ ကိုးကွယ်ခဲ့လေသည်။

* * * * *

# သုဝဏ္ဏဘူမိသို့ ဒုတိယအကြိမ် ဗုဒ္ဓသာသနာတော် ရောက်ရှိခြင်း

## သုဝဏ္ဏဘူမိဘုရင် စူဠသီရိမာသောက

ဘီစီ(၃)ရာစုအချိန်တွင် သုဝဏ္ဏဘူမိတိုင်းပြည်၌ မင်းကိုးဆက်မြောက် ရာဇဓောဝေ မင်းသားသည် စူဠသီရိမာသောကဟူသော ဘွဲ့ကိုခံယူကာ ထီးနန်းစိုးစံလျက်ရှိသည်။ မြို့တော်ကိုလည်း အသစ်တစ်ဖန် မွမ်းမံပြင်ဆင်တည်ဆောက်ကာ သုဓမ္မပူရဟု ခေါ်တွင်စေသည်။ မြို့တော်မှာ ကုန်းလမ်း၊ ရေလမ်း၊ ဆိပ်ကမ်းကောင်းမွန်မှုကြောင့် အိန္ဒိယ၊ သီဟိုဠ်၊ ခေါမ၊ ရောမ၊ တရုတ်၊ ဒွါရဝတီ–စသောနိုင်ငံကြီးတို့နှင့် ကူးလူးဆက်ဆံရင်းရှိပြီး တိုးတက် စည်ကားသိုက်မြိုက်လေသည်။

သို့သော် သုဝဏ္ဏဘူမိသို့ ဗုဒ္ဓမြတ်စွာ ကြွရောက်လာစဉ်က ရရှိထားသော ဗုဒ္ဓသာသနာတို့မှာ တဖြည်းဖြည်း ဆုတ်ယုတ်လာသယောင်ရှိပြီး ဆံတော်ဓာတ်မြတ်တို့မှာလည်း ရှိခိုးကော်ရော်မှုနည်းပါးလာကာ တောချုံ ဖုံးအုပ်ကုန်ပြီ။ မိရိုးဖလာ နတ်ကိုးကွယ်မှုတို့အပြင် အိန္ဒိယတွင် ပထမ၊ ဒုတိယသင်္ဂါယနာတင်ပြီးနောက် စင်ပြိုင် သင်္ဂါယနာတင်ခဲ့ကြသော ထေရဝါဒဗုဒ္ဓဝါဒနှင့် လမ်းခွဲဟီနယာနဗုဒ္ဓဝါဒများ ကုန်သည်တို့မှတစ်ဆင့် သုဝဏ္ဏဘူမိသို့ ရောက်ရှိလာခဲ့သည်။

ထိုသို့ ဗုဒ္ဓမြတ်စွာကိုယ်တော်တိုင် ရောက်ရှိချထားခဲ့သော ဗုဒ္ဓဝါဒအစစ်အမှန် ကိုးကွယ်မှုတို့ တဖြည်းဖြည်း မှေးမှိန်လာမှု

ကြောင့် မြို့တော်အနီး ပင်လယ်ကျွန်းစုအတွင်း၌ နေထိုင်ကြသော ရေဘီလူးတို့၏ ရန်ပြုခြင်းကို မင်းနှင့် ပြည်သူတို့ခံကြရလေသည်။ သောဏနှင့် ဥတ္တရမထေရ်တို့ ကြွရောက်လာချိန်မှစပြီး သုဝဏ္ဏဘူမိတွင် ထေရဝါဒဗုဒ္ဓသာသနာ နေရောင်လရောင်ပမာ ထွန်းလင်းလာရပြန်သည်။ ဇူဗ္ဗသိရိမာသောကမင်းကြီးသည်လည်း မောရိယဘုရင် အသောကမင်းကဲ့သို့ သုဝဏ္ဏဘူမိတိုင်းပြည်အတွင်း ဗုဒ္ဓသာသနာတော်ကို ပြုစုတော်မူ၏။ သီဟိုဠ်နိုင်ငံ ဒေဝါနံပိယတိဿ မင်းကြီးနှင့်လည်း ဆက်ဆံရင်းနှီးမှုရှိလေသည်။ ထိုအချိန်က ကုန်သင်္ဘောတို့သည် သီဟိုဠ်ဆိပ်ကမ်းမှ သုဝဏ္ဏဘူမိသို့ ရွက်လွှင့် ခုတ်မောင်းကြရာ ခုနစ်ရက်နှင့် ခုနစ်ညဥ့်ကြာကြောင်း သိရသည်။ သီဟိုဠ်နှင့် သုဝဏ္ဏဘူမိသည် ယူဇနာ ခုနစ်ရာ ကွာဝေးလေသည်။

## သောဏထေရ် ဥတ္တရထေရ်တို့ ကြွရောက်တော်မူခြင်း

သောဏနှင့် ဥတ္တရမထေရ်တို့ ဦးဆောင်သော သာသနာပြုရဟန္တာငါးပါးတို့ သုဝဏ္ဏဘူမိသို့ ကြွရောက်လာပုံကို ပဲခူး ကလျာဏီကျောက်စာတိုင်တွင် အကျယ်တဝင့် ဖော်ပြထားကြောင်းသိရလေသည်။

ကလျာဏီကျောက်စာပါဠိ မြန်မာဘာသာပြန်အရ ဤသို့တွေ့ရသည်။ 'ထိုရောအခါ၌ သုဝဏ္ဏဘူမိ သုခုံပြည်တွင် (ဇူဗ္ဗ) သိရိမာသောကသည် မင်းပြုလျက်ရှိ၏။ ထိုမင်း၏ နေပြည်တော်သည် ကေလာသစေတီ၏ အနောက်မြောက်ထောင့်၌ ဖြစ်၏။ နေပြည်တော်၏ အရှေ့ထက်ဝက်သည် တောင်ထိပ်၌ရှိ၏။ တင်လဲချက်လုပ်သောသူတို့၏ အိမ်ကဲ့သို့ မြေကျည်ဖြစ်သော အိမ်တို့သည်

များသောကြောင့် ဂုလတိုက် (မွန်နှင့်မြန်မာ ရာဇဝင်များတွင် တိုက်ကုလားဟုရေးသည်။) မြို့ဟူ၍ ယခုအခါတိုင်အောင် ခေါ်ဝေါ်ကြဆဲဖြစ်ကုန်၏။ ထိုမြို့သည် သမုဒ္ဒရာနှင့် နီးသောကြောင့် သမုဒ္ဒရာ၌နေသော ဘီလူးမသည် မင်း၏နန်းတော်၌ ဖွားတိုင်းသော သူငယ်တို့ကို အမြဲမပြတ် ဖမ်းယူစားလေသတည်း။ သူငယ်တစ်ယောက်ကိုဖွားလေ၏။ ထိုဘီလူးမသည် မင်း၏နန်းတော်၌ သူငယ်ဖွားသောအဖြစ်ကိုသိ၍ ထိုသူငယ်ကို စားလိုသောကြောင့် ဘီလူးအခြံအရံငါးရာနှင့် မြို့သို့ ရှေ့ရှုလာလတ်သတည်း။ လူတို့သည် ထိုဘီလူးမကိုမြင်၍ ကြောက်လန့်ကြသောကြောင့် ဟစ်ကြွေးမြည်တမ်းကြကုန်၏။ ထိုအခါ၌ မထေရ်နှစ်ပါးတို့သည် ဦးခေါင်းတစ်ခုတွင် ခြသေ့်နှင့်တူသည့်ကိုယ်နှစ်ခု ဖန်တီးထားသော် အလွန်ကြောက်မက်ဖွယ်ကောင်းသည့် ဘီလူးများ၏ကိုယ်ထက် နှစ်ဆကြီးသော ကိုယ်အဖြစ်ကိုဖန်ဆင်း၍ ဘီလူးအပေါင်းတို့ မြင်လတ်စေသော် အစဉ်လိုက်ကာပြေးလေစေကုန်၏။ ဘီလူးတို့သည် ယခုအခါ ငါတို့သည် ဤသူတို့၏ အစာဖြစ်ကုန်တော့အံ့ဟု ကြောက်လန့်၍ သမုဒ္ဒရာသို့ ရှေးရှုပြေးလေကုန်၏။

မထေရ်တို့သည် ဘီးလူတို့ တစ်ဖန် ပြန်မလာစိမ့်သောငှာကျွန်း၏ ထက်ဝန်းကျင်မှ အစောင့်အရှောက်တို့ကို စီရင်၍ ထိုအခါ၌စည်းဝေးကုန်သော လူတို့အား ဗြဟ္မဇာလသုတ်ကို ဟောပေကုန်၏။ ထိုအခါမှစ၍ ရာမညအရပ်၌ ထိုနေ့ဖွားသော မင်းသားငယ်တို့၏အမည်ကို သောဏုတ္တရဟု မှည့်ကြကုန်၏။ ခပ်သိမ်းသော မွေးစလူငယ်တို့အားလည်း ဘီးလူတို့ဘေးမှ တားမြစ်စိမ့်သောငှာ လက်

ကောက်၍ လည်းကောင်း၊ ထမ်းရွက်၍လည်းကောင်း မထေရ်တို့ ဖန်ဆင်းထားသော အရုပ်ကိုရေး၍ ဦးခေါင်းထက်၌လည်းကောင်း၊ လက်၌လည်းကောင်း ထားကြကုန်၏။ ဗြဟ္မဇာလသုတ်တော်ကို ဟောလတ်သော် များစွာသော လူအပေါင်းတို့သည် သရဏဂုံသုံးပါး ၌လည်းကောင်း တည်ကြကုန်၏။ မဂ်ဖိုလ်ရသောသူတို့ကား ခြောက် သောင်းဖြစ်ကုန်၏။ သုံးထောင့်ငါးရာကုန်သော သတို့သားတို့သည် ရဟန်းပြုကြကုန်၏။ တစ်ထောင့်ငါးရာကုန်သော သတို့သမီးတို့သည် ရဟန်းမအဖြစ် ယူကြကုန်၏။ ဤသို့ နှစ်ပါးသောမထေရ်တို့သည် သုဝဏ္ဏဘူမိ၌ ဗုဒ္ဓသခင်၏ သာသနာတော်ကို တည်စေအပ်ပြီး၍ ရဟန်ယောကျာ်း၊ ရဟန်းမိန်းမ၊ သာမဏေယောကျာ်း၊ သာမဏေ မိန်းမတို့သည် ထင်ရှားရှိလတ်သော် (စူဠ) သီရိမာသောကမင်းကြီး သည် မြတ်စွာဘုရားသာသနာတော်၌ ကောင်းစွာ မတုန်မလှုပ် သော ကြည်ညိုခြင်းဖြစ်၍ နှစ်ပါးသော မထေရ်တို့ကို–

"အရှင်ဘုရားတို့၊ အကျွန်ုပ်တို့သည် တရားရတနာ, သံဃာ ရတနာတို့ကို ရှိခိုးခြင်းငှာလည်းကောင်း၊ ကော်ရော်ခြင်းငှာလည်း ကောင်း ရကြပါကုန်၏။ တစ်ပါးသော ဘုရားရတနာကို ရှိခိုးခြင်း ငှာလည်းကောင်း၊ ကော်ရော်ခြင်းငှာလည်းကောင်း မရကြပါကုန်။ ထို့ကြောင့် အကြွင်(ဘုရားသခင်)ဓာတ်တော်တို့ကို ဘုရားရတနာ တည်းဟု နှလုံး၌မှတ်သား၍ ရှိခိုးခြင်းငှာလည်းကောင်း၊ ကော်ရော် ခြင်းငှာလည်းကောင်း ရလိုပါ၏။ အရှင်ဘုရားတို့သည် ထိုဓာတ် တော်ကို ကျွန်ုပ်တို့အား ဆောင်တော်မူပါကုန်"

ဤသို့ လျှောက်ထား၍ ကော်ရော်အပ်သောအရာဖြစ်သော

ဓာတ်တော်တို့ကို တောင်း၏။ ထိုအခါ၌ နှစ်ပါးကုန်သော သောဏ, ဥတ္တရမထေရ်တို့သည် ရှည်သော သက်တော်ရှိသော ဂဝံပတိမထေရ်သည် ဆောင်အပ်ခဲ့ကုန်သော ၃၃–ဆူသော သွားတော်ဓာတ်တို့၏ ကိန်းဝပ်ရာ ဘုရားသခင်လက်ထက် မဟာသီရိမာသောကမင်း တည်ထားခဲ့သော ကျောက်စေတီငယ်တို့ကို အခါအမြင့် ရှည်ပြီဖြစ်သောကြောင့် မသိကြကုန်။ ထို့ကြောင့် ထိုစေတီတို့ကို ဓူ ဠသီရိမာသောကမင်းအား ပြကြကုန်၏။

ထို့ကြောင့် မင်းကြီးသည် ထိုသုံးဆယ့်သုံးဆူသော ကျောက်စေတီငယ်တို့မှ သုံးဆယ့်သုံးဆူသော သွားဓာတ်တော်တို့ကို ထုတ်၍ မင်းနေပြည်တော်မှ အရှေ့မြောက် မျက်နှာ၌ မဝေးလွန်း မနီးလွန်းသော နေရာတွင် သုံးဆယ့်သုံးခုသော ရွှေတိုက်တို့ကို ပြုလုပ်စေ၍ သုံးဆယ့်သုံးလုံးသော ရွှေအိုးတို့ကို ပြုစေလျက် နံ့သာမှုန့်တို့ဖြင့် ပြည့်ကုန်သော ရွှေအိုးတို့တွင် သုံးဆယ့်သုံးဆူသော သွားဓာတ်တော်တို့ကို ရွှေကြုတ်၌ထည့်၍ နံ့သာမှုန့်တို့ဖြင့် ပြည့်ကုန်သော ရွှေအိုးတို့တွင် နံ့သာမှုန့်တို့၏ အထက်၌ ထီးကို လည်းကောင်း၊ တံခွန်ကိုလည်းကောင်း ဆောက်စေ၍ ထိုသုံးဆယ့်သုံးဆူသော ရွှေတိုက်တို့၌ တည်ထားစေသည်။

ထို့နောက် ဓူဠသီရိမာမင်းကြီးသည် အကယ်၍ မြတ်စွာဘုရားသည် ခပ်သိမ်းကုန်သော သတ္တဝါတို့၏ အစီးအပွားကို အလိုရှိသည် ဖြစ်ခဲ့ငြားအံ့၊ ဤသွားတော် ဓာတ်မြတ်တို့သည်လည်း အမှန်စင်စစ်လျှင် ဘုရားသခင်၏ ဓာတ်တော်တို့ဖြစ်ငြားအံ့၊ ဤသွားတော်ဓာတ်တို့သည် ရွှေအိုးနှင့်တကွ အကြင်အကြင်အရပ်၌

တည်ကုန်သည်ရှိသော် သတ္တဝါအပေါင်း၏ စီးပွားချမ်းသာခြင်းငှာ (ဗုဒ္ဓ)သာသနာတော် ကွယ်သည့်တိုင်အောင် ဖြစ်ကုန်လတ္တံ့၊ ထိုထိုသော အရပ်တို့၌ တည်စေကုန်သတည်း။ ဤသို့ဆုတောင်းခြင်းကို ပြုလေ၏။

ရှုငွသီရိမာမင်းကြီး၏ ဆုတောင်းခြင်းပြုပြီးသည့် အခါမဲ့၌ ထိုသုံးဆယ့်သုံးဆူသော သွားဓာတ်တော်တို့သည် ရွှေအိုးနှင့်တကွပင်လျှင် သုံးဆယ့်သုံးဆူသော ရွှေတိုက်တို့မှ ထွက်ခဲ့ကုန်သည်။ ထိုအခါမင်းကြီးသည် ထိုသွားတော်ဓာတ်တော်တို့ကို ထိုထိုသော အရပ်တို့၌ တည်သောအဖြစ်ကို ထိုထိုအရပ်တို့၌ နေကုန်သောလူတို့၏ ကြားလာသော စကားဖြင့်လည်းကောင်း၊ မထေရ်နှစ်ပါး၏ စကားဖြင့်လည်းကောင်း သိကုန်၏။ ထိုအခါ မင်းကြီးသည် ထိုထိုသော အရပ်တို့သို့ လူတို့ကိုစေ၍ စေတီတော်ကိုလည်းကောင်း၊ စေတီ အိမ်ဖြစ်သော ပြာသာဒ်ကို လည်းကောင်းပြုစေ၏။ ထိုအခါမှစ၍ ခပ်သိမ်းကုန်သော ရာမညတိုင်းကို အစိုးရတော်မူသော မင်းတို့သည် ရာမညတိုင်း၌ နေကုန်သော လူအများနှင့်တကွ အစဉ်သဖြင့် ရှိခိုးကြကုန်၏။ ကော်ရော်ခြင်း ပြုကြကုန်၏။

အရပ်သုံးဆယ့်သုံးနေရာတွင် တိုက်စေတီ သုံးဆယ့်သုံးဆူကို တည်ထား၍ သွားတော် ဓာတ်မြတ် သုံးဆယ့်သုံးဆူ ပူဇော်ထားသော စာရင်းမှာ သထုံစေတီဝင် စာရင်းအရ အောက်ပါအတိုင်း တွေ့ရှိရသည်။

(၁) သထုံမြို့ဟောင်း .... ကေလာသစေတီ
(၂) သထုံမြို့သစ် .... ရွှေစာရံစေတီ

| | | | |
|---|---|---|---|
| (၃) | ဇုတ်သုတ် | .... | ဇုတ်သုတ်စေတီ |
| (၄) | ယပ်မားမြို့ | .... | ကျိုက်ယပ်မားစေတီ |
| (၅) | စစ်တောင်း (ဒုံသမိ) | .... | ကျိုက္ကလံဗန် |
| (၆) | စရစ်မြို့ | .... | ကျိုက်စရစ် |
| (၇) | သလွန်မြို့ | .... | ကျိုက်သလွန် |
| (၈) | သူရဲမြို့ | .... | ကျိုက်သူရဲ |
| (၉) | ကျောက်မော် | .... | ကျိုက်တလင် |
| (၁၀) | ကျောက်ပြာမြို့ | .... | ကျိုက်မော်ထွတ် |
| (၁၁) | ကောလိယ | .... | ကျိုက်မုခလ |
| (၁၂) | မောရဋ္ဌယ | .... | ကျိုက်မုပွန် |
| (၁၃) | ဒင်မဲ(ဒိန်မယ်) | .... | ကျိုက်ခွက် |
| (၁၄) | အခရိန် | .... | ကျိုက်နှုတ် |
| (၁၅) | ကမော့ဒွတ် | .... | ကျိုက်မုခိုင် |
| (၁၆) | ဇုတ်ကနှုတ် | .... | ကျိုက်ဇုတ်တနှုတ် |
| (၁၇) | မောလ်လမြိုင် | .... | ကျိုက်သံလန် |
| (၁၈) | ခမောင်နတ်(ဘီလူးကျွန်း) | .... | ကျိုက်မူးနန်း |
| (၁၉) | ဇာသပြင် | .... | ကျိုက်ပိုင်ကြို |
| (၂၀) | မုတ္တမ | .... | ကျိုက်တမော့ (မြသိန်းတန်) |
| (၂၁) | ကျိုက်ငေါ်မြို့ | .... | ကျိုက်ငေါ် |
| (၂၂) | ကျိုက္ကသာမြို့ | .... | ကျိုက္ကသာ |
| (၂၃) | ကျိုက်ရိုမြို့ | .... | ကျိုက်ရို |
| (၂၄) | တင်စိမြို့ | .... | ကျိုက်တင်စိ |

(၂၅) မုပ္ပလင်မြို့ .... ကျိုက်သလုံ
(၂၆) ဘီးလင်းမြို့ .... သောဏုတ္တရစေတီ
(၂၇) မိုးညှက်မြို့ .... ကျိုက်မိုးညှက်
(၂၈) မိုးခိုင်မြို့ .... ကျိုက်မိုးခိုင်
(၂၉) ကျိုက်ထိုမြို့ .... ကျိုက်ထို
(၃၀) မုတ္တမမြို့ .... ဂျိုက္ကဒူး
(၃၁) ကျိုက်ကော်မြို့ .... ကျိုက်ကော်
(၃၂) ရွှေဝွန်းမြို့ .... လက်ခလစ်စေတီ
(၃၃) မဓဝါမြို့ .... မဓဝါစေတီ

ကေလာသစေတီတော်ကြီးတွင် ဆကေသဓာတုဝင် ဆံတော်ရှင်တစ်ဆူနှင့် ဗုဒ္ဓကြွလာတော်မူစဉ် တိလရသေ့ ရထားသော ဆံတော်ရှင်တစ်ဆူတို့လည်း စံပယ်လျက်ရှိသည်။

ဇုတ်သုတ်စေတီမှာလည်း နတ်ဘီလူးညီနောင်ရထားသော ဆံတော်ရှင် (ကျိုက်ထီးဆောင်း မဟုတ်ပါ) ဇုတ်သုတ်ရွာ မြောက်ဘက်ရှိ မြဘုန်းလျှံ စေတီတော်ကြီး ဖြစ်သည်။

စစ်တောင်းရှိ ကျိုက္ကလွန်ပွန်း စေတီတော်ကြီးတွင်လည်း ဆကေသာဓာတုဝင် ဆံတော်ရှင်တစ်ဆူနှင့် စစ်တောင်းရသေ့ရရှိထားသော ဆံတော်ရှင်တစ်ဆူတို့ စံပယ်လျက်ရှိပါသည်။

ကျိုက်ထိုစေတီမှာကား ယခု ကော့စံနိုင်အရပ်ရှိ ဆုတောင်းပြည့် စေတီတော်ကြီး ဖြစ်သည်။

မဓဝါစေတီမှာ ပဲခူးမြို့ ရွှေမောဓောဘုရား ဖြစ်ပါသည်။

စူဠသီရိမှာ သောကမင်းကြီးသည် သောဏနှင့် ဥတ္တရ

မထေရ်တို့၏ ညွှန်ပြချက်အရ ဗုဒ္ဓမြတ်စွာ၏ ဆံတော်ရှင်စေတီကို လည်း ပြုပြင်ဖော်ထုတ်လေသည်။ သုဝဏ္ဏဘူမိမြို့တော်အနီး တစ်ဝိုက် ရှိ ကျိုက်တဲဆံတော်ရှင် စေတီတော်ကြီးကိုလည်းကောင်း၊ ကေလာသ စေတီတော်ကြီးကိုလည်းကောင်း တောချုံရှင်းလင်း၍ ဆက်လက် တည်ထား ကိုးကွယ်ခဲ့လေသည်။ ထို့နောက် နန်းတော်အနီးရှိ ကျိုက်တလန်း စေတီတော်ကို ထပ်မံတည်ဆောက်ပြုပြင်သည်။ တောချုံဖုံးအုပ်၍ တိမ်ကောနေပြီဖြစ်သော တိဂုံဆံတော်ရှင်ကိုလည်း သွားရောက် ရှင်းလင်းဖော်ထုတ်ပြီး ပြာသာဒ်များ၊ တန်ဆောင်းများ၊ ဇရပ်များ တည်ဆောက်ပြုပြင် လှူဒါန်းခဲ့သည်။ ကျတ်ခေါက်စေတီ၊ ခနုတ်စေတီကိုလည်း တည်ထားခဲ့သည်။

ဒဂုံမှအပြန် ဟံသာဝတီသို့ ဝင်ပြီး ရွှေမောဓောစေတီတော် ကြီးကို တည်တော်မူပြန်သည်။ ထို့နောက် စစ်တောင်း ကျိုက္ကလွန်ပွန်း၊ ကျိုက္ကသာ၊ ကျိုက်ထိုစေတီတော် စသည်တို့ကို ကြပ်မတ်တည် တော်မူပြန်သည်။ ကလျာဏီကျောက်စာ၌ ရေးထိုးထားသည့်အ တိုင်း သွားတော်ဓာတ်တို့ ကြွသွားကိန်းဝပ်စံပယ်ရာ အရပ်ဒေသသို့ မှူးမတ်တို့ကို စေလွှတ်၍ လည်းကောင်း၊ ကိုယ်တော်တိုင်သွားရောက်၍ လည်းကောင်း စေတီတော်ကို တည်ထားကိုးကွယ်ခဲ့သည်။ ကျိုက်ထိုမြို့ အနီး ကျိုက်ထီးရိုးဆံတော်ရှင် ဘုရားကြီးကိုလည်း သွားရောက် ရှိခိုးပူဇော်ပြီး ဇရပ်များ၊ လမ်းများ ပြုပြင်တည်ဆောက်လှူဒါန်း ပြန်သည်။

သုဝဏ္ဏဘူမိ နေပြည်တော်နှင့် ကပ်နေသော ကျိုက်ထိုမြို့ မောရတောင်သို့ သောဏထေရ်၊ ဥတ္တရထေရ် အရှင်မြတ်တို့ ကြွ

ရောက်တော်မူလာပြီး ဗုဒ္ဓ၏ဆံတော်တစ်ဆူစီကို ဌာပနာပြီး ကျောက်စေတီငယ်သုံးဆူကို တည်တော်မူသည်။ ၎င်းတောင်သည် ဘုရားအလောင်းတော်နေစဉ် ဥဒေါင်းမင်းဖြစ်စဉ်ဘဝက နေထိုင်ခဲ့၍ မောရတောင်ခေါ်ရခြင်း ဖြစ်၏။ ရဟန္တာ၃နှစ်ပါး လာရောက် သီတင်းသုံးပြီး ကျောက်စေတီသုံးဆူကို တည်ထားကိုးကွယ်ချိန်ကစ၍ ဘုရားသုံးဆူတောင်ဟု ခေါ်တွင်လာသည်။ ကျိုက်ထီးရိုးဘုရားပုံတူပြုလုပ်တည်ထားပြီး ကျိုက်ထီးရိုးလေးတောင်ဟု ခေါ်ကြပြန်သည်။

သောဏထေရ်နှင့် ဥတ္တရထေရ်မြတ်တို့သည် သုဝဏ္ဏဘူမိမြို့တော်တွင် ဗုဒ္ဓသာသနာတော် နေလို လလို ထွန်းလင်းစေပြီးနောက် နေပြည်တော်အတွင်း လှည့်လည်၍ သာသနာပြုတော်မူသည်။ စူဠသီရိမာသောကမင်း၏ သုဝဏ္ဏဘူမိမြို့တော်တွင် ရဟန်းကျောင်းတိုက်ပေါင်းတစ်ထောင်၊ ဘိက္ခုနီမကျောင်းတိုက်ပေါင်းတစ်ထောင်ရှိကြောင်း အဆိုရှိ၏။ ထိုမြို့တော်သည် တောင်ပေါ်တစ်ဝက် မြေပြန့်တစ်ဝက်ရှိသောကြောင့်လည်းကောင်း၊ ရွှေရောင်ရှိသော အိမ်အမိုး သတ္တုပြားတို့ကြောင့် လည်းကောင်း၊ တိုက်တာအိမ်ရာ ထူထပ်ပေါများသောကြောင့် လည်းကောင်း အဝေးကကြည့်လျှင် ကောင်းကင်မြို့တော်အလား ထင်မှတ်ရ၏။ ထို့ကြောင့် ရဟန္တာ၃နှစ်ပါး ကြွရောက်လာပြီး (၂၁)နှစ်အကြာ သုဝဏ္ဏဘူမိမြို့တော်သည် နတ်ဘုံ နတ်နန်း အလားတူသည်ဟု မွန်, မြန်မာရာဇဝင်၌ ရေးသားဖော်ပြ ကြလေသည်။

ရဟန်းတော် နှစ်ပါးသည် ဘီးလင်းကုသိနာရုံ တောင်တော်သို့ ပြောင်းရွှေ့သီတင်းသုံးရင်း ယင်းအရပ်တွင်ပင် ပရိနိဗ္ဗာန်စံဝင်

တော်မူကြကြောင်း သိရလေသည်။

## သုဝဏ္ဏဘူမိမြို့တော်

ဗုဒ္ဓစာပေ ရှေးဟောင်းသမိုင်း နိုင်ငံတကာ မှတ်တမ်းတို့၌ ဖော်ပြပါရှိသော သုဝဏ္ဏဘူမိနိုင်ငံသည် အလွန်ကျယ်ဝန်းသည့် ဒေသကြီးဖြစ်ကြောင်း သိရလေသည်။ ကျွန်ုပ်တို့ ဗုဒ္ဓသာသာ မွန်မြန်မာလူမျိုးတို့သည် ဘိုးဘွား အစဉ်အဆက် မှတ်သားလာခဲ့ကြသော သုဝဏ္ဏဘူမိ သထုံပြည်မှာကား မြန်မာနိုင်ငံအောက်ပိုင်း မုတ္တမပင်လယ်ကွေ့တစ်ဝိုက်မှ တနင်္သာရီကမ်းမြောင်ဒေသ တစ်ခုလုံးကို ဆိုသည်။ အချို့က ပဲခူးမှ မလေးကျွန်းဆွယ်အထိ ဒေသကို သုဝဏ္ဏဘူမိ မွန်နိုင်ငံတော်ကြီး ဖြစ်ခဲ့ကြောင်း ဆိုကြ၏။

ထို သုဝဏ္ဏဘူမိနိုင်ငံတော်၏ ဗဟိုအချက်အချာ မင်းနေပြည်တော်ကိုလည်း သုဝဏ္ဏဘူမိမြို့ဟုပင် ခေါ်တွင်ခဲ့ပြီး နေရာဒေသ အဆင့်ဆင့် ရွှေ့ပြောင်းကာ အမည်နာမအမျိုးမျိုးဖြင့် ခေါ်ဝေါ်ခဲ့ကြသည်။

ပထမဦးဆုံး သုဝဏ္ဏဘူမိမြို့တော်ကို ဘီစီ(၇၀၀)လောက်က ကေလာသတောင်ခြေရင်းတွင် တည်ခဲ့သည်။ (ယခုအခါ မွန်ပြည်နယ် ဘီလင်းမြို့နယ် ကေလာသတောင်ဒေသတစ်ဝိုက်ဒေသနှင့် ရက်ကန်းသည်မ၊ ဝင်းကကျေးရွာနှင့် ဝန်းကျင်တစ်ဝိုက်တို့ဖြစ်သည်။ (မြန်မာနိုင်ငံ ယဉ်ကျေးမှု ဦးစီးဌာနမှ ယင်းကျေးရွာတို့တွင် သုဝဏ္ဏဘူမိ ရှေးမြို့ဟောင်းကို တူးဖော် သုတေသနပြုပြီး ဖြစ်သည်။)

ယခုလက်ရှိ ရေးသားဖော်ပြနေသော သမိုင်း ရာဇဝင်အရ ဖော်ပြရသော် သုဝဏ္ဏဘူမိမြို့တော် (ကာဠမတ္တိက)ကို တည်ထောင်

ပြီး နှစ်ပေါင်း ငါးဆယ်လောက်က ယခုသထုံမြို့ နေရာ၌ သုဘိန္န-နဂရမြို့ တည်ထောင်သည်ဟု ဆိုကြပြန်၏။ ကာဠမတ္တိကမြို့၏ မင်းစဉ်မင်းဆက်များ ပျောက်သွားရပြီး သုဘိန္နနဂရမြို့သည်လည်း သုဝဏ္ဏဘူမိမြို့တော် သုဓမ္မဝတီဟု တွင်လာသည်။ ၎င်းသုဓမ္မဝတီမြို့သည် မင်းငါးဆက်မြောက်တွင် အကြီးအကျယ် ဖျက်ဆီးခံခဲ့ရသောကြောင့် မြို့တော်ကို တဖြည်းဖြည်း ရွှေ့ပြောင်းလာခဲ့ရာ မင်းရှစ်ဆက်မြောက် ရာဇဓောဝေခေါ် စူဠသီရိမာသောက မင်းလက်ထက် ကေလာသတောင်ခြေရင်း ပထမသုဝဏ္ဏဘူမိမြို့ဟောင်းသို့ ပြောင်းရွှေ့စိုးစံပြန်သည်။ မြို့တော်ကို သုဓမ္မဝတီဟု လည်းကောင်း၊ သုဝဏ္ဏဘူမိဟု လည်းကောင်း၊ သုဓမ္မပူရဟု လည်းကောင်း အသီးသီး ခေါ်တွင်ကြရာမှ ကာလရွေ့လျောလာသောအခါ သုဓမ္မာ, သုဓမ်, သုဓုံ, သထုံမြို့ဟူ၍ ခေါ်တွင်လာလေ၏။ အများစုက သုဝဏ္ဏဘူမိသထုံပြည်ဟု ခေါ်စမှတ်ပြုကြသည်။

သုဝဏ္ဏဘူမိ သုဓမ္မပူရ သထုံမြို့ကြီး မြို့၏ထက်ဝက် ပင်လယ်ကမ်းပြိုရာသို့ ပါရှိပျက်စီးသွားသောအခါ သုဘိန္နနဂရ သုဓမ္မ-ဝတီ မြို့ဟောင်းနေရာသို့ ပြန်ပြောင်းသွားပြန်သည်။ ဤအချိန်မှစပြီးမြို့ကို သထုံဟူ၍ ယခုခေါ်သည့်အတိုင်းပင် ခေါ်ဆိုကြတော့၏။

ကေလာသတောင်ခြေရင်း သုဝဏ္ဏဘူမိမြို့ဟောင်းနှင့် ယခုသထုံမြို့သည် မိုင်လေးဆယ်ကျော် ကွာဝေးသည်။ ဗုဒ္ဓမြတ်စွာ သက်တော်ထင်ရှားရှိစဉ် သုဝဏ္ဏဘူမိ သုဓမ္မဝတီမြို့တော်သို့ ကြွတော်မူခဲ့ကြောင်း အစဉ်အဆက် သမိုင်းမှတ်တမ်းအများပင် ရှိခဲ့လေသည်။

## မွန်လူမျိုး

မြန်မာနိုင်ငံ တိုင်းရင်းသားအားလုံးသည် မွန်ခမာ၊ တိဘက်၊ မြန်မာ၊ ထိုင်း၊ တရုတ် အနွယ်ကြီးမှ ပေါက်ဖွားလာသူများ ဖြစ်ကြောင်း။ ယင်းလူမျိုးစုကြီးမှာလည်း မွန်ဂိုလွိုက်ခေါ် အသားဝါ လူမျိုးစုကြီး မှ ဆင်းသက်လာသူများ ဖြစ်ကြကြောင်း။ မွန်ဂိုလွိုက်–အသားဝါ၊ ယူဂိုလွိုက်–အသားဖြူ၊ ဂနီးလွိုက်–အသားမည်း လူမျိုးနွယ်ကြီးသုံးစုသည် အာရှတိုက် အလယ်ပိုင်းတွင် စတင်ပေါက်ဖွားလာပြီး ရေကြည်ရာ မြက်နုရာ ကမ္ဘာအရပ်ရပ်သို့ ပျံ့နှံ့ရောက်ရှိ နေထိုင်ကြကြောင်း သမိုင်းသုတေသီတို့က ရေးသားဖော်ပြလေသည်။

မြန်မာနိုင်ငံအတွင်းသို့ ပထမဦးဆုံး ဝင်ရောက်လာသူတို့မှာ မွန်ခမာတို့ဖြစ်ပြီး ဒုတိယအသုတ် တိဘက်မြန်မာ၊ ထို့နောက် ထိုင်းတရုတ်တို့ ဝင်ရောက်လာ၍ နေထိုင်ကြကြောင်း သမိုင်းဆရာအများစု လက်ခံထားကြသည်။ ထို့ပြင် မြန်မာနိုင်ငံသည် ကမ္ဘာ့သမိုင်းဖြစ်စဉ်အတိုင်း ကျောက်ခေတ်လူသားတို့ နေထိုင်ခဲ့ကြကြောင်း။ မြန်မာနိုင်ငံ ပုံတောင်ပုံညာဒေသတွင် လည်းကောင်း၊ ဧရာဝတီမြစ်ဝှမ်းတစ်လျှောက်တွင် လည်းကောင်း၊ စစ်တောင်းမြစ်ဝှမ်းနှင့် တနင်္သာရီဒေသတို့တွင် ကျောက်ခေတ်လက်နက် သက်သေအထောက်အထားများ တွေ့ရလေသည်။

မြန်မာနိုင်ငံအထက်ပိုင်းတွင် အညာသိရံ ယဉ်ကျေးမှုဟုဆို

သော လူနေမှုအဖွဲ့အစည်းတစ်ခု ပေါ်ပေါက်ခဲ့၏။ တောကြက်ကို အိမ်ကြက်အဖြစ် ယဉ်ပါးအောင် မွေးမြူသော ယဉ်ကျေးမှုတစ်ရပ်သည် မြန်မာနိုင်ငံမှတစ်ဆင့် ပျံ့နှံ့သွားကြောင်း သိရပေသည်။

ယခုအခါ ရွှေမြင်တင်ဒေသနှင့် ပုံတောင်ပုံညာဒေသတို့မှ ကျောက်ဖြစ်ရုပ်ကြွင်းများ လေ့လာချက်အရ အာရှတိုက်အလယ်ပိုင်းထက်စော၍ လူသားတို့ စတင်ပေါက်ဖွားလာခဲ့ကြောင်း သိလာရပြီး ယင်းဒေသမှတစ်ဆင့် အာရှတိုက်အလယ်ပိုင်းသို့ ပျံ့နှံ့သွားကြောင်းယူဆကြ၏။ ထို့ကြောင့် 'လူသားအစ မြန်မာက'ဟု ဆိုရမလောက် ဖြစ်နေသည်။

မည်သို့ပင်ဆိုစေ လက်ရှိသမိုင်းဆရာတို့ ခံယူထားသည့်အတိုင်း တင်ပြရလျှင် မွန်ခမာတို့ ပင်ရင်းဒေသမှာ တရုတ်ပြည် ယန်စီကျန်မြစ်ဝှမ်းဒေသဖြစ်သည်။ ယင်းဒေသမှ အမေရိကအလယ်ပိုင်းသို့ တစ်စု၊ အရှေ့တောင်အာရှဒေသနှင့် အိန္ဒိယတောင်ပိုင်းသို့ တစ်စု သွားရောက်နေထိုင်ကြသည်။

မွန်လူမျိုးတို့ကို ရေးက ရွှေည်ဟု ခေါ်ပြီး ဗမာကို မိရ (မိမာရ)ဟူ၍ ခေါ်ကြောင်း၊ ပုဂံခေတ်ထိုး ကျန်စစ်သား၏ မွန်ဘာသာဖြင့် ရေးထိုးထားခဲ့သည့် မွန်ကျောက်စာအရ သိရပါသည်။ မွန်တို့သည် ယခု ထိုင်းနိုင်ငံတောင်ပိုင်း ဒွါရဝတီနိုင်ငံတော်ကိုလည်းကောင်း၊ ထိုင်းနိုင်ငံမြောက်ပိုင်း နေရာ(ဟရိဘုဥ္စ) လန်ဖွန်းကိုလည်းကောင်း၊ အင်ဒိုနီးရှား၊ စုမာတြား၊ ဂျာဗားဒေသ၌ သိရှိ

ဝိဇယနိုင်ငံတော်ကိုလည်းကောင်း၊ ထို့နောက် ကမ္ဘောဇနိုင်ငံ အင်းကောကိုလည်းကောင်း၊ မြန်မာနိုင်ငံတောင်ပိုင်း မုတ္တမပင်လယ်ကွေ့တွင် ရာမည၊ ကရဏ္ဍက၊ သုဝဏ္ဏဘူမိတို့ကိုလည်းကောင်း အသီးသီး တည်ထောင်လျက် လူမျိုး ဘာသာ သာသနာ ယဉ်ကျေးမှုအဆင့်မြင့်မြင့်ဖြင့် ကိုယ့်ထီး ကိုယ့်နန်း ကိုယ့်ကြငှန်းဖြင့် ထည်ထည်ဝါဝါ နေထိုင်ခဲ့ကြလေသည်။

* * * * *

# ကျိုက်ပေါလော မှဲ့ရှင်တော်ဘုရား
# ကျိုက်ပေါလောဘုရားသမိုင်း

(က) အသောကမင်းကြီး တတိယသင်္ဂါနာတင်ခြင်း၊
(ခ) ကိုးတိုင်း ကိုးဌာနသို့ သာသနာပြုစေလွှတ်ခြင်း၊
(ဂ) အရှင်မဟိန္ဒမထေရ်မြတ် သီဟိုဠ်ကျွန်းသို့ သာသနာပြုကြွရောက်ခြင်း၊
(ဃ) ဒေဝါနံပိယတိဿမင်းကြီး အကြံတော်ဖြစ်ခြင်း၊
(င) ရုပ်ပွားတော်လေးဆူ ထုလုပ်ပူဇော်ခြင်း၊
(စ) ရုပ်ပွားတော် လေးဆူကို သမုဒ္ဒရာတွင်းသို့ မျှောခြင်း၊
(ဆ) သာသနာစောင့်နတ်မင်းကြီးနှင့် ဝိဇ္ဇာမိုရ်၊

## အသောကမင်းကြီး တတိယသင်္ဂါယနာတင်ခြင်း

ဘီစီ(၃၂၃)တွင် စန္ဒဂုတ်မင်းသားသည် မာဂဓတိုင်းကို သိမ်းပိုက်အုပ်ချုပ်ကာ ကြီးမားကျယ်ပြန့်သော မောရိယ အင်ပါယာကြီးကို တည်ထောင်လေသည်။ နေပြည်တော်မှာ ပါဋလိပုတ် ဖြစ်၏။ စန္ဒဂုတ်မင်း ကွယ်လွန်ပြီးနောက် ဗိန္ဒုသာရမင်းသား ဆက်လက်စိုးစံသည်။ ဗိန္ဒုသာရမင်းတွင် မိဖုရားတစ်ဆယ့်ခြောက်ပါး၊ သားတော်ပေါင်း တစ်ရာတစ်ပါး ထွန်းကားလေသည်။ ထိုသားတော်များအနက် သားတော်အကြီးဆုံးမှာ သုမန မင်းသားဖြစ်၍ အသောကမင်းနှင့် အငယ်ဆုံးတိဿမင်းသားတို့မှာ အဂ္ဂမဟေသီဓမ္မာမိဖုရားကြီးခေါ် သုဘဒ္ဒနဂီမင်းသမီးမှ ဖွားမြင်သည်။

အသောကမင်းသားသည် ခမည်းတော် ဗိန္ဒုသာရမင်းကြီး

လက်ထက် ဥဇ္ဇေနီပြည်ကို အပိုင်စားရလေသည်။ ဥဇ္ဇေနီပြည် ဝေဒိသဂိရိမြို့မှ ဒေဝီမင်းသမီးနှင့် စုလျားရစ်ပတ်ပြီး သားတော် မဟိန္ဒနှင့် သမီးတော် သိဃ်မိတ္တာတို့ ဖွားမြင်သည်။ ဘီစီ(၂၇၄) သာသနာသက္ကရာဇ်(၂၁၄)ခုနှစ်တွင် ခမည်းတော် ဗိန္ဒုသာရမင်း နတ်ရွာစံကြောင်း ကြားရသောအခါ အသောကမင်းသားသည် ပါဋလိပုတ်နေပြည်တော်သို့ အလျင်ချီခဲ့ပြီး ခမည်းတော်အရိုက်အရာ သိမ်းယူမင်းပြုလေသည်။

နောင်တော် သုမနမင်းသားမှာ ၎င်းအပိုင်စားရသော တက္ကသိုလ်ပြည်၌ သူပုန်ထကြွနေရာ နှိမ်နင်းနေရသောကြောင့် ပါဋလိပုတ်သို့ အရောက်နောက်ကျခဲ့သည်။ အသောကမင်းသား အပေါ် များစွာမကျေချမ်းနိုင် ဖြစ်ရလေသည်။ ထို့ကြောင့် မင်းသားနှစ်ပါး သမုဒ္ဒရာလှိုင်းထသကဲ့သို့ စစ်ပွဲကြီးဆင်နွှဲကြရာ သုမနမင်းသား ထိုစစ်ပွဲ၌ ကျဆုံးလေသည်။ အသောကမင်းသား မင်းဖြစ်ပြီး လေးနှစ်တိုင် အဘိသိက်မခံယူသေးဘဲ တိုင်းရေးပြည်ရာများကို စီစဉ်ကာ သာသနာ(၂၁၈)ခုနှစ်၊ ဘီစီ(၂၆၂)ရောက်မှ ဘိသိက်ခံတော်မူ၍ ဘိုးတော်စန္ဒဂုတ္တမင်းကဲ့သို့ ဒေဝါနံပိယဟူသော ဘွဲ့တော်ကိုလည်းကောင်း၊ သီရိဓမ္မာသောကမင်းဟူသော ဘွဲ့ကိုလည်းကောင်း ခံယူတော်မူသည်။

အသောကမင်းသည် မျိုးရိုးအစဉ်အလာအရ ဗြာဟ္မဏအနွယ်ဖြစ်ရကား ဘိုးတော် ခမည်းတော်တို့ ထုံးနည်းတံထွာအတိုင်း အာဇီဝကရဟန်းတို့အား ဝတ်မပျက်ကိုးကွယ်လေသည်။ သို့ရာတွင် ထိုအာဇီဝကရဟန်းတိတ္ထိတက္ကတွန်းတို့၏ စားသောက်နေထိုင်ခြင်း

သွားလာ လှုပ်ရှားခြင်းကိုမှ နှစ်သက်တော်မမူ။

တစ်နေ့သ၌ နိဂြောဓသာမဏေငယ်ကို မြင်လေလျှင် ဤသို့ ဆင်ခြင်မိ၏။ 'ဤသာမဏေငယ်ကား အားလုံးကုန်သော အာဇီဝက တို့နှင့်မတူ၊ ခြားနားလျက် အလွန်ကြည်လင်သော ဣန္ဒြေရှိ၏။ ကိုယ်အမူအရာလည်း သိမ်မွေ့စွာရှိပေသည်တကား။ ဤသာမဏေ ငယ်၏ ကိုယ်တွင်း၌ မြတ်သောတရားသည် ရှိပေအံ့'ဟု အောက် မေ့ပြီးသော် အလွန်ကြည်ညိုစိတ်ဖြစ်ပေါ်သည်။ ထို့နေ့မှစ၍ နိဂြောဓ သာမဏေ၏ တရားစကားကို သက်ဝင်ယုံကြည်ခဲ့သည့်ပြင် ထို သာမဏေငယ်အား အကြောင်းပြု၍ အရှင်မောဂ္ဂလိပုတ္တတိဿထေရ် နှင့်တကွ များစွာသောရဟန္တာအရှင်မြတ်တို့အား ကိုးကွယ် ဆည်းကပ် ပူဇော်ခြင်း ပြုလာလေသည်။ နိဂြောဓသာမဏေမှာကား အသောက မင်းကြီး၏ နောင်တော် သုမနမင်းသားနှင့် မြောက်နန်းဖွား သုမနဒေဝီ တို့၏ သားတော်ဖြစ်၏။ ထို့ကြောင့် အသောကမင်း၏ တူတော်သူ ဖြစ်သည်။

တစ်ရံရောအခါ နန်းလျာအိမ်ရှေ့မင်းသား ညီတော်တိဿ သည် တိုင်းသူပြည်သားတို့အား နှိပ်စက်ညှဉ်းပန်းပြီး ထင်သလို ကျင့်ကြံ နေထိုင်ကြောင်းကို မှူးမတ်တို့ တင်လျှောက်သဖြင့် ကြား သိလေသော် အသောက မင်းတရားကြီးမှာ စိတ်နှလုံး မချမ်းမြေ့ မသက်သာဖြစ်ကာ "ငါသည် တိုင်းနိုင်ငံကို တရားသဖြင့် အုပ်ချုပ် ရန် ကြံစည်အားထုတ်ဆဲ၌ ယခုကဲ့သို့ ငါ၏ ညီတော်က မတော်မတရား ပြုလုပ်ကျင့်ကြံသည် ဆိုသည်မှာ လွန်စွာမှ မလျော်ကန်ပေတကား"ဟု ဝမ်းနည်းစကား မိန့်ကြားလေရာ ညီတော်တိဿလည်း သတိတရား

သံဝေဂရလျက် အပြစ်ကိုဝန်ခံပြီး ရဟန်းဘောင်သို့ ဝင်သွားလေသည်။

အသောကမင်းသည် နိဂြောဓသာမဏေကို ဖူးတွေ့ရသောနေ့မှစ၍ ဗုဒ္ဓသာသနာတော်မြတ်၌ သက်ဝင်ယုံကြည်ခြင်းဖြစ်လာတော့သည်။ ထို့ကြောင့် ပရိဗ္ဗာဇကတိတ္ထိ တက္ကတွန်းများနှင့် ပုဏ္ဏားတို့အား ထမင်းဝတ်ကို ဖြတ်ပြီး နေ့စဉ်နေ့တိုင်း ရဟန်းသံဃာတော်များအား နန်းတော်သို့ ပင့်ဖိတ်၍ ဆွမ်းကပ်တော်မူ၏။ ပါဋ္ဌ–လိပုတ် မြို့တော်၌လည်း သံဃာတော်အရှင်မြတ်များ သီတင်းသုံးရန် အသောကာရာမကျောင်းတိုက်ကြီးကို ဆောက်လုပ် လှူဒါန်းတော်မူ၏။ ဇမ္ဗူဒိပ် တစ်ကျွန်းလုံးတွင်လည်း ဗုဒ္ဓမြတ်စွာနှင့် ပတ်သက်ရာဒေသတို့၌ **စေတီပုထိုးများစွာကိုလည်း** တည်တော်မူ၏။ ရေတွင်းပေါင်း **ရှစ်သောင်းလေးထောင်**၊ ရေကန်ပေါင်း ရှစ်သောင်းလေးထောင်၊ ကျောင်းပေါင်း ရှစ်သောင်းလေးထောင်၊ ဇရပ်ပေါင်း ရှစ်သောင်း လေးထောင်စသည်တို့ကို တည်ဆောက် လှူဒါန်းတော်မူ၏။ ထို့ပြင် သားတော် မဟိန္ဒနှင့် သမီးတော် သင်္ဃမိတ္တာတို့ကို ရဟန်းပြုစေပြီးသော် သာသနာ့အမွေ ခံတော်မူသည်။ တူတော်သူ အဂ္ဂနိတဗြဟ္မာ မင်းသားကိုလည်း ရဟန်းပြုခွင့် ပေးတော်မူသည်။

အသောကမင်းအား တရားသံဝေဂအကြီးအကျယ်ရအောင် ဖန်တီးလာသော အကြောင်းတစ်ရပ်မှာ ကလိင်္ဂစစ်ပွဲကြီးပင် ဖြစ်လေသည်။ အသောကမင်းကြီးသည် ရာဇဘိသိက်ခံပြီး ရှစ်နှစ်ခန့်အကြာ မောရိယအင်ပါယာအတွင်း မပါဝင်ဘဲ တသီးတခြားဖြစ်နေသော ကလိင်္ဂတိုင်းမှာ စစ်သည်ရဲမက် တစ်သိန်းကျော် ကျဆုံး၍ တစ်သိန်းငါးသောင်းတို့မှာလည်း သုံ့ပန်းအဖြစ် ဖမ်းဆီးခံရ၏။

ထိုမှတစ်ပါး ကလိင်္ဂတိုင်းပျက်၍ ထွက်ပြေးရင်း သေကျေ နစ်မွန်းကြသော လူအပေါင်းကား မရေမတွက်နိုင်အောင် များရကား အသောကမင်းသည် ထိုကလိင်္ဂတိုင်းကို တိုက်ခိုက်အောင်မြင်ပြီးနောက် ယူကျုံးမရ သတိသံဝေဂ ကြီးစွာဖြစ်တော်မူသည်။ ထို့ကြောင့် ဗုဒ္ဓဘာသာတရားတော်ကို အထူးသဖြင့် ဆည်းကပ်ကိုးကွယ်လာပြီးသော် တရားတော်နှင့်လျော်ညီစွာ ကိုယ်စိတ်နှစ်ပါး ပြုပြင်လျက် အကြီးဆုံးသော အောင်မြင်မှုသည် လက်နက်အားကိုးဖြင့်မဟုတ်ဘဲ တရားဓမ္မဖြင့်သာ မှန်ကန်သော အောင်မြင်ခြင်းမည်သည်ဟု နှလုံးစွဲပိုက်တော်မူလာ၏။ ထို့ကြောင့် အသောကမင်းသည် ဗုဒ္ဓသာသနာတော်ကို သက်ဝင်ယုံကြည်ကာ ဗုဒ္ဓသာသနာတော်နှင့်ပက်သက်သည့် အမှုကိစ္စတို့ကို ပိုမိုဆောင်ရွက်ပြီး ရဟန်းသံဃာတော်များအား လှူဒါန်းခြင်း ကုသိုလ်အမှုကိုသာ ပြုလေတော့၏။ ထိုအခါ တိတ္ထိ တက္ကတွန်းတို့သည် လာဘ်လာဘ ဆုတ်ယုတ်ရကား စားဝတ်နေရေး ခက်ခဲလာကြကုန်၏။ သို့ဖြစ်၍ လာဘ်ပူဇော်သက္ကာရ တောင့်တကာ ဗုဒ္ဓမြတ်စွာ သာသနာတော်သို့ဝင်၍ ရဟန်းပြုပြီး တရားမဟုတ်သည်ကို တရားဟုတ်၏ဟု ဟောကြကုန်၏။ ရဟန်းကောင်းတို့နှင့် ရောနှော၍ အတူတကွ ဥပုသ်ပဝါရဏာ စသော သံဃာ့ကံတို့ကို ပြုကြကုန်၏။ ယင်းသို့သာသနာတော်ကြီး၌ ရဟန်းတုရဟန်းယောင်များ ရောနှောခဲ့သဖြင့် သံဃာစစ် သံဃာမှန်များမှာ ခုနစ်နှစ်ကြာတိုင်အောင် ဥပုသ်ပဝါရဏာမပြုဘဲ နေကြကုန်၏။

အသောကမင်းကြီးသည် ထိုအကြောင်းကြားသိတော်မူလျှင် အမတ်တစ်ယောက်အား ကျောင်းတော်သို့စေလွှတ်၍ အဓိကရဏ်း

ကို မေးလျှောက်စေပြီးလျှင် "ဥပုသ်ပြုရန် သံဃာတော်တို့အား လျှောက်ထားလေလော့"ဟု စေလိုက်သည်။ ထိုအမတ်လည်း ကျောင်းသို့သွား၍ "အရှင်ဘုရားတို့ သံဃာတော်အပေါင်းသည် အညီအညွတ်ဖြစ်စေ၍ ဥပုသ်ပြုကြပါကုန်"ဟု လျှောက်ထားလေသည်။ ထိုအခါ သံဃာစစ် သံဃာမှန် အပေါင်းတို့က "မိစ္ဆာဒိဋ္ဌိအယူရှိသော ရဟန်းတု ရဟန်းယောင်တို့နှင့် ဥပုသ်မပြုကုန်"ဟု ဆိုလေလျှင် ထိုအမတ်သည် မဆင်မခြင် ခေါင်းဖြတ်၍ သတ်လေ၏။ အသောကမင်း၏ ညီတော် တိဿမထေရ်ထံ ရောက်သောအခါ အမတ်သည် သတ်ခြင်းငှာ မဝံ့သဖြင့် မင်းကြီးထံ ပြန်လျှောက်ထားရာ မင်းကြီးသည် ပြင်းစွာ ထိတ်လန့် တုန်လှုပ်လျက် "ဟယ်-အမတ်၊ ငါသည် သင့်အား ရဟန်းသံဃာတော်တို့အား သတ်စိမ့်သောငှာ စေခိုင်းသည် မဟုတ်။ အဓိကရုဏ်းငြိမ်းစေ၍ ဥပုသ်ပြုစေရန်သာစေသည်။ အသို့ပြုလေဘိသနည်း။"ဟု မိန့်တော်မူပြီးသော် ကိုယ်တော်၌ မကောင်းမှု ရှိအံ့သည်ကို ကြောက်သောကြောင့် မိမိအား မကောင်းမှုသည် ဖြစ်ပါသလော မဖြစ်ပါသလောဟု ရဟန်းတို့အား မေးလျှောက်ရာ မိမိ၌ဖြစ်ပေါ်နေသော နှလုံးနှစ်ခွ ယုံမှားသံသယသည် မပြေငြိမ်းသဖြင့် "အရှင်ဘုရားတို့၊ ကျွန်ုပ်တို့၏ ယုံမှားသံသယရှိမှုကို ပယ်ဖျောက်၍ သာသနာတော်ကို ချီးမြှောက်အံ့သောငှာ စွမ်းနိုင်သူ ရှိပါသလော" လျှောက်သည့်အခါ "မင်းကြီး၊ ဂင်္ဂါတောင်၌ သီတင်းသုံးလျက်ရှိသော အရှင်မဟာမောဂ္ဂလိပုတ္တတိဿမထေရ်သည် သာသနာတော်ကို ချီးမြှောက်ခြင်းငှာ စွမ်းနိုင်၏"ဟု မိန့်တော်မူကြကုန်၏။

မင်းကြီးသည် သံဃာတော်မြတ်များ၏ မိန့်တော်မူချက်ကို ကြားသိရသောအခါ ဝမ်းမြောက်ဝမ်းသာဖြစ်ပြီးလျှင် အရှင်မဟာ မောဂ္ဂလိပုတ္တတိဿမထေရ်မြတ်အား သာသနာတော် သုတ်သင် ရှင်းလင်းရန် ကြွရောက်တော်မူပါမည့်အကြောင်း လျှောက်ထား ပင့်လျှောက်စေသဖြင့် မထေရ်မြတ် ကြွရောက်တော်မူလာ၏။ မထေရ်သည် မင်းကြီး၌ စူးဝင်လျက်ရှိသော သံသယဆူးငြောင့်ကို ပယ်နုတ်ခြင်းငှာ တိတ္တိရဇာတ်ကို ဟောတော်မူ၏။ မင်းကြီး၏ သံသယကို ပြေငြိမ်းစေတော်မူပြီးနောက် မထေရ်မြတ်သည် မင်းကြီး ၏ ဥယျာဉ်တော်၌ ခုနစ်ရက်ပတ်လုံး သီးတင်းသုံးတော်မူလျက် မင်းကြီးအား ဘုရားရှင်၏ အယူဝါဒနှင့် မိစ္ဆာဒိဋ္ဌိ ရဟန်းတု ရဟန်းယောင်များ၏ အယူဝါဒများကို ခွဲခြားသင်ပြပေးတော်မူ လေသည်။

ထို့နောက် ရဟန်းသံဃာတော်များကို အသောကာရာမ ကျောင်းတိုက်၌ စည်းဝေးစေတော်မူပြီးလျှင် မင်းကြီးကိုယ်တိုင် အယူဝါဒများကို မေးမြန်း စိစစ်တော်မူ၏။ မြတ်စွာဘုရားသည် ဘယ်အယူဝါဒရှိသနည်းဟု မေးတော်မူလေလျှင် ဗုဒ္ဓတရားတော် ကို မသင်ယူဖူးသော ရဟန်းတု ရဟန်းယောင်များမှာ မှန်ကန်စွာ မဖြေဆိုနိုင်ကြဘဲ မြတ်စွာဘုရားသည် သဿတဝါဒီဖြစ်၏။ ဥစ္ဆေဒ ဝါဒီဖြစ်၏ စသည်ဖြင့် အယူဝါဒအသီးသီးကို ပြောဆိုကြကုန်၏။ ထိုအခါမင်းကြီးသည် 'ဤသူတို့ကား မိစ္ဆာအယူရှိသော ရဟန်းတု ရဟန်းယောင်များ ဖြစ်ကြသည်'ကို သိတော်မူ၍ အဝတ်ဖြူဝတ် စေကာ သာသနာတော်မှ နှင်ထုတ်တော်မူလေသည်။

မြတ်စွာဘုရားသခင်သည် ဝိဘဇ္ဇဝါဒီ 'အရာရာကို အကြောင်းအကျိုးအားလျော်စွာ ဝေဖန် စိစစ်ပြီးမှ လက်ခံလေ့ရှိသူဖြစ်တော်မူ၏'ဟု ဖြေကြားသည့် ရဟန်းသံဃာတော်များသာလျှင် သာသနာတော်၌ ဆက်လက် နေခွင့်ပြုတော်မူ၏။ သို့ရာတွင် အချို့တိတ္ထိ တက္ကတွန်းတို့သည် ဘုရားဟော တရားတော်များကို သင်ယူဖူးကြ၍ မင်းကြီးမေးမြန်းစိစစ်သည့်အခါ မှန်စွာဖြေဆိုနိုင်ကြ၏။ ထိုသို့ တိတ္ထိဘောင်မှ ကူးပြောင်းလာသော ဘုရားဟော တရားတော်များ သင်ကြားနာယူဖူးသော ရဟန်းတု ရဟန်းယောင်များနှင့် ထေရဝါဒမှ တစ်ပါးသော ရဟန်းများကို အရှင်မောဂ္ဂလိပုတ္တတိဿမထေရ်မြတ်ကိုယ်တိုင် စိစစ်သုတ်သင်၍ ထေရဝါဒီရဟန်းတော်များကိုသာ ရွေးချယ်တော်မူခဲ့ရပေသည်။ ရွေးချယ်စိစစ်တော်မူပြီးနောက် ဥပုသ်ပဝါရဏာကံများ ပြုလုပ်နိုင်ကြပေတော့သည်။

## တတိယသင်္ဂါယနာတင်ခြင်း

ဤသို့ သံဃာအစစ်အမှန်များကို ရွေးချယ်စိစစ်တော်မူပြီးနောက် အရှင်မောဂ္ဂလိပုတ္တတိဿ မထေရ်သည် သံဃာတော်များအလယ်၌ ကထာဝတ္ထုကျမ်းကို ဟောကြားတော်မူလေ၏။ ထိုကျမ်းမှာ အချို့သော အယူဝါဒများ မှားယွင်းပုံကို အမေးအဖြေပြုလုပ်ဟန် စိစစ်ရှင်းလင်း၍ ပြသထားသော ကျမ်းဖြစ်၏။ ကထာဝတ္ထုကျမ်းကို ဟောကြားတော်မူပြီးနောက် များစွာသော ရဟန်းသံဃာများအနက်မှ ပဋိသမ္ဘိဒါပတ္တ ပိဋကတ်သုံးပုံဆောင် ရဟန္တာမထေရ်မြတ်(၁၀၀၀)တစ်ထောင်ကို ရွေးတော်မူပြီးလျှင် ဘုရားပါဠိ ပိဋကတ်တော်များကို နှုတ်တိုက်ရွတ်ဆို၍ သင်္ဂါယနာတင်တော်မူကြလေရာ

ကိုးလတိုင်တိုင် ကြာလေသည်။

ဤသင်္ဂါယနာတင်ပွဲကို ကမ္ဘာ့သမိုင်း၌ 'သာသနာသက္ကရာဇ် (၂၃၅) အသောကမင်းတရားကြီးက သာသနာ့ဒါယကာပြုလျက် အရှင်မောဂ္ဂလိပုတ္တတိဿမထေရ်မြတ် ကြီးမှူးသော ရဟန္တာတစ်ထောင်တို့သည် ပါဋလိပုတ်နေပြည်တော် အသောကာရာမ ကျောင်းတိုက်၌ တတိယအကြိမ် သင်္ဂါယနာတင်ပွဲကြီးကို ကိုးလတိုင်တိုင် ကျင်းပခဲ့လေသည်'ဟု ရေးသားဖော်ပြထားလေသည်။

ထိုတတိယသင်္ဂါယနာတင်ပွဲတွင် အသောကမင်းကြီး၏ အလှူတော်ကို မာရ်နတ်သားက လာရောက် နှောင့်ယှက် ဖျက်ဆီးလေရာ တန်ခိုးကြီးတော်မူသော အရှင်ဥပဂုတ္တရဟန္တာ အရှင်မြတ်က မာရ်နတ်သား၏ ရန်ကို တားဆီးပေးခဲ့ရလေသည်။ မာရ်နတ်မင်းလည်း ထိုအချိန်မှစ၍ 'မည်သည့်အလှူကိုမျှ နှောင့်ယှက် ဖျက်ဆီးခြင်း မပြုတော့ပါ'ဟု ဝန်ခံ ကတိပြုရပြီး မူလအဂ္ဂသာဝက ရဟန္တာဆုပန်ထားရာက ပြန်လည်ပြင်ဆင်၍ ဘုရားဆုကို ပန်တော်မူလေသည်။

ထိုသို့ တတိယအကြိမ် သင်္ဂါယနာ တင်တော်မူပြီးနောက် ဘုရားပွင့်တော်မူရာ မဇ္ဈိမဒေသ၌ ဗုဒ္ဓသာသနာတော် ကြာရှည်လေးမြင့်စွာ တည်တံ့မည် မဟုတ်သည်ကို သိတော်မူသဖြင့် အရှင်မဟာမောဂ္ဂလိပုတ္တတိဿ အရှင်မြတ်သည် အသောကမင်းကြီးနှင့် ညှိနှိုင်းတိုင်ပင်ပြီး ကိုးတိုင်းကိုး႒ာနသို့ ဗုဒ္ဓသာသနာပြုရန် ရဟန္တာ ငါးပါးစီ စေလွှတ်တော်မူလေသည်။

* * * * *

## ကိုးတိုင်းကိုးဌာနသို့ သာသနာပြု စေလွှတ်တော်မူခြင်း

ရဟန္တာအရှင်မြတ်တို့သည် ကိုးတိုင်းကိုးဌာနသို့ သာသနာပြု ကြွရောက်တော်မူသည့် စာရင်းကို အောက်ပါအတိုင်း တွေ့ရလေသည်။

| သာသနာပြုခေါင်းဆောင်မထေရ် | | တိုင်းပြည် |
|---|---|---|
| (၁) မဇ္ဈန္တိကထေရ် | .... | ကသ္မီရ၊ ဂန္ဓာရတိုင်း (ယခုအခေါ် ကက်ရှမီးယားနှင့် အာဖဂန်နစ္စတန်နိုင်ငံ) |
| (၂) မဟာရက္ခိတထေရ် | .... | ယောနကတိုင်း (ယခုအခေါ် တရုတ်ပြည်၊ ယူနန်နယ်) |
| (၃) မဇ္ဈိမထေရ် | .... | ဟိမဝန္တာအရပ် (ယခုအခေါ် တိဘက်၊ နီပေါနိုင်ငံ) |
| (၄) ယောနကဓမ္မရက္ခိတထေရ် | .... | အပရန္တကတိုင်း (ယခုအခေါ် အိန္ဒိယပြည်၊ ဘုံဘေနယ်) |
| (၅) မဟာဓမ္မရက္ခိတထေရ် | .... | မဟာရဋ္ဌတိုင်း (ယခုအခေါ် အိန္ဒိယပြည်၊ မဟာရပ်ရှပ်တရာနယ်) |
| (၆) မဟာဒေဝထေရ် | .... | မဟိံသကတိုင်း (ယခုအခေါ် အိန္ဒိယပြည်၊ မိုက်ဆိုးပြည်နယ်) |

(၇) ရက္ခိတထေရ် .... ဝနဝါသီတိုင်း (ယခုအခေါ် အိန္ဒိယပြည်၊ ကန္နဒနယ်)

(၈) ယောဏထေရ်နှင့်ဥတ္တရထေရ်... သုဝဏ္ဏဘူမိတိုင်း(ယခုအခေါ် မြန်မာပြည်၊ သထုံမြို့ဟောင်း)

(၉) မဟိန္ဒထေရ် .... လင်္ကာဒီပ (သီဟိုဠ်ကျွန်း၊ ယခုအခေါ် သီရိလင်္ကာနိုင်ငံ)

မဇ္ဈိမထေရ်အမှူးရှိသော မထေရ်ငါးပါးတို့သည် ဟိမဝန္တာအရပ်သို့ကြွ၍ ဓမ္မစကြာတရားကို ဟောတော်မူရာ ရှစ်သန်းသောလူတို့သည်လည်းကောင်း၊

ယောနကဓမ္မရက္ခိတထေရ် အမှူးရှိသော မထေရ်မြတ်တို့သည် အပရန္တကတိုင်းသို့ ကြွ၍ အဂ္ဂက္ခန္ဓောပမသုတ်ကို ဟောကြားတော်မူရာ သုံးသောင်းခုနစ်ထောင်သော လူတို့သည် လည်းကောင်း၊

မဇ္ဈန္တိကထေရ် အမှူးရှိသော မထေရ်မြတ်တို့သည် ကသ္မီရဂန္ဓာရတိုင်းသို့ ကြွ၍ အာသိဝိသောပမသုတ်ကို ဟောတော်မူလေရာ ရှစ်သောင်းသော လူတို့သည်လည်းကောင်း၊

မဟာဒေဝထေရ် အမှူးရှိသော မထေရ်တို့သည် မဟိံသကတိုင်းသို့ကြွ၍ ဒေဝဒူတသုတ်ကို ဟောတော်မူရာ လေးသောင်းသောသူတို့သည်လည်းကောင်း၊

ရက္ခိတထေရ် အမှူးရှိသော မထေရ်မြတ်တို့သည် ဝနဝါသီ

တိုင်းသို့ကြွ၍ အနမတဂ္ဂသုတ်ကို ဟောတော်မူလေရာ နှစ်သောင်း လေးထောင်သော သူတို့သည်လည်းကောင်း၊

မဟာရက္ခိတ အမှူးရှိသော မထေရ်မြတ်တို့သည် ယောနက တိုင်းသို့ကြွ၍ ကာဠာရာမသုတ္တန်ကို ဟောတော်မူလေရာ ထိုတိုင်းသူ တိုင်းသား အပေါင်းတို့သည်လည်းကောင်း၊

သောဏထေရ်ဥတ္တရထေရ် အမှူးရှိသော မထေရ်မြတ်တို့ သည် သုဝဏ္ဏဘူမိတိုင်းသို့ ကြွ၍ ဗြဟ္မဇာလသုတ်ကို ဟောတော် မူလေရာ ခြောက်သောင်းသောသူတို့သည်လည်းကောင်း၊ ဗုဒ္ဓဘာသာ တရားတော်တွင် သက်ဝင်ယုံကြည်လာကြလေကုန်၏။

## အရှင်မဟိန္ဒထေရ် သီဟိုဠ်(သီရိလင်္ကာ)သို့ သာသနာပြု ကြွရောက်ခြင်း

တတိယသင်္ဂါယနာတင်ပြီးနောက် အရှင်မဟိန္ဒ အမှူးပြုသော ရဟန္တာငါးပါးတို့သည် သီဟိုဠ်ကျွန်း(သီရိလင်္ကာ)သို့ သာသနာပြု ကြွရောက်တော်မူကြလေသည်၊ အရှင်မဟိန္ဒ သီဟိုဠ်သို့ ကြွလာ သည်မှာ သက္ကရာဇ် ၂၁၈-မှ ၂၃၀-ပြည့်အတွင်း သီဟိုဠ်ကျွန်း၌ စိုးစံသော တိဿမင်းလက်ထက်ဖြစ်၏။

တိဿမင်းကြီးသည် အသောကမင်းတရားကြီးကို ကြည် ညို လေးမြတ်သည့်သဘောဖြင့် အသောကမင်းကြီးကဲ့သို့ပင် ဒေဝါနံပိယ ဘွဲ့တော်ကိုခံ၍ ဒေဝါနံပိယတိဿမင်းဟူသောဘွဲ့ ခံလေသည်။ (ဒေဝါနံပိယ-ဟူသည်မှာ နတ်တို့ချစ်မြတ်နိုးသောဟု အဓိပ္ပာယ်ရ၏။) အရှင်မဟိန္ဒ သီဟိုဠ်သို့ ကြွတော်မူသောအခါ နှမတော် သင်္ဃမိတ္တာထေရီမလည်း အဖော်ဘိက္ခုနီမတို့နှင့်အတူ

လိုက်ပါကြသည်ဟု သီဟိုဠ်ကျမ်း၌ ပြဆိုထားသည်၊ သီဟိုဠ်ကျွန်း အနုရာဓ နေပြည်တော်၌ စိုက်ပျိုးထားသော မဟာဗောဓိပင်မှာ သက္ကရာဇ် ၂၄၅-ခန့်က ဗုဒ္ဓဂါယာအရပ်မှ မဟာဗောဓိပင်၏ ဒက္ခိဏသာခါ လက်ယာတောင်ကိုင်းကို သဃမိတ္တာထေရီမ ယူ ဆောင်လာပြီး စိုက်ပျိုးထားသော ဗောဓိပင်ဖြစ်သည်။

အိန္ဒိယနိုင်ငံ ဘိုပါးနယ် သာဓိစေတီတော်ကြီး၌ သက္ကရာဇ် ၁၂၀-ပြည့်က ထုလုပ်ထားခဲ့သော ရုပ်လုံးတို့မှာ မဟာဗောဓိ၏ ဒက္ခိဏသာခါ လက်ယာတောင်အကိုင်းကို ဗုဒ္ဓါဂါယာအရပ်မှ သီဟိုဠ် ကျွန်းသို့ ဆောင်ယူပုံ ဖြစ်သည်။ အနုရာဓနေပြည်တော်ဟောင်း နေရာတွင် ယခုရှိသော မဟာဗောဓိပင်သည် ကမ္ဘာပေါ်တွင် ရှေး အကျဆုံး သစ်ပင်ကြီးဖြစ်၏။ ထိုဗောဓိပင်ကို သီဟိုဠ်ရဟန်းတော် များ အဆက်ဆက် အလေးဂရုပြုပြီး သစ်ပင်ရင်း၌ မြေတောင် မြှောက်ခြင်း အကိုင်းအခက်တို့ကို ခွထောက်ခြင်းပြုလာခဲ့ကြသည်။ ထိုဗောဓိပင်မှာ မူလက အတန်ငယ်သာမြင့်သည့် မြေကွက်၌ စိုက် ပျိုးခဲ့သော်လည်း အပင်ရင်းကို နှစ်ပေါင်းမြောက်မြားစွာ မြေတောင် မြှောက်လာခြင်းကြောင့် ယခုအခါ ၂၀-ပေခန့် မြင့်မောက်သော ကုန်းသဖွယ် ဖြစ်လျက်ရှိ၏။ ထိုဗောဓိပင်မှာ သက္ကရာဇ် ၂၄၅- ခုနှစ်ခန့်မှ ယခုထိဆိုလျှင် နှစ်ပေါင်း ၂၂၃၀-ကျော်ပေပြီ။ ဗုဒ္ဓဂါယာ ရှိ မဟာဗောဓိပင်မှလွဲလျှင် ဒုတိယသက်တမ်း အရှည်ဆုံးဟု ဆိုရ ပေမည်။

ဒေဝါနံပိယတိဿမင်းသည် အသောကမင်းတရားကြီးကဲ့သို့ ပင် ဗုဒ္ဓသာသနာတော်ကို ကြည်ညိုလေးစား တန်ဖိုးထားရုံမက

အဖိုးများစွာထိုက်သော စေတီပုထိုး ကျောင်းကန်ဇရပ်တို့ကို အကြိမ်ကြိမ် ဆောက်လုပ်လှူဒါန်းခဲ့လေရာတွင် ပေခုနစ်ဆယ်ရှိသော အလွန်တရာကြီးမားခဲ့သွားသည့် ထူပါရုံစေတီတော်ကြီးမှာ ထင်ရှားလှသည်။ ယင်းစေတီတော်ကြီး၏ မနီးမဝေး၌ ရဟန်းတော်တို့ သီတင်းသုံးတော်မူရန် ဝိဟာရကျောင်းတော်ကြီးကိုလည်း တိဿမင်းကြီးက ဆောက်လုပ်လှူဒါန်းခဲ့သည်။ ထူပါရုံစေတီတော်ကြီးမှ ရှစ်မိုင်ခန့်ဝေးသောအရပ်၌ အလွန်မတ်စောက်သည့် တောင်ကုန်း၏ ကမ်းပါးယံတွင် ကျောက်ဆောင်ကို ထွင်းဖောက်၍ ကျောက်ဂူကြီး လုပ်ထားရာ ထိုကျောက်ဂူကြီးမှာ အရှင်မဟိန္ဒ သီးတင်းသုံးနေထိုင်ရာ ဖြစ်၏။ ကျောက်ဂူကြီးကို တက်ရန် လှေကားစောင်းတန်းကိုလည်း ကျောက်ဖြင့်ပင် ထုလုပ်လှူဒါန်းထားလေသည်။

## ဒေဝါနံပိယတိဿမင်းကြီးအကြံတော်ဖြစ်ခြင်း

ဒေဝါနံပိယတိဿမင်းကြီးသည် ဗုဒ္ဓဘာသာကို သက်ဝင်ယုံကြည်ကိုးစားလာသည်နှင့်အမျှ တစ်နေ့တွင် ဗုဒ္ဓရုပ်ပွားတော်များ ထုလုပ်ပူဇော်ကိုးကွယ်လိုသည့် ဆန္ဒအာသာပြင်းပြစွာ ပေါ်ပေါက်လာလေသည်။ ထိုအကြောင်းကို အရှင်မဟိန္ဒအရှင်မြတ်အား လျှောက်ထားတော်မူလေသည်။ ထိုအခါ အရှင်မဟိန္ဒက “ဒကာတော်မင်းမြတ် ဗုဒ္ဓမြတ်စွာ ပရိနိဗ္ဗာန်စံဝင်တော်မူပြီးသည့်နောက်ပိုင်းတွင် ဗုဒ္ဓ၏ ဝါဒလမ်းစဉ်ကို လိုက်နာကျင့်ကြံအားထုတ်ကြသော လူအပေါင်းတို့သည် မြတ်စွာဘုရားအား မဖူးမြော် မကြည်ညိုရဘဲ ဘုရား၏ ဓမ္မဒေသနာတော်မြတ်ကို ဘုရား၏သားတော်များဖြစ်ကြကုန်သော ရဟန်းသံဃာတော် အရှင်သူမြတ်အပေါင်းတို့က

သာ လူတို့အား ဟောကြားလေသဖြင့် ဘုရားမြတ်စွာ၏ တရားဓမ္မအဆုံးအမကို လိုက်နာခံယူ ကျင့်ကြံအားထုတ်ကြစေရန်၊ ဘုရားရှင်ကို ပိုမိုကြည်ညိုသဒ္ဓါတရား ထက်သန်စေရန်နှင့် ဗုဒ္ဓမြတ်စွာ သာသနာ နေရောင် လရောင်ပမာ ထွန်းလင်းပြီး သာသနာအနှစ်ငါးထောင်ပတ်လုံး တည်စေရန်အတွက် လူတို့ကိုယ်တိုင်ကိုယ်ကျ မဖူးမြော်မကြည်ညို လိုက်ရသော ဘုရားရှင်တို့၏ ပုံတူရုပ်ပွားဆင်းတုတော်ကို ထုလုပ် သွန်းလောင်းပြီး ဘုရားသခင်တို့၏ ဆံတော်၊ ဓာတ်တော်၊ မွေတော်၊ အံတော်၊ ဗောဓိခက် ဗောဓိရွက်တို့ကို ဌာပနာထည့်သွင်း၍ တည်ထားကိုးကွယ်ကြလျှင် သာသနာငါးထောင် ကာလပတ်လုံး တည်တံ့ ကြပါလိမ့်မည်။ ထို့ကြောင့် ဤဘဒ္ဒကမ္ဘာ၌ ပွင့်တော်မူလေပြီးသော ကကုသန်၊ ကောဏဂုံ၊ ကဿပ၊ ဂေါတမ မြတ်ဗုဒ္ဓလေးဆူ ညီတော် နောင်တော် ပုံတော်လေးဆူကို ထုလုပ် သွန်းလောင်းပြီး ကိုးကွယ်ကြ”ဟု မိန့်ကြားတော်မူလေသည်။

## ရုပ်ပွားတော်လေးဆူထုလုပ်ပူဇော်ခြင်း

ထိုခဏ၌ တာဝတိံသာပြည့်ရှင် သိကြားမင်း၏ နေထိုင်ရာ ပဏ္ဍုကမ္ဗလာ မြကျောက်ဖျာ တင်းမာမှုကြောင့် လူ့ပြည်သို့ ကြည့်ရှုလျှင် ဒေဝါနံပိယတိဿမင်းကြီး၏အကြံတော်နှင့် အရှင်မဟိန္ဒ အရှင်မြတ်တို့၏ မိန့်မြွက်စကားတို့ကို သိမြင်ခဲ့လေသည်။

ထို့ကြောင့် သိကြားမင်းသည် သီဟိုဠ်နိုင်ငံ ဒေဝါနံပိယတိဿမင်းကြီး၏ နန်းတော်သို့ သက်ဆင်းကာ ဗုဒ္ဓမြတ်စွာရုပ်ပွားတော် လေးဆူကို ထုလုပ်ရာတွင် ပါဝင်ကူညီ ဆောင်ရွက်တော့သည်။

သိကြားမင်းသည် ရုပ်ပွားတော်လေးဆူထုလုပ်ရန် ကရမက်သား အနှစ်၊ နံ့သာဖြူအနှစ်၊ နံ့သာနီအနှစ်တို့ကို ရှာဖွေယူဆောင်ပေး လေသည်။ ဒေဝါနံပိယတိဿ မင်းကြီးသည် ပန်းပုဆရာ ဗိသုကာ ဆရာအကျော်အမော်တို့ကို အဆင်သင့် ပြင်ဆင်ထားစေသည်။ ပန်းပုကျော်တို့သည် အရှင်မဟိန္ဒထေရ်မြတ်၏ အစီအမံဖြင့် ရုပ်ပွား ဆင်းတုတော်လေးဆူထုလုပ်ရာတွင် အလွယ်တကူ ပြီးမြောက်လေ သည်။

ထိုဗုဒ္ဓရုပ်ပွားတော်လေးဆူတို့တွင် ဗုဒ္ဓမြတ်စွာ၏ ဆံတော်၊ ဓာတ်တော်၊ မွေတော်၊ ဗောဓိခက်၊ ဗောဓိရွက်တို့ကို ရတနာခုနစ် ပါးရေဖြင့် သန့်ရှင်းစင်ကြယ်စွာ ဆေးကြောပြီး ဌာပနာသွင်းတော် မူလေသည်။ ၎င်းနောက် ရွှေသင်္ကန်းကပ်ခြင်း (ရွှေချခြင်းများ)အမှု တို့ကို ပြုကြလေသည်။ မင်းကြီးသည် ဗုဒ္ဓရုပ်ပွားတော်မြတ်လေးဆူ ကို ပူဇော်ရန် မင်္ဂလာနန်းဦးမုခ်ဝတွင် မင်္ဂလာမဏ္ဍပ်တော်ကြီး ဆောက်လုပ်လျက် ခေတ္တသီတင်းသုံးတော်မူရန် စီမံလေသည်။

မင်းကြီးသည် ထိုဗုဒ္ဓရုပ်ပွားလေးဆူကို ရတနာခုနစ်ပါး ဖြင့် လည်းကောင်း၊ ရွှေထီး၊ ငွေထီး၊ ရွှေပန်းခိုင်၊ ငွေပန်းခိုင်၊ ရွှေပေါက်ပေါက်၊ ငွေပေါက်ပေါက်၊ တံခွန်၊ ကုက္ကား၊ မုလေးပွားနှင့် ဆွမ်း၊ ပန်း၊ ရေချမ်း၊ ဆီမီးရောင်စုံ၊ ပန်းမျိုးစုံ၊ နံ့သာပေါင်းစုံတို့ ဖြင့်လည်းကောင်း၊ တစ်ဆယ့်ငါးရက်တိုင်တိုင် ရှိခိုးပူဇော်ဖူးမြော် ပြီး ဗုဒ္ဓပူဇနိယပွဲတော်သဘင် ဆင်ယင်ကျင်းပလေသည်။ မင်းနေပြည် တော်အနီးပတ်ဝန်းကျင်မှ ရဟန်းရှင်လူ ပြည်သူအပေါင်းတို့သည် ဗုဒ္ဓပူဇနိယပွဲတော်သဘင်သို့ နေ့ညမစဲ တဖွဲ့ဖွဲ့လာရောက်ကြည်ညို

ပူဇော်လှူဒါန်းကြသည်မှာ အထူးစည်ကားများပြားလှပေ၏။

ဗုဒ္ဓရုပ်ပွားတော်လေးဆူကို အားရအောင် ပူဇော်ပြီးသော အခါ အရှင်မဟိန္ဒထေရ်မြတ်က “ဒကာတော်ရေမြေ့ရှင်၊ ဤဗုဒ္ဓရုပ်ပွားတော်မြတ်လေးဆူကို ဤတိုင်းပြည်၌ ကိုးကွယ်တော်မမူလင့်။ ဗုဒ္ဓရုပ်ပွားတို့၏ အလိုတော်ကျ သီတင်းသုံးလိုရာအရပ်သို့ ကြွရောက်တော်မူကြပြီး သီတင်းသုံးတော်မူနိုင်ရန် မဟာသမုဒ္ဒရာအတွင်းသို့ မျှောကြွတော်မူလေလျှင် ဗုဒ္ဓရုပ်ပွားလေးဆူတို့သည် သာသနာတော်မြတ်ကြီး ပွင့်လင်းရာ အရပ်အသီးသီးသို့ ကြွရောက်တော်မူကြပါလိမ့်မည်။ ထိုသို့ အရပ်ဒေသအသီးသီးမှ ဗုဒ္ဓဘာသာဝင်သူတော်စင်အပေါင်းသည် ဗုဒ္ဓရုပ်ပွားတော်မြတ်များအား ပင့်ဆောင်ကြည်ညိုကြလိမ့်မည်။ သို့မှသာ သာသနာတော်ကြီး ပိုမိုထွန်းကားပြန့်ပွားလိမ့်မည့်”ဟု မိန့်ကြားလေရာ မင်းကြီးသည် အရှင်မဟိန္ဒမထေရ်မြတ်၏ စကားကို များစွာသဘောကျ နှစ်ခြိုက်လေသည်။ ထို့ကြောင့် ရုပ်ပွားလေးဆူကို သမုဒ္ဒရာပင်လယ်ကြော မျှောကြွစေရန် စီစဉ်ကြကုန်၏။

## ရုပ်ပွားတော်လေးဆူကို သမုဒ္ဒရာအတွင်းသို့ မျှောခြင်း

သိကြားမင်းသည် ဗုဒ္ဓရုပ်ပွားတော်မြတ်လေးဆူကို စောင့်ရှောက်ရန်အတွက် သာသနာစောင့် နတ်မင်းကြီးလေးပါးကို တာဝန်ပေးလေသည်။ နတ်မင်းကြီးလေးပါးကလည်း ရုပ်ပွားတော်တစ်ဆူစီကို လိုက်ပါစောင့်ရှောက်ရန် နတ်တစ်ပါးစီနှင့် ရေနတ်နဂါးတစ်ပါးစီကို အသီးသီးတာဝန်ပေးလေသည်။

သာသနာစောင့် နတ်မင်းကြီးလေးပါးတို့သည် အဆိုပါ

တာဝန်အပ်ခြင်းခံရသော စတုမဟာရာဇ်နတ်သားလေးပါးကို "အသင်နတ်သားတို့ သည်မိုးကောင်းကင်တွင် အစာရှာဖွေ မြူးထူးပျော်ပါးကျက်စားသွားလာ ပျံသန်းသွားကြကုန်သော ပင်လယ်ငှက်ကြီးတို့၏ ကောင်းကင်ယံမှ စွန့်ပစ်ချသော အညစ်အကြေးများသည် ဗုဒ္ဓရုပ်ပွားတော်မြတ်များ၏ အပေါ်ယံဝယ် ကင်းစင်သန့်ရှင်းစေရန်အတွက်လည်းကောင်း၊ အင်း အိုင် ဆေးဝါးမန္တရားအတတ်တို့ဖြင့် အထက်ကောင်းကင်တွင် ကူးလူးနေကြသည့် ဝိဇ္ဇာ ဇော်ဂျီ တပသီတို့မှစ၍ ပုဂ္ဂိုလ်အသီးသီးတို့၏ ဖြတ်သန်းခြင်းမှသော်လည်းကောင်း၊ ဖယ်ရှားလျက် ကာကွယ်စောင့်ရှောက်ရမည်"ဟု မိန့်ကြားလေသည်။

တစ်ဖန် ဘောဂဝတီနတ်နဂါးမင်းကြီးကလည်း နတ်နဂါးလေးပါးကို "ရေတွင်ကျက်စားသွားလာနေထိုင်ကြသည့် ငါးမန်း၊ ငါးဆင်၊ ငါးတန်၊ ငါးရွေး၊ မကန်းနှင့် မိကျောင်းတို့မှစပြီး ထိုသတ္တဝါကြီးတို့သည် ဗုဒ္ဓရုပ်ပွားတော်များ မျောကြွရာ တစ်လျှောက်တွင် မရှိကြရလေအောင် ဖယ်ရှားကြလေလော့"ဟု၍ တာဝန်အသီးသီးပေးသည်။

ဗြဟ္မာမင်းကြီးသည်လည်း ဗုဒ္ဓရုပ်ပွားတော်လေးဆူ မျောကြွသည့် အခမ်းအနားသို့ ကြွရောက်လေသည်။

သာနာသက္ကရာဇ် ၂၃၇–ခုနှစ်၊ နေ့တစ်နေ့တွင် သီဟိုဠ်နိုင်ငံ အနုရာဓမြို့တော် ဇမ္ဗုကောလဆိပ်ကမ်း၌ ရဟန်းရှင်လူ မင်းနှင့်ပြည်သူတို့ ကမ်းလုံးညွတ်မျှ စည်ကားသိုက်မြိုက်လှ၏။ ဗုဒ္ဓရုပ်ပွားတော်လေးဆူကို မဟာသမုဒ္ဒရာမှ တိုင်းခြားပြည်ရွာသို့ မျှောတော်မူသော အခမ်းအနားတွင် အရှင်မဟိန္ဒမထေရ်မြတ်နှင့် ရဟန်း

တော်များ၊ သိကြားမင်း၊ ဗြဟ္မာမင်း၊ သာသနာတော်စောင့် နတ်မင်းကြီးလေးပါးနှင့် တာဝန်ကျနတ်သားလေးပါး၊ ရေနတ်နဂါးမင်းကြီးနှင့် တာဝန်ကျရေနတ်နဂါးလေးပါး၊ ဒေဝါနံပိယသဿတိဿမင်းကြီးနှင့် မိဖုရားကြီးတို့အပြင် အိမ်ရှေ့မင်း၊ မှူးကြီးမတ်ရာ၊ စစ်သေနာပတိချုပ်နှင့်တကွ နန်းတွင်းသူနန်းတွင်းသား၊ အခြွေအရံများ၊ ပြည်သူပြည်သား လူအများ စုံညီစွာရောက်ရှိကာ ဗုဒ္ဓရုပ်ပွားတော်လေးဆူတို့ကို ရှိခိုးပူဇော်ကုန်ကြပြန်၏။

အားရပါးရ ပူဇော်ပြီးသောအခါ မင်းကြီးသည် ရုပ်ပွားတော်တစ်ဆူကို သင်္ဘောကန်းတုံးတစ်ခုပေါ်တွင် လည်းကောင်း၊ တစ်ဆူကို ကျွန်းတုံးပေါ်တွင်လည်းကောင်း၊ တစ်ဆူကို ပိန္နဲတုံးပေါ်တွင်လည်းကောင်း၊ ကျန်တစ်ဆူကို ကျောက်လှည်းဘီးပေါ်တွင်လည်းကောင်း၊ အသီးသီးတင်ဆောင်ပြီးလျှင် ဖောင်ငယ်အသီးသီးပေါ်သို့ တင်တော်မူကြ၏။ ထိုဖောင်ငယ်လေးခုကိုလည်း ဇမ္ဗူ ကောလဆိပ်ကမ်းသို့ ချလေသည်။

ထိုအချိန်တွင် အံ့ဖွယ်သရဲ ထူးထူးကဲကဲ ရုပ်ပွားတော်လေးဆူစလုံး မျက်လုံးတော်တို့မှ မျက်တောင်တဖျက်ဖျက်ခတ်ခြင်း၊ ရောင်ခြည်တော်ခြောက်သွယ် ဖြာထွက်ခြင်းတို့ဖြင့် တန်ခိုးပြာဋိဟာ ပြတော်မူသည်ကို လူနတ်ဗြဟ္မာတို့ နှစ်ထောင်းအားရစွာ ဖူးမြော်လိုက်ကြရပါလေသည်။

ဒေဝါနံပိယတိဿမင်းကြီးသည် “ဤဗုဒ္ဓရုပ်ပွားတော် လေးဆူတို့သည် ဗုဒ္ဓသာသနာတော်ထွန်းကားရာဒေသသို့ ကြွချီ၍ ကိန်းဝပ်စံပယ်တော်မူလိုရာ အရပ်ဌာနတို့၌ တည်တံ့ပါစေသတည်း”ဟု

အခမ်းအနားပြုပြီးလျှင် သမုဒ္ဒရာပြင်သို့ မျှောလိုက်သည်။ သက်ဆိုင်ရာ တာဝန်ကျသော နတ်လေးပါးနှင့် ရေနတ်နဂါး လေးပါးတို့က စောင့်ရှောက်လိုက်ပါကြလေ၏။ ကမ်းလုံးညွတ်မျှသော ရဟန်းရှင်လူ လူထုပရိသတ်ကြီးသည် ဗုဒ္ဓလေးဆူမျောကြွရာသို့ မျက်စိတဆုံးဖူးမြော်ကြည်ညိုကြကုန်၏။

ဗုဒ္ဓရုပ်ပွားတော်မြတ် လေးဆူတို့သည် ပင်လယ်သမုဒ္ဒရာအတွင်း မရပ်မနား စက်ရဟတ်ခြားကဲ့သို့ တန်ခိုးတော်အနန္တဖြင့် စံပယ်ကာကြွသွားပြီး သာသနာတော်ထွန်းကားရာ သုဝဏ္ဏဘူမနိုင်ငံ ပင်လယ်ကမ်းစပ်သို့ ဆိုက်ကပ်ရောက်ရှိတော်မူကြကုန်လေ၏။

ဤကာလတွင် ယခင် ဗုဒ္ဓမြတ်စွာ ဘုရားသခင်ကိုယ်တော်တိုင် မျိုးစေ့ချပေးသွားတော်မူခဲ့သော ဗုဒ္ဓဝါဒသာသနာတော်မြတ်သည် သုဝဏ္ဏဘူမိဘုရင် စူဠသီရိမာသောကမင်းကြီးလက်ထက်၌ မောရိယဘုရင် အသောကမင်းကြီး၏ တတိယအကြိမ် သင်္ဂါယနာတင်အပြီး ရောက်ရှိလာကြသော သောဏထေရ်နှင့် ဥတ္တရထေရ်တို့ ကြီးမှူးသော ထေရဝါဒဗုဒ္ဓသာသနာပြု အရှိန်အဟုန်ကြီးကြောင့် သာသနာတော် ရောင်ဝါနေသို့ ထွန်းသောအချိန် ဖြစ်ပါသည်။

ဒဂုံ၊ ဒလ၊ ပုသိမ်၊ မြောင်းမြ၊ ရန်ကုန်၊ မုတ္တမ စသည့် မြို့ပြနယ်ပယ်များ၊ (ဧရာဝတီမြစ်ဝ၊ စစ်တောင်းမြစ်ဝ၊ သံလွင်မြစ်ဝ၊ မုတ္တမပင်လယ်ကွေ့)မှ မလေးကျွန်းဆွယ်ဒေသအထိ မွန်တို့၏ သုဝဏ္ဏဘူမိမြို့ပြနိုင်ငံကြီး ထွန်းကားနေချိန်လည်း ဖြစ်ပေသည်။

ကျွန်းတုံးဖြင့် မျောကြွလာသော ဗုဒ္ဓရုပ်ပွားတော်မြတ်တစ်ဆူသည် ပုသိမ်(ကော့သမိန်)မြို့အနီး ဆိပ်ကမ်းတစ်နေရာတွင် တန့်ရပ်

တော်မူကာ ကျွန်းတုံးပေါ်၌ပင် သီတင်းသုံးစံပယ်တော်မူလျက် ရှိလေသည်။ သက်န်းတုံးဖြင့် မျောကြွလာသော ဗုဒ္ဓရုပ်ပွားတော်မြတ်တစ်ဆူသည် ကျိုက္ခမီမြို့ ပင်လယ်ကမ်းစပ်ရှိ ဗုဒ္ဓမြတ်စွာ၏ ဆံတော်ရှင်စေတီတည်ရှိရာသို့ ရောက်ရှိတော်မူသောကြောင့် ဆယ်ယူပင့်ဆောင်ကြကာ ကျိုက္ခမီဆံတော်ရှင်စေတီနှင့်အတူ ယှဉ်တွဲ တည်ထားကိုးကွယ်ခဲ့ကြ၏။ ယခုကျိုက္ခမီရေလယ်ဘုရားဟု ခေါ်ဆိုကြလေသည်။

ပိန္နဲတုံးဖြင့် မျောကြွလာသော ဗုဒ္ဓရုပ်ပွားမြတ်တစ်ဆူသည် ထားဝယ်မြို့ဆိပ်ကမ်းသို့ ရောက်ရှိသီတင်းသုံးတော်မူကာ ယခုအခါ ထားဝယ် ရှင်မုတ္ထီးဘုရားဟု အမည်တွင်လေသည်။

ကျောက်လှည်းဘီးဖြင့် မျောကြွလာသော ဗုဒ္ဓရုပ်ပွားတော်မြတ်တစ်ဆူသည် ကျိုက်ထိုမြို့တောင်ဘက် ဇီးကုန်းချောင်းရိုးအတွင်း ကြွမြန်းရောက်ရှိ စံပယ်တော်မူ၏။

## သာသနာစောင့်နတ်မင်းကြီးနှင့် ဝိဇ္ဇာမိုရ်

တစ်နေ့တွင် အိန္ဒိယပြည်မှ ဝိဇ္ဇာမိုရ်တစ်ဦးသည် ကျိုက်ထီးရိုးတောင်တန်းသို့ ဆေးမြစ်ဆေးပင်များ နုတ်ယူရန် ကောင်းကင်ခရီးဖြင့် ဘင်္ဂလားပင်လယ်သမုဒ္ဒရာကို ဖြတ်ကျော်လာလေသည်။ ဆေးဝါးအတွက် စိတ်စောနေသော ဝိဇ္ဇာမိုရ်သည် ပင်လယ်သမုဒ္ဒရာအတွင်း မျောကြွနေသည့် ဗုဒ္ဓရုပ်ပွားတော်မြတ်တို့ကို သတိမမူဘဲရှိလေသည်။

ဤတွင် သာသနာတော်စောင့်နတ်မင်းကြီးသည် ရုတ်ခြည်းပေါ်လာပြီးလျှင် ထိုဝိဇ္ဇာမိုရ်အား ခေတ္တနေပြီးမှ ရှေ့သို့ ခရီးဆက်ရန် ပြောကြားပြီးသော် ပျောက်ကွယ်သွားလေသည်။ ထိုဝိဇ္ဇာမိုရ်သည် နတ်မင်းကြီးပြောကြားသည်ကို ဂရုမပြုမိဘဲ အမှတ်မထင်ရှေ့သို့

ခရီးဆက်သွားလေရာ ဗုဒ္ဓရုပ်ပွားတော်မြတ်အပေါ်မှ ဖြတ်ကျော်သွားမိသောကြောင့် ၎င်း၏ပြဒါးလုံးသည် သမုဒ္ဒရာအတွင်းသို့ လွတ်ကျသွားပြီး ၎င်းမှာလည်း ဟိုင်းကြီးကျွန်းပေါ်သို့ ကျရောက်ခဲ့လေတော့သည်။ ဤသို့ဖြစ်ရခြင်းအကြောင်းရင်းကို ဆင်ခြင်သော် ဗုဒ္ဓရုပ်ပွားတော်မြတ်လေးဆူတို့သည် ရေပေါ်တွင် မျောကြွနေသည်ကို မြင်လေမှ ဝိဇ္ဇာမိုရ်သည် သတိရရှိလာပြီး ရှိခိုးကန်တော့ တောင်းပန်လေသည်။

လွတ်ကျသွားတော ပြဒါးလုံးသည် သမုဒ္ဒရာတွင်းမှ နတ်နဂါးတစ်ပါးက ရရှိထားလေသည်။ ဝိဇ္ဇာမိုရ်လည်း ၎င်းပြဒါးလုံးပြန်လည်ရရှိရန်အတွက် ဗုဒ္ဓရုပ်ပွားတော်လေးဆူကို ရှိခိုးတောင်းပန်လေသော် နတ်နဂါးတစ်ပါးသည် ရေပေါ်သို့ပေါ်လာပြီး ပြဒါးလုံးကို ပြန်ပေးလေ၏။ ပြဒါးလုံးကို ပြန်လည်ရရှိသောအခါ ဝိဇ္ဇာမိုရ်သည် အလွန်ဝမ်းမြောက်ရကာ ရေနတ်နဂါးအား နှုတ်ဆက်၍ ကျိုက်ထီးရိုး တောင်တန်းကြီးသို့ ကောင်းကင်ခရီးဖြင့် ဆက်လက်ထွက်ခွာသွားလေသည်။

* * * * *

# ကျိုက်ပေါလောဘုရားပင်ဆောင်ကိုးကွယ်ကြပုံ

## ဒေါ်လုံမ၏ အိပ်မက်

သာသနာသက္ကရာဇ်(၈၀၃)ခုနှစ်၊ ကျိုက်ထိုမြို့ကို ဗျဂ္ဃမင်း မင်းပြုအုပ်ချုပ်ချိန်တွင် ကျိုက်ထိုမြို့၌ ပစ္စည်းဥစ္စာ ကြွယ်ဝချမ်းသာသော သူဌေးကြီး ဦးဖိုးထော်နှင့်ဇနီး ဒေါ်လုံမတို့ ရှိကြသည်။ ၎င်းတို့ ဇနီးမောင်နှံမှာ ပစ္စည်းဥစ္စာ ချမ်းသာကြွယ်ဝသလောက် ရတနာသုံးပါးကို အထူးကြည်ညိုလေးစားပြီး အကျင့်သီလ သိက္ခာသမာဓိနှင့်လည်း ပြည့်စုံအောင် ထိန်းသိမ်းကြလေသည်။ အမြင့် အလတ် အနိမ့် ပစ္စည်းဥစ္စာ ချမ်းသာဆင်းရဲ လူတန်းစားမရွေး ဖော်ရွေ ဆက်ဆံတတ်ကြသဖြင့် လူတိုင်း၏ ချစ်ခင်ကြည်ညို လေးစားခံကြရသည်။

ထိုသူဌေးကြီး ဇနီးမောင်နှံတို့သည် ကျိုက်ထိုမြို့၏ အရှေ့ဘက် ဘုရားသုံးဆူတောင်ပေါ်တွင် သီတင်းသုံးနေထိုင်လျက်ရှိသော မဟာဂုရု ရသေ့ကြီးအား ပစ္စည်းလေးပါးတို့၏ဒါယကာအဖြစ် လိုအပ်သော လှူဖွယ်ပစ္စည်းအဝဝကို တာဝန်ယူလှူဒါန်းနေသည့် ကျောင်းဒါယကာ ဒါယိကာမတို့ ဖြစ်ကြသည်။ တစ်နေ့သော နံနက်အရုဏ်တက်ခါနီးအချိန်၌ ဒေါ်လုံမသည် ထူးဆန်းသော အိပ်မက် မြင်မက်လေသည်။

ဂေါတမမြတ်စွာဘုရားသခင်သည် အထက်မိုးကောင်းကင်၌ ခြောက်သွယ်သော ရောင်ခြည်တော်မြတ် ကွန့်မြူးလျက် တန်ခိုးပြာဋိဟာပြတော်မူပြီး ဒေါ်လုံမ အိမ်ဦးခန်းအတွင်းရှိ ပလ္လင်ထက်၌ တင်ပျဉ်ခွေထိုင်လျက် သီတင်းသုံးတော်မူသည်ကို ဖူးမြော် ကြည်

ညိုရသည်ဟု အိပ်မက် မြင်မက်လေသည်။ ခင်ပွန်းဖြစ်သူ ဦးဖိုးထော်အား အိပ်မက်အကြောင်း အလုံးစုံပြောပြလေရာ အိပ်မက်သည် မင်္ဂလာကျက်သရေနှင့် ပြည့်စုံသည့် အိပ်မက်ဖြစ်သဖြင့် မည်သူ့အား မျှပြောမပြရန် ဦးဖိုးထော်က သူဇနီးအား မှာကြားလေသည်။

သူဌေးကြီး ဇနီးမောင်နှံသည် နောက်တစ်နေ့ နံနက်တွင် ၎င်းတို့ ကိုးကွယ်နေသော မဟာဂုရုရသေ့ကြီး၏ ကျောင်းသခ်မ်းသို့ သွားရောက်၍ ဒေါ်လုံမ၏ အိမ်မက်အကြောင်း အပြည့်အစုံကို မဟာဂုရု ရသေ့ကြီးထံ လျှောက်ထားလေသည်။

ရသေ့ကြီးက အိပ်မက်သည် မင်္ဂလာရှိသော အိပ်မက်ဖြစ်၍ ဒကာ, ဒကာမကြီးတို့သည် ခုနစ်ရက်, ခုနစ်လအတွင်း ကန်ခိုးကြီးမားသည့် ဘုရား, ရဟန္တာ, ပစ္စေကဗုဒ္ဓါ-တို့အား ကိုးကွယ်ရပြီးလျှင် ဘုရားဒါယကာအမှန်ဖြစ်မည်ဟု မိန့်ကြားလိုက်လေသည်။ ဤတွင် ဦးဖိုးထော်နှင့်ဒေါ်လုံမတို့လည်း ဝမ်းမြောက်ဝမ်းသာ ပီတိဖြာလျက် မဟာဂုရုရသေ့ကြီးအား ကန်တော့၍ ပြန်လာကြသည်။ ထိုနေ့မှစ၍ ရတနာသုံးပါးကို ယခင်ကထက် ပိုမိုယုံကြည် ပိုမိုကြည်ညိုကြပြီး ငါးပါးသီလကို အမြဲစောင့်ထိန်းလျက် နေကြလေသည်။

## မဟာဂုရုရသေ့ကြီးနှင့် ဘုရားသုံးဆူတောင်

ယခုအခါ ဘုရားသုံးဆူတောင်ဟု ခေါ်တွင်နေသော ကျိုက်ထိုအရှေ့ဘက်ရှိတောင်ကို ရှေးအခါက “မဟာဂုရုတောင်”ဟု ခေါ်ဝေါ်ခဲ့လေသည်။ မဟာဂုရုရသေ့ကြီး စတင်နေထိုင်ခဲ့ခြင်းကြောင့် အဆိုအမည်တွင်ခြင်းဖြစ်သည်။ မဟာဂုရုရသေ့ကြီးမှာလည်း ကျိုက်ထို

ဒေသပတ်ဝန်းကျင်အတွင်းရှိ တောမှီပျော်မွေ့ရှင်ရသေ့တို့တွင် ဆရာ တစ်ဆူဖြစ်လေသည်။

ဤမဟာဂုရုရသေ့ကြီးမှစ၍ ဘုရားသုံးဆူတောင်ပေါ်တွင် အစဉ်အဆက် သီတင်းသုံးခဲ့ကြသော ရသေ့အကြီးအကဲတို့ကို မဟာ ဂုရုဟုပင် ခေါ်ဝေါ်ခဲ့ကြ၏။

ဘုရားသုံးဆူတောင်သည် မဟာဂုရုရသေ့ကြီးများ အစဉ် အဆက် ပြုစုပျိုးထောင်တော်မူသောကြောင့် နှလုံးမွေ့လျော်ဖွယ် ရာဖြစ်လာ၏။ ထိုတောင်အကြောင်းကို လူအပေါင်းတို့က အမြဲ တမ်းချီးမွမ်းကြကုန်သည်၊ ထိုသို့ ချီးမွမ်းခြင်းကို အစွဲပြု၍ "မောဒန တောင်"ဟု အမည် ပြောင်းလဲခဲ့လေသည်။

တစ်နည်းလည်း ဘုရားလောင်း ဥဒေါင်းမင်းဘဝ ဖြစ်စဉ်က ခရီးတစ်ထောက်နားခိုခဲ့ဖူးရာ တောင်တော်ဖြစ်၍ မောရတောင် ဟု လည်း ခေါ်ဆိုကြလေသည်။ ထို့ကြောင့် ဘုရားသုံးဆူတောင်ကို ရှေးအခါက (၁)မဟာဂုရုပဗ္ဗတ၊ (၂)မောဒနပဗ္ဗတ၊ (၃)မောရပဗ္ဗတ တောင်ဟု အမည်(၃)မျိုး ခေါ်တွင်ခဲ့ခြင်း ဖြစ်လေသည်။

တတိယသင်္ဂါယနာတင်ပြီး ကျိုက်ထိုနားကပ်နေသော သု- ဝဏ္ဏဘူမိနေပြည်တော်သို့ သောဏနှင့် ဥတ္တရ မထေရ်နှစ်ပါးတို့ သာသနာပြု ကြွရောက်တော်မူလာသည်။ ထိုမှတစ်ဆင့် မထေရ်မြတ် နှစ်ပါးသည် မောရပဗ္ဗတတောင်ဒေသသို့ ကြွချီဆိုက်ရောက် သာသနာ ပြုပြန်သည်။ ဤတောင်သည် အလွန်သာယာကြည်နူးဖွယ်ကောင်း ပြီး သူတော်စင်တို့ တရားဓမ္မမွေ့လျော်ရန် အလွန်သင့်တော်လေသည်။

သောဏနှင့် ဥတ္တရမထေရ်တို့သည် မောရပဗ္ဗတတောင်

ပေါ်တွင် ခေတ္တယာယီ သီတင်းသုံးနေတော်မူစဉ် ဗုဒ္ဓ၏ သရီရ ဓာတ်တော်များ ပင့်ဆောင်လာကြပြီး ဤတောင်တော်၌ ကျောက် စေတီကြီးသုံးဆူကို တည်တော်မူလေသည်။ သောဏမထေရ်သည် သောဏစေတီကိုလည်းကောင်း၊ ဥတ္တရမထေရ်သည် ဥတ္တရစေတီ ကိုလည်းကောင်း၊ မထေရ်နှစ်ပါးပေါင်းတည်သည့် သောဏဥတ္တရ စေတီကိုလည်းကောင်း အသီးသီးတည်ထား ကိုးကွယ်ကြလေသည်။

ထိုသို့သောဏနှင့် ဥတ္တရမထေရ် ရဟန္တာအရှင်မြတ်နှစ်ပါး တို့က ဗုဒ္ဓမြတ်စွာ၏ သရီရဓာတ်တော်များကို ဌာပနာပြုကာ တည် ထားကိုးကွယ်ခဲ့သော စေတီသုံးဆူကို အကြောင်းပြု၍ နှောင်းလူတို့က "ဘုရားသုံးဆူတောင်"ဟု ခေါ်ဝေါ်ကြလေသည်။

သာသနာတော်သက္ကရာဇ် (၈၀၃)ခုနှစ်၊ ကျိုက်ထိုမြို့အား ဗျဩမင်းလက်ထက်ရောက်သောအခါ ထိုဘုရားသုံးဆူတောင်ပေါ်တွင် မဟာဂုရုအမည်ရသော ရသေ့ကြီးတစ်ပါး သီတင်းသုံးနေထိုင်ပြန် လေသည်။

မဟာဂုရုရသေ့ကြီးသည် သီလ၊ သိက္ခာ၊ သမာဓိနှင့် ပြည့် စုံသောကြောင့် ဗျဩမင်း၊ သူဌေးကြီးဇနီးမောင်နှံနှင့် ကျိုက်ထိုမြို့သူ မြို့သားတို့က အလွန်အားထား ကြည်ညိုကိုးကွယ်သမှုပြုကြလေသည်။

## သာသနာစောင့်နတ်မင်းကြီးနှင့် ဒေဝယက္ခကြီး

ဘုရားသုံးဆူတောင်ပေါ်တွင် ဒေဝယက္ခအမည်ရှိသော နတ် ဘီလူးတစ်ဦးလည်း နေထိုင်လေသည်။ ကျိုက်ထိုအရပ်နေလူတို့သည် ထိုနတ်ဘီလူးကြီးကို ပသတင်မြှောက်လေ့ရှိခြင်း၊

ဗုဒ္ဓဘာသာ သာသနာထွန်းကားလာသောအခါ လူအပေါင်း

တို့သည် ဘုရားစေတီ ရုပ်ပွားတော်တို့ကို ရှိခိုးပူဇော်ကိုးကွယ် ဆည်းကပ်လာကြလေရာ ဒေဝယက္ခကြီးကို ပသတင်မြှောက်မှု အားနည်းလာကြလေသည်။

ထို့ကြောင့် ဒေဝယက္ခကြီးမှာ ဗုဒ္ဓရုပ်ပွားဆင်းတုတို့ကို မလိုမုန်းထားရှိနေလေသည်။

သာသနာသက္ကရာဇ် (၂၃၇)လောက်က သီဟိုဠ်မှ မျောကြွ လာသော ရုပ်ပွားတော်လေးဆူအနက် ကျောက်လှည်းဘီးခံရုပ်ပွား တော်သည် ထူးဆန်းအံ့ဩဖွယ် နှစ်ပေါင်း(၅၆၆)နှစ်ကြာမျှ ပျောက် ကွယ်နေလေသည်။

မည်သို့ပင်ဖြစ်စေ အဆိုပါ ကျောက်လှည်းဘီးခံ ရုပ်ပွား တော်ကို ကျိုက်ထိုမြို့မှ တွေ့ရှိဆယ်ယူရရှိပုံသည် အလွန်ပင် ထူးဆန်း အံ့ဩဖွယ် ကောင်းလှပေသည်။

သာသနာသက္ကရာဇ် (၈၀၃)ခုနှစ်ဖြစ်သည်။ တစ်နေ့တွင် ဗုဒ္ဓရုပ်ပွားတော်တစ်ဆူသည် ကျိုက်ထိုမြို့ အရှေ့တောင်ဘက် ဇီးဖြူ ကုန်းချောင်းရိုးအတွင်းသို့ ရောက်ရှိစဉ် ဘုရားသုံးဆူတောင်ပေါ်နေ ဒေဝယက္ခကြီးကလှမ်းမြင်ကာ စဉ်းစားလေသည်။

"ရှေ့တုရုမှ ပေါလောမျောလာသည်မှာ ကျောက်လှည်းဘီး ကြီးပင်ဖြစ်၏။ ကျောက်ဖြစ်ပါလျက် ရေထဲမမြုပ်၊ ရေပေါ်နေခြင်း မှာ ထူးခြားဆန်းကြယ်လှပေသည်။ ကျောက်လှည်းဘီးပေါ် တင်ပျဉ် ခွေ ထိုင်လိုက်လာသူမှာ လူလော နတ်လော နဂါးလေလောမသိ၊ အလွန်ငြိမ်သက်ပေ၏။ ထိုပုဂ္ဂိုလ် ဤအရပ်သို့ ရောက်ရှိလာလျှင် ငါ့တန်ခိုး ညှိုးမှိန်ပေတော့မည်။ ထို့ကြောင့် ဝေးရာသို့ သွားစေအံ့"ဟု

ဒေဝယက္ခကြီး စဉ်းစားတွေးခေါ်လိုက်၏။

စိတ်ကူးကို အကောင်အထည်ဖော်ရန် ဗုဒ္ဓရုပ်ပွားတော်နား ရောက်လာကာ ပင်လယ်ထဲ ပြန်တွန်းလွှတ်လိုက်တော့၏။ ဤအချိန်၌ ဗုဒ္ဓရုပ်ပွားတော်ကို စောင့်ကြပ်လိုက်ပါလာသော ရေနတ်နဂါးနှင့် သာသနာတော်စောင့် နတ်မင်းကြီးတို့ ရောက်ရှိလာကြပြီး ဒေဝယက္ခကြီးအား ကြိမ်းမောင်း ခြိမ်းခြောက်လေ၏။

"ဟယ် ..... မိုက်မဲလှသော ဒေဝယက္ခ၊ ဘုရားကိုပင် ဘုရားမှန်းမသိ၊ ဤရုပ်ပွားတော်သည် သီဟိုဠ်မှ သာသနာထွန်းကားစည်ပင်မည့်အရပ်သို့ ကြွချီမည့် ရုပ်ပွားတော်ဖြစ်သည်။ ကြောင်းကျိုးမသိ၊ ပစ်မှားသော သင်သည် ဤနေရာမှ ထွက်သွားလေတော့"

သာသနာစောင့် နတ်မင်းကြီးစကားကြောင့် ဒေဝယက္ခကြီးမှာ ထိတ်လန့်ကြောက်ရွံ့ကာ ဘုရားသုံးဆူတောင်သို့ ပြန်ရန်ဟန်ပြင်လိုက်ရာ ၎င်း၏ ကမ္မဇိဒ္ဓိတန်ခိုးများ ကင်းကွာနေပြီး စိတ်သွားတိုင်း ကိုယ်မရောက်တော့ပါချေ။

ဒေဝယက္ခကြီးသည် ပူပန်သောက နောင်တကြီးစွာရလျက် "ကျွန်တော်မျိုး၏ ကမ္မဇိဒ္ဓိတန်ခိုးများ ပြန်ရအောင် အဘယ်သို့ ပြုရအံ့မည်နည်း အရှင်နတ်မင်းကြီး"ဟု မေးမြန်းလျှောက်ထား၍ သာသနာစောင့်နတ်မင်းကြီးကို အကြိမ်ကြိမ်ရှိခိုးကန်တော့လေ၏။ "အသင်သည် ဘုရားရှင် ကိုယ်တောင်မြတ်အား ပြစ်မှားမိသည်ကို ဝန်ချတောင်းပန် ကန်တော့လေ"ဟု ပြောလေသော် ဒေဝယက္ခကြီးသည် ဗုဒ္ဓရုပ်ပွားတော်အား အကြိမ်ကြိမ် ဝန်ချတောင်းပန်ကန်တော့လေသည်။ ထိုအခါမှ ဒေဝယက္ခကြီး၏ ကမ္မဇိဒ္ဓိတန်ခိုးများ ပြန်

လည်ရရှိကာ ဘုရားသုံးဆူတောင်သို့ ပြန်နိုင်တော့သည်။

## ဗုဒ္ဓရုပ်ပွားတော်မြတ်အား ပင့်ဆောင်ကြပုံ

ဗုဒ္ဓရုပ်ပွားတော်သည် ဇီးဖြူကုန်း ချောင်းရိုးအတွင်းသို့ တဖြည်းဖြည်း ကြွမြန်းဝင်ရောက်လာရာ ထိုချောင်းရိုးအနီး၌ နွားစာရိတ်နေသော ဖက္ကလိပ်ကျေးရွာ လယ်သမားကြီး ဦးထွန်းဘော်သည် ရှေးဦးစွာ ဖူးမြင်လိုက်ရသည်။ ဦးထွန်းဘော်သည် မြက်ဆက်မရိတ်တော့ဘဲ ရွာသို့ အပြေးပြန်ကာ ဗုဒ္ဓရုပ်ပွားတော်အကြောင်းကို ပြန်လည်ပြောဆိုရာမှ တစ်ဆင့်စကား တစ်ဆင့်ကြားကြပြီး ကျိုက်ထိုတစ်မြို့လုံး အုန်းအုန်းကျွက်ကျွက်ဖြစ်ရလေသည်။ ရဟန်းရှင်လူအပေါင်းတို့သည် သူ့ထက်ငါ အလုအယက် ဗုဒ္ဓရုပ်ပွားတော်ရှိရာသို့ လာရောက်ကြည့်ကြသည်မှာ လယ်ကွင်းတစ်ခုလုံး တိုးမပေါက်အောင် စည်ကားများပြားလျက်ရှိတော့၏။

လူထုကြီးအတွင်းမှ အချို့သည် ချောင်းရိုးထဲ တစ်ယောက်ပြီး တစ်ယောက်ဆင်း၍ ဗုဒ္ဓရုပ်ပွားတော်အား ဆွဲယူပင့်ဆောင်ကြရာ ရုပ်ပွားတော်မှာ မူလနေရာမှ အနည်းငယ်မျှမရွေ့ပေ။

ထိုသတင်းမှာ တစ်မြို့လုံးပျံ့နှံ့လေရာ သူဌေးကြီး ဦးဖိုးထော်–ဇနီးဒေါ်လုံမအပြင် ဗျူဟာမင်းကြီးတို့လည်း ချက်ချင်းရောက်လာကြ၏။ ထိုသတင်းကြောင့် ဘုရားသုံးဆူတောင်မှ မဟာဂုရုရသေ့ကြီးလည်း ရောက်ရှိလာလေသည်။

အချို့လူတို့သည် ကြိုးကြီးများဖြင့် ကျောက်လှည်းဘီးကြီးကို ချည်နှောင်ပြီး လူစုလူဝေးဖြင့် ကမ်းစပ်သို့ ဆွဲတင်လေသည်။ ဗုဒ္ဓရုပ်ပွားတော်မှာ ရေပေါ်တွင် စံပယ်ရောက်ရှိရာ နေရာမှ တစ်လက်မမျှ

မရွေ့ဘဲ တည်တည်ငြိမ်ငြိမ်ဖြင့် စံပယ်လျက်ရှိပြီး မည်သူတစ်ဦး တစ်ယောက်မျှ ပင့်မရဖြစ်နေတော့၏။

ကျောက်တုံးဟူလျှင် ရေမြုပ်မြဲဖြစ်သော်လည်း ယခု ကျောက်လှည်းဘီးကြီးသည် ရေပေါ်၌ ပေါ်လျက်ရှိသည်မှာ ရုပ်ပွားတော်၏ တန်ခိုးကြောင့်သာဖြစ်ပေလိမ့်မည်။ မည်သူမျှ ပင့်ဆောင်၍မရခြင်းမှာလည်း သီလသမာဓိနှင့် ပြည့်စုံသော ဘုရားဒါယကာ ဖြစ်ထိုက်သူမဟုတ်သေးသဖြင့် ပင့်မရခြင်းဖြစ်ပေလိမ့်မည် စသည် ဖြင့် လူအပေါင်းတို့ အမျိုးမျိုးအဖုံဖုံ ဝေဖန်ပြောဆိုနေကြ၏။ ဗျဋ္ဌမင်း သည် ဗုဒ္ဓရုပ်ပွားတော် မည်သူမျှ ပင့်ဆောင်မရကြောင်း တွေ့မြင်ရ သောအခါ မိမိကိုယ်တော်တိုင် ချောင်းရိုးထဲဆင်းပြီး ပင့်လေသော် လည်း မရရှိပေ။ ထိုအခါ ချောင်းထဲမှ ပြန်တက်ကာ ရေမိုးသန့်စင်ပြီး ဗုဒ္ဓရုပ်ပွားတော်အား ရှိခိုးပူဇော်နေလေတော့သည်။

ဤတွင် မဟာဂုရုရသေ့ကြီးသည် သူဌေးဦးဖိုးထော်အား ဆင်း၍ပင့်စေရာ ဦးဖိုးထော်လည်း အားရဝမ်းသာဖြင့် ဆင်း၍ ပင့် ဆောင်လေ၏။ အမျိုးမျိုးကြိုးစားသော်လည်း မရပေ။ ဗုဒ္ဓရုပ်ပွား တော်မှာ တည်တည်ငြိမ်ငြိမ်ပင် စံပယ်မြဲစံပယ်နေလေသည်။ တစ် ဖန် ရသေ့ကြီးသည် ဒေါ်လုံမအား ဆင်း၍ ပင့်ဆောင်စေပြန်သည်။ ဒေါ်လုံမသည် မိမိ၏ ထူးဆန်းသော အိပ်မက်ကို သတိရပြီးလျှင် ဂုရုရသေ့ကြီး၏ အိပ်မက်နိမိတ်ကောက်ပေးပုံတို့ နား၌တွင် ကြား ယောင်လာလေ၏။

ဒေါ်လုံမသည် ဘုရားကို အာရုံပြု၍ ကြည်ညိုလေးမြတ် စွာ ဖူးမြော်ကန်တော့သည်။ အနီး၌ ရပ်ကြည့်နေသော ရက်ကန်း

ခတ်သူ အမျိုးသမီးလေးတစ်ဦး ကိုင်ထားသည့် ဗိုင်းတောင့်ချည်လုံးကို ခေတ္တငှားယူပြီး လိုသလောက်ချည်ကို ဖြတ်ယူလိုက်သည်။ ထို့နောက် ဒေါ်လုံမသည် ရေထဲသို့ဆင်းပြီးလျှင် ကျောက်လှည်းဘီးကို ရစ်ပတ်လေ၏။ ထိုစဉ် ကမ်းပေါ်မှလူထုက လူပေါင်းများစွာ ခွန်အားဖြင့် ပင့်ဆောင်၍မရသော ရုပ်ပွားတော်ကို အပ်ချည်ဖြင့် ရစ်ပတ်၍ ပင့်မည်ကြံသည့်မှာ မဖြစ်နိုင်ဟု ပြက်ရယ်စကား ပြောကြားကြလေသည်။

ဤတွင် မဟာဂုရုရသေ့ကြီးက "ဘုရားဒါယကာဖြစ်ထိုက်က ပင့်ဆောင်၍ ရနိုင်ပေမည်။ ပြက်ရယ်မပြုကြလေနှင့်ဦး"ဟု ပြောဆိုသည့်အခါ လူထုပရိသတ်ကြီးမှာ ဒေါ်လုံမ ဘုရားပင့်နေပုံကို စိတ်ဝင်စားလျက် တိတ်ဆိတ်စွာ ကြည့်နေကြ၏။

ဒေါ်လုံမလည်း "အိပ်မက်အရ ဘုရားဒါယိကာဖြစ်ထိုက်က ချည်ကြိုးဖြင့် ဆွဲရုံမျှဖြင့် ကမ်းစပ်သို့ အလိုလိုကြွတော်မူပါဘုရား"ဟု ပါးစပ်မှ ရေရွတ်အဓိဋ္ဌာန်ပြုကာ ဆွဲတင်လေသည်။ ဗုဒ္ဓရုပ်ပွားတော်သည် ကျောက်လှည်းဘီးကြီးနှင့်အတူ ကြွပါလာပြီး ကမ်းစပ်သို့ ကပ်လာတော်မူလေ၏။ ဤတွင် လူထုကြီးမှာ ကောင်းချီးထောမနာပြုကြလေသည်။ ဒေါ်လုံမကိုလည်း လူထုကြီးက တရိုတသေနှင့် အလေးပေးဆက်ဆံလာကြသည်။

## ဗုဒ္ဓရုပ်ပွားတော်မျက်တောင်ခတ်ခြင်း

ဒေါ်လုံမ ပင့်ဆောင်၍ ကမ်းစပ်ရောက်တော်မူလေလျှင် လူထုပရိသတ်ကြီးသည် ဗုဒ္ဓရုပ်ပွားတော်နှင့် ကျောက်လှည်းဘီးကြီးကို ကုန်းမြင့်သို့ အလုအယက် ပင့်ဆောင်ကြပြန်၏။ ဗုဒ္ဓရုပ်ပွားတော်

အား ရေကောင်းရေသန့်၊ အမွှေးနံ့သာရည်တို့ဖြင့် ကောင်းစွာ သွန်းလောင်းသပ္ပာယ်ကြလေ၏။ ဗုဒ္ဓရုပ်ပွားတော်ကို ရှိခိုးပူဇော် ကြည်ညိုကြသူလူထုပရိသတ်ကြီးမှာလည်း တိုးမပေါက် စည်ကားလျက်ရှိလေတော့သည်။

ထိုအခါ ဗုဒ္ဓရုပ်ပွားတော်မြတ်သည် သက်တော်ထင်ရှားဘုရားရှင်ကဲ့သို့ မျက်တောင် တဖျက်ဖျက် ခတ်လေသည်ကို ဗျူဠမင်းနှင့် လူထုပရိသတ်ကြီးမှာ မျက်ဝါးထင်ထင်တွေ့လိုက်ရသည့်အခါ အလွန်အံ့သြပြီး ကြည်ညိုသဒ္ဓါတရား ထက်သန်စွာဖြင့် ရှိခိုးပူဇော်ကြလေ၏။

ထိုသတင်း တစ်ခဏချင်း တစ်မြို့လုံး ပျံ့နှံ့ကျော်ကြားသွားလေရာ ရုပ်ဝေးရုပ်နီး ဘုရားဖူးရန်လာသူ ရဟန်းရှင်လူတို့မှာ နေ့ညမစဲ ရှိလေတော့သည်။

## ဗုဒ္ဓရုပ်ပွားတော်ကို ယာယီဂန္ဓကုဋီတိုက်သို့ပင့်ဆောင်ခြင်း

မင်းနှင့်တကွသော ပြည်သူအပေါင်းတို့သည် ဗုဒ္ဓရုပ်ပွားတော်ကို ကုန်းတွင်းပိုင်း မြို့တော်ဦးနေရာ (ယခု ရွှေဘုံသာဘုရားဝင်း)သို့ ပင့်ဆောင်ရန် ကြံစည်ထားကြသည်။ ထိုနေရာတွင် ဂန္ဓကုဋီတိုက် တည်ဆောက်၍ ကိုးကွယ်ကြမည်ဖြစ်သည်။

ထို့ကြောင့် ရုပ်ပွားတော်ကို ပန်းရထားပေါ်တင်၍ ချောင်းကမ်းနားမှ ပင့်ဆောင်လာကြရာ၊ ယခုလက်ရှိ ဂန္ဓကုဋီတိုက်နေရာသို့ ရောက်သောအခါတွင် ရုပ်ပွားတော် ပင့်ဆောင်လာသည့် ပန်းရထားကို ဆွဲသော်လည်း လုံးဝလှုပ်ရှားမှုမရှိတော့ပေ။ ထို့ကြောင့် ပန်းရထားကို ဆင်ဖြင့်ဆွဲလေရာ ဆင်ပင်မဆွဲနိုင်၍ ငယ်သံပါအောင်

အော်မြည်ရသည်အထိ ဖြစ်လေသည်။

ထိုအခါမြို့သူမြို့သားအပေါင်းတို့က ဗုဒ္ဓရုပ်ပွားတော်သည် ယခုရုပ်တန့်သည့်နေရာတွင် ကိန်းဝပ်စံပယ်လိုကြောင်း ရိပ်စားမိကြလေသည်။ ဗျဿမင်းကြီး, သူဌေးကြီးဦးထော်နှင့် ဒေါ်လုံမတို့သည် မဟာဂုရုရသေ့ကြီး၏ လမ်းညွှန်မှုဖြင့် ဗုဒ္ဓရုပ်ပွားတော်ရုပ်တန့်သည့် နေရာဝန်းကျင်ကို ရှင်းလင်း ပြုပြင်၍ ရုပ်ပွားတော်ကို **အရှေ့ဘက်**သို့ မျက်နှာစံပယ်စေလျက် ယာယီဂန္ဓတိုက်တည်**ဆောက်ကာ** ၎င်း ယာယီဂန္ဓကုဋိတိုက်နှင့် ဆက်စပ်ပြီး ရုပ်ပွားတော်ကို **အရှေ့**ဘက်သို့ မျက်နှာမှုစံပယ်စေလျက် မဏ္ဍပ်ကြီးတစ်ဆောင် **ဆောက်**လုပ်လေသည်။

သူဌေးကြီး ဦးဖိုးထော်နှင့် ဒေါ်လုံမတို့သည် ဗျဿမင်းကြီး၊ မဟာဂုရုရသေ့ကြီးတို့၏ လမ်းညွှန်မှုဖြင့် ယာယီဂန္ဓကုဋိတိုက်နှင့် ဆက်စပ်ကာ မဏ္ဍပ်ကြီးတစ်ဆောင် ဆောက်လုပ်ပြီးစီးသောအခါ ဗုဒ္ဓရုပ်ပွားတော်အား ပင့်ဆောင်၍ ဆွမ်း၊ ပန်း၊ ဆီမီး၊ အမွှေးနံ့သာတို့ဖြင့် အထူးထူးအပြားပြား ပူဇော်သက္ကာရပြုကြလေသည်။ ဦးဖိုးထော်နှင့် ဒေါ်လုံမတို့၏ သတင်းမှာလည်း တစ်မြို့လုံးကျော်ကြားပြီး ချီးမွမ်းပြောဆို ကြ၏။

ဗျဿမင်းကြီးသည် ဗုဒ္ဓရုပ်ပွားတော်အား စောင့်ရှောက်ကြရန် နေ့ညဉ့်တာဝန်များကို ချထားပေးသည်။ ယာယီဂန္ဓကုဋိတိုက်အတွင်း အရှေ့အရပ်သို့ မျက်နှာမူပြီး သီတင်းသုံးနေသော ရုပ်ပွားတော်သည် မည်သူတစ်ဦးတစ်ယောက်မျှ လျှောက်ထားလှည့်ပေးခြင်းမရှိသော်လည်း မည်သည့်အချိန်က အနောက်တောင်အရပ်သို့

မျက်နှာတော် လှည့်နေသည်ကို မသိလိုက်ကြဘဲ ထူးဆန်းအံ့ဩစွာဖြင့် ဖူးတွေ့ရလေသည်။

မဟာဂုရုရသေ့ကြီး၊ ဗျဂ္ဃမင်းကြီး၊ သူဌေးကြီးဇနီးမောင်နှံနှင့်တကွ လူထုပရိသတ်ကြီးသည် ရုပ်ပွားတော်မြတ်ကြီး အမြဲတမ်းသီတင်းသုံး စံပယ်တော်မူရန်အတွက် ဂန္ဓကုဋီတိုက်ဆောက်လုပ်ရန်မြေနေရာကို ရွေးချယ်နေစဉ် ဗုဒ္ဓရုပ်ပွားတော်သည် ယာယီဂန္ဓကုဋီတိုက်နှင့် အလံနှစ်ဆယ်ခန့်ကွာဝေးသော ကုန်းမြင့်တစ်ခုပေါ်ဝယ်အနောက်တောင်အရပ်သို့ မျက်နှာတော်မူလျက် ကျောက်လှည်းဘီးကြီးအထက်၌ သီတင်းသုံး စံပယ်တော်မူနေသည်ကို အံ့ဩဖွယ်ရာတွေ့ရပြန်လေသည်။ မြေနေရာရှာဖွေကြသူများလည်း နောက်ထပ်မြေနေရာရှာဖွေခြင်း မပြုကြတော့ဘဲ ဗုဒ္ဓရုပ်ပွားတော်၏ အကြိုက်နေရာဖြစ်သော ကုန်းမြင့်နေရာတွင် ဗုဒ္ဓရုပ်ပွားတော်မျက်နှာမူရာ အနောက်တောင်အရပ်(သီဟိုဠ်)ဘက်သို့ ဂန္ဓကုဋီတိုက် ကျောင်းဆောင်ဝကိုမျက်နှာလှည့်ထား၍ ဆောက်လုပ် လှူဒါန်းခဲ့ကြလေသည်။

ဂန္ဓကုဋီတိုက် ကျောင်းဆောင်ကို တည်ဆောက်ရာတွင်မြို့သူမြို့သား ရဟန်းရှင်လူအပေါင်းတို့သည်လည်းကောင်း၊ ရပ်နီးရပ်ဝေးမှ စေတနာရှင်အပေါင်းတို့သည်လည်းကောင်း သဒ္ဓါတရားထက်သန်စွာဖြင့် ရွှေငွေရတနာပစ္စည်းများ တတ်နိုင်သမျှ ပါဝင်လှူဒါန်းကြလေသည်။ ဝတ္ထုအင်အားမတတ်နိုင်သူတို့ကလည်း ကာယအင်အားစိုက်ကာ မမောနိုင်မပန်းနိုင်ကြဘဲ ဝမ်းပန်းတသာ လုပ်အားပေးကြလေသည်။

ဗျဂ္ဃမင်းကြီးကိုယ်တိုင် အခြွေအရံအပေါင်းနှင့် ဂန္ဓကုဋီ

တိုက် ဆောက်လုပ်ရာသို့ ကြွရောက်အားပေးလေသည်။ မြို့သူမြို့သား တို့သည် ဂန္ဓကုဋိတိုက် ကျောင်းဆောင် မပြီးမချင်း လုပ်အားပေးသူ များကိုလည်းကောင်း၊ ဘုရားဖူးများကိုလည်းကောင်း အဖျော်ယမကာ မျိုးစုံဖြင့် ကျွေးမွေးလှူဒါန်းကြလေ၏။

လုပ်အားပေးရာ၌ ပါဝင်ကြသော ဦးကျော်နှင့်အဖော်ငါးဦး တို့သည် ဗုဒ္ဓရုပ်ပွားတော်မြတ်အား မြောက်အရပ်သို့ မျက်နှာတော် လှည့်ကာ သီတင်းသုံးရန်စီမံထားပြီး မျက်ခြည်မပြတ်ထိုင်၍ ကြည် ညိုနေကြသည်။

ထိုသို့ ကြည်ညိုလျက်ရှိရင်းက ဗုဒ္ဓရုပ်ပွားတော်မြတ်သည် အနောက်တောင်အရပ်သို့ အလိုလိုလှည့်ကာ သီတင်းသုံးနေတော်မူ သည်ကို ဦးကျော်နှင့်အပေါင်းပါတို့ အံ့သြစွာဖူးမြင်ရပြန်သည်။ ဤ တွင် ဦးကျော်နှင့် အဖော်ငါးဦးတို့မှာ စိုးရိမ်ထိတ်လန့်ကာ ရုပ်ပွား တော်အား အကြိမ်ကြိမ်ရှိခိုးဦးချ တောင်းပန်ကြသည်။ ဗုဒ္ဓရုပ်ပွား တော်အား ပထမဆုံးဖူးတွေ့ရသူ ဦးထွန်းဘော်သည်လည်း ယခင် စပါးတင်း လေးရာပင်မထွက်သောလယ်မှ စပါးတင်း ခြောက်ရာ ကျော်ရရှိသဖြင့် စပါးရောင်းရငွေကို ဂန္ဓကုဋိတိုက် ကျောင်းဆောင် ဆောက်လုပ်ရာ၌ စေတနာသဒ္ဒါတရား ထက်သန်စွာဖြင့် ထည့်ဝင် လှူဒါန်းခဲ့လေသည်။

## မှဲ့ရှင်တော်ပေါ်လာခြင်း

ဂန္ဓကုဋိတိုက်ကျောင်းဆောင်တော်ကြီး ဆောက်လုပ်ပြီးစီး သောအခါ ပလ္လင်ပေါ်သို့ မပင့်တင်မီ ဗုဒ္ဓရုပ်ပွားတော်ကို သန့်ရှင်း ကြည်လင်သော ရေဖြင့်လည်းကောင်း၊ ရတနာခုနစ်ပါးရေဖြင့်လည်း

ကောင်း၊ အမွှေးနံ့သာ ပေါင်းစုံဖြင့်လည်းကောင်း အထပ်ထပ်သန့်စင်တော်မူသည်။ ဤတွင် ရုပ်ပွားတော် လက်ယာဘက်မျက်ခုံးတော်အထက်နား၌ မှဲ့တစ်လုံးကို တွေ့ရှိရလေသည်။ ထိုမှဲ့တော်ကို အမည်းစက်ထင်မှတ်သဖြင့် အထပ်ထပ် ပွတ်တိုက်ပြီး ဆေးကြောလေရာ ပျောက်ပျက်သွားခြင်းမရှိဘဲ ပို၍ ထင်ထင်ရှားရှား ပေါ်ထွက်လာလေသည်။

ရေသန့်စင်ပြီးနောက်တစ်နေ့ ရွှေသင်္ကန်းကပ်လှူပူဇော်ရန် ရွှေဆိုင်းတို့ဖြင့် ရွှေချလေသည်။ ထိုမှဲ့နေရာအမည်းစက်အပေါ်၌ ထပ်ပြီး ရွှေဆိုင်းများ အထပ်ထပ်ချထားလေသည်။ ရွှေချပြီး တစ်နာရီခန့်အကြာတွင် ထိုမှဲ့တော်မှာ ပေါ်မြဲတိုင်း ပေါ်နေပြန်လေသည်။ ရွှေချထားသည်မှာ နည်း၍သာ ဖြစ်တန်ရာသည်ဟု ရွှေချသူတို့စိတ်၌ အောက်မေ့ပြီးနောက် တစ်ပြန် ထူနိုင်သမျှထူအောင် ရွှေဆိုင်းအထပ်ထပ်တို့ဖြင့် ရွှေချကြပြန်လေသည်။ နောက်တစ်နာရီအကြာပြန်လည်ကြည့်ပြန်ရာ မှဲ့တော်မှာ ပေါ်မြဲတိုင်းပေါ်နေကြောင်း တွေ့ရသည်။ ဤတွင် မှဲ့တော်သည် မှဲ့ရှင်တော်ဖြစ်ကြောင်း သိရလေတော့သည်။

ထိုအချိန်မှစ၍ မှဲ့ရှင်တော်ဘုရားဟု တွင်လာလေသည်။ ဂန္ဓကုဋိတိုက် ကျောင်းဆောင်အသစ်နှင့် ပလ္လင်တော်အသစ်ပြီးစီးသောအခါ မှဲ့ရှင်တော်ဘုရားကို အဆိုပါ ပလ္လင်ပေါ်သို့ ပင့်ဆောင်ပြီး ပူဇော်ကိုးကွယ်ကြလေသည်။ ထိုဂန္ဓကုဋိတိုက်ကျောင်းဆောင်သစ်ကြီးပေါ်တွင် မှဲ့ရှင်တော်ဘုရားကို ခုနစ်ရက်တိုင်တိုင် ပူဇော်ပွဲမင်္ဂလာအခမ်းအနားကို ပြုလုပ်ကျင်းပကြပြန်သည်။ ဗျဿမင်းနှင့် သူဌေးကြီး

ဇနီးမောင်နှံတို့သည်လည်း ကျိုက်ထိုမြို့ဝန်းကျင် ရပ်နီးရပ်ဝေးရှိ ရဟန်းသံဃာတော်တို့ကို ပင့်ဖိတ်ကာ နေ့စဉ် ဆွမ်းကပ် လှူဒါန်းကြလေသည်။

## မှဲ့ရှင်တော်ဘုရား ရောင်ခြည်တော်ကွန့်မြူးခြင်း

ဗုဒ္ဓရုပ်ပွားတော်အား ပူဇော်သည့်အခမ်းအနား ကျင်းပပြီးစီးသည့်နောက်တစ်နေ့နံနက် ငါးနာရီအချိန်တွင် မှဲ့ရှင်တော်ဘုရားသည် ခြောက်သွယ်သော ရောင်ခြည်တော်မြတ် ကွန့်မြူးကာ သက်တော်ထင်ရှား ဘုရားရှင်ကဲ့သို့ အထက်မိုးကောင်းကင်သို့ တက်ကြွပြီး စံပယ်တော်မူလေသည်။ ကောင်းကင်ထက်တွင်လည်း ရောင်ခြည်တော်ခြောက်သွယ်တို့ ကွန့်မြူးတော်မူရာ ကျိုက်ထိုတစ်မြို့လုံး ထိန်လင်းလျက် မြို့သူမြို့သား ရှင်လူအများတို့မှာ ကြည်နူးဝမ်းသာစွာ ဖူးမြော်ကြသည်။ မှဲ့ရှင်တော်ဘုရားသည် ကောင်းကင်မှသက်ကာ ဂန္ဓကုဋိတိုက်ကျောင်းဆောင် ရွှေပလ္လင်အထက်ဝယ် ပြန်လည်စံမြန်းသီတင်းသုံးတော်မူသည်။

ဤသို့ သတင်းထူးကို ရပ်ဝေးရပ်နီးမှ ကြားကြပြန်သော အခါ အမြို့မြို့အရွာရွာ ဘုရားဖူး ဧည့်ပရိသတ်တို့သည် ကျိုက်ထိုမြို့သို့ နေ့ညဉ့်မစဲ တဖွဲဖွဲ ရောက်လာကြပြီး ဘုရားရုပ်ပွားတော်မြတ်အား အထူးထူးအပြားပြားဖြင့် လှူဒါန်းပူဇော်ကြလေသည်။

ဤရုပ်ပွားတော်သည် သီဟိုဠ်နိုင်ငံမှ မျောကြွလာသော ရုပ်ပွားတော်ဖြစ်သည်။ သီဟိုဠ်နိုင်ငံ(သီရိလင်္ကာ)သည်၊ မြန်မာနိုင်ငံ

ရေညှဒေသ၏ အနောက်အရပ်တွင် ရှိသည်။ ထို့ကြောင့် ထိုရုပ်ပွား တော်၏ ဘွဲ့တော်ကို မွန်ဘာသာဖြင့် "ကျာတ်ပလော့"ဟု ခေါ်ဝေါ် ကြပြန်သည်။

ကျာတ်=ဘုရား၊ ပလော့=အနောက်အရပ်ဟု အဓိပ္ပာယ် ရသောကြောင့် "ကျာတ်၊ ပလော့" အနောက်အရပ်မှ ဘုရားဟု ဆိုကြခြင်း ဖြစ်သည်ကို "ကျာတ်ပလော့"ဟူသော မွန်စကားမှာ ကာလရွေ့လျောလာပြီး "ကျိုက်ပေါလော" ဟူ၍ ခေါ်ဝေါ်လာ ကြသည်။

မူလပထမ ဤရုပ်ပွားတော်ကို ခေါ်ဝေါ်ကြသော "ကျာတ် ထော" (ကျိုက်ထို)ဟူသည့် ဘွဲ့အမည်တော်ကိုပင် မခေါ်ကြတော့ ပေ။

၎င်းကျိုက်ထိုအမည်သည်၊ မြို့အမည်ဖြစ်လာခဲ့ရသည်။

နောက်ပိုင်းတွင် လူအပေါင်းတို့သည် "ကျိုက်ပေါလော"ဟု ခေါ်ဝေါ်လာသော မွန်ဝေါဟာရ အရင်းအမြစ်ကို မသိကြတော့ဘဲ ကျိုက်ပေါလောကို ဤသို့အဓိပ္ပာယ်အမျိုးမျိုး ဖွင့်ကြတော့သည်။

လူအပေါင်းသည် ထိုရုပ်ပွားတော်၏ ထူခြားအံ့ချီးဖွယ်ရာ ရေပေါ်တွင် ကျောက်လှည်းဘီးကြီးထက်ဝယ် စံပယ်၍ ပေါလောပေါ် မျောကြွလာသည်ကို အကြောင်းပြုပြီး (ပေါလောဘုရား) ကျိုက် ပေါလော–ဟု မူလက ခေါ်ဝေါ်ကြကုန်၏။ အချို့ကလည်း မွန်လို (ကျိုက်–ဘုရား၊ ပေါလော–တခြားစီ)ဟု အဓိပ္ပာယ်ရပြီး တခြားစီ မျောကြွလာသော ဘုရား–'ကျိုက်ပေါလော'ဟု ခေါ်ကြောင်း အဆို

ရှိကြသည်။ မျှော်လိုက်ချိန်က လေးဆူဖြစ်သော်လည်း တခြားစိတစ်နေရာ စိရောက်ရှိလာကြကြောင်းကို ဆိုလိုဟန်ရှိသည်။

ဤမျှ ထူးခြားဆန်းကြယ် တန်ခိုးကြွယ်လှသော ဗုဒ္ဓရုပ်ပွားတော်သည် မျက်လုံးတော်ဖွင့် မျက်တောင်တော် တဖျပ်ဖျပ်ခတ်သောကြောင့် 'မျက်ရှင်တော်ဘုရား'ဟုလည်း ခေါ်ဆိုကြ၏။

လက်ယာဘက် မျက်ခုံးတော်စွန်းတွင် မှဲ့ရှင်တော်တစ်လုံးရှိတော်မူ၍ 'မှဲ့ရှင်တော်ဘုရား'ဟုလည်း ခေါ်တွင်ခဲ့၏။

အဆိုပါ ဂုဏ်ပုဒ်များစုပေါင်း၍လည်း 'ကျိုက်ပေါလော မျက်ရှင်တော်ဘုရား'ဟူ၍လည်းကောင်း၊ 'ကျိုက်ပေါလော မှဲ့ရှင်တော်ဘုရား'ဟူ၍လည်းကောင်း၊ 'ကျိုက်ပေါလော ရုပ်ရှင်တော်ဘုရား'ဟူ၍လည်းကောင်း ယခုတိုင် ခေါ်ဝေါ်ကြကုန်၏။

* * * * *

# သိသင့်ဖွယ်ရာ မှတ်စုလွှာ

မြန်မာသက္ကရာဇ်(၁၁၈၆)ခုနှစ်တွင် မုတ္တမမြို့ဝန်မင်းကြီး မဟာဥဇနာသည် ဘီးလင်းမြို့ကို တည်ထောင်ရင်း ကျိုက်ထိုမြို့ကို ပြန်လည်ပြုပြင်တည်ထောင်ခဲ့သည်၊ ခရစ်နှစ်(၁၈၅၂)ခုနှစ်၊ မြန်မာ (၁၂၁၄)ခုနှစ်နောက်ပိုင်း ဗြိတိသျှအစိုးရလက်အောက် မြန်မာနိုင်ငံ ကျရောက်လိုက်ရချိန်မှစ၍ ကျိုက်ထိုမြို့သည်လည်း အင်္ဂလိပ်အစိုးရပိုင် ဖြစ်သွားရတော့သည်။

(၁၈၈၂)ခုနှစ်တွင် ကျိုက်ထို၊ စစ်တောင်းတူးမြောင်းကိုစတင် ဖောက်လုပ်ခဲ့ရာ (၁၈၉၃)ခုနှစ်ကုန်ခါနီးတွင် ပြီးခဲ့သည့် ကျိုက်ထို ကဒတ်ချောင်းတွင် ရေတံခါးတပ်ဆင်ထားလေသည်။ (၁၈၈၉) ခုနှစ်တွင် ကျိုက်ထိုမြို့ မြူနီစီပယ်အဖွဲ့ကို စတင်ထူထောင်ခဲ့ပြီး၊ ဘီးလင်း၊ ကျိုက်ထိုမြို့နှစ်မြို့ ရုံးစိုက်ရာမြို့ဖြစ်ခဲ့သည်။ ကျိုက်ထို တောင်ဘက်တွင် အင်၊ တိုင်ကော်၊ ကော့ဘလောက်၊ ကြာအင်းစသော အိမ်ခြေ တစ်ထောင်ကျော် ကွင်းရွာကြီး လေးဆယ်ခန့် ကျောထောက် နောက် ခံရှိသည်။ မီးရထားလမ်းမပေါ်ခင်က ကျိုက်ထို ကဒတ်ချောင်း နှင့် စစ်တောင်းမြစ်ကို ဆက်သွယ်ထားသည့် ဆယ့်သုံးမိုင်ရှည်သော တူးမြောင်းရှိလေရာ မီးသင်္ဘောနှင့်တကွ လှေသမ္ဗန်များ သွားလာမှု လွယ်ကူသောကြောင့်လည်းကောင်း၊ ကွင်းရွာကြီးများမှ ဆန်ရေစပါး ရရှိသောကြောင့်လည်းကောင်း၊ ကျိုက်ထီးရိုးဘုရားဖူး ကျိုက်ပေါလောဘုရားဖူးများကြောင့်လည်းကောင်း၊ ကျိုက်ထိုမြို့မှာ ယင်းကာလ တွင် အလွန်ပင်စည်ကားခဲ့လေသည်။

ဘုရားကြီးကျောင်းတိုက်၊ မေဃဝန်ကျောင်းတိုက်၊ တိုက်

တောင်ကျောင်းတိုက် စာသင်တိုက် မြို့ဝ မြို့ဦး စာသင်တိုက်စသည့် ဘုန်းတော်ကြီးကျောင်းများအပြင် ဘုရားသုံးဆူတောင် သေကျွ တောင်တွင် ကျမ်းပြုဆရာတော် ဦးတိလောက အရှင်မြတ်ကလည်း ဗုဒ္ဓမြတ်စွာ သာသနာတော်ကို ပြုစုပျိုးထောင်လေ၏။ ထိုအရှင်မြတ်ကို ရဟန္တာဟုပင် သမုတ်ကြလေသည်။

မြန်မာသက္ကရာဇ်(၁၂၂၀)နောက်ပိုင်းတွင် ကျိုက်ထိုမြို့အုပ်မှာ စစ်ကဲကြီးဦးရွှေနော်ဖြစ်၏။ 'ဘီလင်း၊ ကျိုက်ထိုနှစ်မြို့၏ မြို့အုပ်' ဖြစ်သော ဦးရွှေနော်သည် မွန်ပြည်နယ် စေတီတော် သမိုင်းပေါင်း ချုပ်ကို ရေးသားခဲ့လေသည်။ 'အာဒိကပ္ပ ကမ္ဘာဦးကျမ်းကြီး' ကိုလည်း (၁၂၆၃) ခုနှစ်တွင် ရေးသားခဲ့ရာ (၁၂၆၆) ခုနှစ်၊ ခရစ်သက္ကရာဇ် (၁၉၀၄)တွင် ရန်ကုန်မြို့၊ ဟံသာဝတီပုံနှိပ်တိုက်၌ ရိုက်နှိပ်ခဲ့လေ သည်။

စစ်ကဲကြီး ဦးရွှေနော်လက်ထက်တွင် ကျိုက်ထိုမြို့သည် အဘက်ဘက်က စည်ကားလာခဲ့ရာ (၁၂၆၇)ခုနှစ်တွင် ဘုရားကြီး ကျောင်းတိုက်ဆရာတော် ဦးကေသရ–ကြီးမှူး၍ ကျိုက်ပေါလော ဘုရားကို ပြန်လည်ပြုပြင်မွမ်းမံခဲ့လေသည်။ မြို့သူမြို့သား, ရပ်နီး ရပ်ဝေး အများကောင်းမှုဖြင့် ကျိုက်ပေါလော ဂန္ဓကုဋိဟိုက်တော် ကို မှန်စီရွှေချတိုက်ကျောင်းတော်ကြီး ဖြစ်အောင် မွမ်းမံ လှူဒါန်း ကြပြန်သည်။ ဆောင်းတန်းကိုလည်း အသစ်တစ်ဖန် ဆောက်လုပ် လှူဒါန်းကြပြန်သည်။ မဟာမုနိရုပ်ပွားတော် သွန်းဘုရားတည်ထား ကိုးကွယ်သောအခါ ဓိုးဖုံရှင်ကြီး(ဝါ)ကျိုက်ထိုမြို့စောင့် ဘိုးဘိုးကြီး နတ်ကွန်းကိုလည်း ကျိုက်ပေါလောဘုရားဝင်းအတွင်းသို့ ရွှေ့ပြောင်း

တည်ဆောက်ခဲ့သည်။ ဘုရားကျောင်းဆောင်၏ အနောက်ဘက်တွင် ချိုင့်ကြီး ကျင်းကြီးများ ဖြစ်နေသည်ကို မြေဖို့မြေညှိ ပြုပြင်ကာ မဟာစေတီတော်ကြီးကို တည်ဆောက်ခဲ့ရာ အရံစေတီတော်များအပြီးတွင် ဘုရားကြီးကျောင်းတိုက် ဆရာတော်ကြီး ပျံလွန်တော်မူခဲ့သဖြင့် လုပ်ငန်းရပ်ဆိုင်းလိုက်ရသည်။ ဤကုန်းကိုမြေဖို့ရာ၌ မူလချိုင့်ဝှမ်းထဲမှ နဂါးမိုးထားသည့် ရုပ်ပွားတော်တစ်ဆူကို တွေ့ရှိရာ ယခု မဟာဗောဓိ အရံစေတီတစ်ဆူထဲ့သို့ ပင့်ဆောင်ထားခဲ့သည်။

ကျိုက်ပေါလော ဘုရားဝင်းအတွင်းတွင် နှစ်ပြားဇရပ်ဟု ခေါ်ကြသော သစ်သားဇရပ်ကြီးတစ်ဆောင်၊ ဘိုးဘိုးကြီးနတ်ကွန်းနားတွင် သစ်သားဇရပ်တစ်ဆောင်၊ ရေကန်ကိုမျက်နှာမူထားသော သစ်သားဇရပ်တန်းလျားရှည်ကြီး တစ်ဆောင်ကို့ကို အများကောင်းမှုဖြင့် တည်ဆောက်လှူဒါန်းခဲ့ကြသည်။

အဆိုပါဇရပ်တို့တွင် သီလရှင်များနေထိုင်ကြပြီး ရုပ်ဝေးဘုရားဖူးများ တည်းခိုရန်လည်းဖြစ်ပေသည်။ ပျဉ်ခင်းပျဉ်ကာ သွပ်မိုးဇရပ်ကြီးဘို့မှာ ခိုင်ခံ့လှပေသည်။ လျှပ်စစ်မီးစက်ရုံတစ်ခုနှင့် တိုက်ဇရပ်တစ်ခုကိုလည်း လှူဒါန်းကြပြန်သည်။ နှစ်ကာလကြာညောင်းလာသည့်အလျောက် အဆိုပါဇရပ်ကြီးများသည် အမြဲနေထိုင်သူမရှိလေရကား ဘုရားလူကြီးအဖွဲ့က ဖျက်သိမ်းလိုက်ကြတော့၏။ နှစ်ပြားဇရပ်နေရာတွင် ဘုရားဒါယကာလူသူတော်ကြီး ဦးကျွန်းက ဦးဆောင်ကာ ဓမ္မာရုံကြီးတစ်ဆောင် တည်ဆောက်လှူဒါန်းလေ၏။ ယခုကျိုက်ပေါလောဓမ္မာရုံဖြစ်သည်၊ ဦးကျွန်းဓမ္မာရုံဟုလည်း ခေါ်လေသည်။ လက်ရှိဂေါပကအဖွဲ့က ယခု ဦးကျွန်းတည်ဆောက်

သည့် သစ်သားခေမ္မာရုံကို ခုံညားထည်ဝါသည့် တိုက်ခေမ္မာရုံကြီးအဖြစ် ပြုပြင်မွမ်းမံတည်ဆောက်ပြီးဖြစ်သည်။ အခြားဇရပ်နေရာများတွင်မူ မည်သည့်အဆောက်အအုံမျှ ထပ်မဆောက်ကြတော့ပေ။

ကျိုက်ပေါလောဘုရားကြီးကို မြို့ပေါ်ရှိဆရာတော် သံဃာတော်များက ဦးစီးဦးကိုင်ပြုကာ ဝေယျာဝစ္စဆောင်ရွက်ရန် နေ့နှင့်ည တစ်ဦးစီ အစောင့်ဘုရားလူကြီးတို့အား ရွေးကချထားခဲ့သည်။ ယခု မြို့မိမြို့ဖများ ဦးစီးသော ဘုရားလူကြီးအဖွဲ့လည်းရှိလေသည်။ ယခင် ကျိုက်ပေါလောဘုရားနှင့် မဟာမုနိသွန်းဘုရားကြီးတို့ကို ဝါတွင်း လေးလ ဆွမ်းဝတ်မပျက်ကပ်လှူကြသည့် အရဏ်အဖွဲ့များ ရပ်ကွက်တိုင်းရှိခဲ့၏။ ယခုမူ မြောက်ပိုင်းရပ်ကွက်တစ်ခုသာ စွဲစွဲမြဲမြဲ အရဏ်ဆွမ်းကပ်လှူပါတော့သည်။

## ကျိုက်ပေါလော မှဲ့ရှင်တော်ဘုရား၏ အံ့ဖွယ်များ

(၁) ဝိဇ္ဇာဇော်ဂျီ တပသီမှစ၍ ဘုရားရုပ်ပွားပေါ်မှ ဖြတ်ကျော်မှု မပြုနိုင်ခြင်း၊ ( ပင်လယ်တွင်း မျောကြွစဉ်က ဖြတ်ကျော်မိသော ဇော်ဂျီသည် ပြဒါးရှင်လွတ်ကျကာ ဟိုင်းကြီးကျွန်းသို့ လွင့်စဉ်ကျသွားခဲ့ရသည်။)

(၂) ကျောက်လှည်းဘီးကြီးပေါ်၌ စံပယ်လျက် ရေပေါ်တွင်မျောကြွလာပြီး သာသနာတော် တည်တံ့နိုင်ရာဒေသသို့ ရောက်ရှိရပ်တန့်စံပယ်တော်မူလာခြင်း။

(၃) ရေပေါ်တွင် သီတင်းသုံးနေတော်မူနေသည့် ရုပ်ပွားတော်ကို ဒေါ်လုံမ အစိဋ္ဌာန်ပြုပြီး ဗိုင်းတောင့်ချည်ကြိုးဖြင့်ဆွဲငင်ရာ လိုက်ပါ ကြွမြန်းတော်မူလာခြင်း။

(၄) ရုပ်ပွားတော်သည် မဇ္ဈိမဒေသ ဘုရားပွင့်ရာ အနောက်တောင် အရပ်သို့သာ မျက်နှာတော်မူပြီး အခြားအရပ်သို့ မျက်နှာ လှည့်လျက် တည်ထားကိုးကွယ်၍ မရခြင်း။

**မှတ်ချက်။** ။ရုပ်ပွားတော် ရောက်ရှိလာစဉ်က ရုပ်ပွားတော်မျက်နှာ ကို အရှေ့ဘက်သို့ မျက်နှာမူထားသော်လည်း တန်ခိုး တော်ဖြင့် အလိုအလျောက် အနောက်တောင်အရပ် (ယခုအနေအထား)သို့ လှည့်သွားကြောင်း ရှေးလူကြီး အစဉ်အဆက် ပြောစမှတ်ရှိခဲ့ပေသည်။

(၅) လက်ယာဘက်အထက်နား(နားထင်စွန်း)၌ရှိသော မှဲ့ရှင်တော် အမည်းစက်ကို မှဲ့တော်မပေါ်အောင် ရွှေသားထူထူချထားသော် လည်း မှဲ့ရှင်တော်မှာ မူလနေရာ၌ ပြန်ပေါ်မြဲ ပေါ်နေတော်မူခြင်း။

(၆) သီဟိုဠ်ကျွန်း ဇမ္ဗုကောလ ဆိပ်ကမ်းတွင်တစ်ကြိမ်၊ ကျိုက်ထိုမြို့ သို့ ကြွရောက်တော်မူပြီး ကိန်းဝပ်စံပယ်ရန် အတည်တကျ ရှိ တော်မူစဉ်၌ တစ်ကြိမ်၊ မျက်တောင်တော် ခတ်တော်မူခြင်း (ဤဖော်ပြပါ ထူးခြားချက်ကြောင့် **မျက်ရှင်တော်၊** နောက် မှဲ့ရှင်တော်ကို ရွှေချပြီး ဖုံးမရဖြစ်ကြပြန်သဖြင့် **မှဲ့ရှင်တော်**ဟု ခေါ်ဝေါ်လာကြသည်။)

(၇) ခြောက်သွယ်သော ရောင်ခြည်တော် ကွန့်မြူးလျက် တန်ခိုး ပြာဋိဟာ ပြတော်မူသည်ကို ဖူးတွေ့လိုက်ရသူ အထင်အရှား ရှိခြင်း၊ ဤသည်တို့ကား ကျိုက်ပေါလောဘုရား၏ အံ့ချီးဖွယ် ရာများ ဖြစ်တော့သည်။

## ကျိုက်ပေါလောဘုရား ဘွဲ့တော်ဖြစ်စဉ်

ရုပ်ရှင်တော်ဘုရား၊ မျက်ရှင်တော်ဘုရား၊ မှဲ့ရှင်တော်ဘုရား ဟူ၍ ထင်ရှားလျက်ရှိတော်မူသော ကျိုက်ပေါလောဘုရား ရုပ်ပွားတော်မြတ်ကြီး၏ ဘွဲ့တော်များမှာ–

**မျက်နှာတော်သည် အသက်ထင်ရှားရှိနေဘိသကဲ့သို့ တည်ရှိတော်မူခြင်းကြောင့် 'ရုပ်ရှင်တော်ဘုရား'ဟု လည်းကောင်း၊**

**မျက်လုံးတော်အစုံတို့သည် မျက်တောင်ခတ်ကာ ပကတိ မျက်လုံးတော်ကဲ့သို့ တည်ရှိသောကြောင့် 'မျက်ရှင်တော်ဘုရား'ဟု လည်းကောင်း၊**

**ရုပ်ပွားတော်မြတ်၏ လက်ယာဘက် နှာထင်အစွန်းတွင် မှဲ့တော်တစ်ခု ထူးထူးခြားခြားပေါ်ထွန်းလျက်ရှိ၍ မည်သို့ပင် ရွှေချသော်လည်း မပျောက်ဘဲ သတိထားကြည့်ရှု မှတ်သားပါကလည်း နေရာရွှေ့ပြောင်းခြင်းတို့ကြောင့် 'မှဲ့ရှင်တော်ဘုရား'ဟု လည်းကောင်း** ခေါ်ဝေါ်ခဲ့ကြခြင်း ဖြစ်သည်။

ကျိုက်ပေါလော ရုပ်ပွားတော်မြတ်ကို အသေအချာကြည့်လျှင် သန္တာရောင်နှုတ်ခမ်းတော်က စကားပြော၊ တရားဟောတော့မည်လိုလို, မျက်လုံးတော်က မျက်တောင်ခတ်နေသလိုလို သက်တော်ထင်ရှားရှိဘိသကဲ့သို့ ထင်မှတ်ရပါသည်။ ရုပ်ပွားတော်၏ ဥဏ်တော်မှာ (၃)ပေ(၆)လက်မ၊ နောက်အောက်ခံဖုံမှာ (၆)လက်မ၊ တင်ပျဉ်ခွေ ဒူးတော်နှစ်ဘက်အကျယ် (၂)ပေ(၆)လက်မ၊ ပလ္လင်အမြင့် (၄)ပေ(၇)လက်မ ရှိပါသည်။

ကျိုက်ပေါလောရုပ်ပွားတော်မြတ်၏ တည်နေပုံမှာ (ဈာ

နမှဒြာ)ပုံသဏ္ဌာန်ဘက် အလေးပေးထားသောကြောင့် လာရောက်ဖူးမြော် ကန်တော့ကြသော သူတော်စင်အပေါင်းတို့အား မျက်လုံးတော်ဖွင့် နှုတ်ခမ်းတော်ဖွင့် တရားဓမ္မများကို ဆုံးမဟောကြားတော့မည့် ပုံသွင်ရှိ၍ ထူးခြားကြည်ညိုဖွယ်ကောင်းလှပါသည်။

## ကျောက်လှည်းဘီးကြီး

ကျိုက်ပေါလောဘုရား၏ မူလပလ္လင်တော်မှာ သီဟိုဠ်ကျွန်းမှ အဓိဋ္ဌာန်ဖြင့် မျှောတော်မူစဉ်ကပင် ကျောက်လှည်းဘီးကြီးကို ပလ္လင်ခံကာ မျှောလိုက်ခြင်းဖြစ်သည်။ ကတိသစ္စာစကား မှန်သောကြောင့်၊ ထိုသို့မဟုတ်ပါမူလည်း အတုလံ=အတုမရှိသော ဗုဒ္ဓမြတ်စွာ၏ တန်ခိုးတော်အနန္တကြောင့် ကျောက်လှည်းဘီးကြီး ရေပေါ်ပေါ်၍ မျောလာခြင်းဖြစ်ပါ၏။

ဗျဂ္ဃမင်းကြီးနှင့်တကွ မြို့သူမြို့သားတို့မှာ ရေပေါ်တွင် ပေါလောပေါ် စံပယ်နေသော ဗုဒ္ဓရုပ်ပွားတော်နှင့် ကျောက်လှည်းဘီးကြီးကို ထူးဆန်းအံ့ဩစွာ တွေ့မြင်ရသောကြောင့် ရေပေါ်မှ ပင့်ဆောင်ကိုးကွယ်ကြပြီး မူလပလ္လင်ကျောက်လှည်းဘီးကြီးကို ဘုရားပလ္လင်အောက် မြှုပ်ထားလိုက်ကြောင်း ဆိုကြသည်။

အချို့မူကွဲတွင် ဘုရားရုပ်ပွားတော်ကို ပင့်ဆောင်လိုက်သည်နှင့် အဆိုပါလှည်းဘီးကြီးမှာ ရေအောက်သို့ နစ်မြုပ်သွားရာ မည်သို့မျှရှာမတွေ့တော့ဟု ဆိုကြသည်။ သို့သော် ကျိုက်ပေါလောဘုရားကို ယခုနေရာသို့ ပင့်ဆောင်ပူဇော်ကြပြီးနောက် ကျောက်လှည်းဘီးကြီးမှာ ထူးဆန်းစွာ ရေပေါ်၌ ဟိုမှသည်မှ ကူးသန်းနေသည်ကို တွေ့ကြရပြန်သည်။ ထိုကျောက်လှည်းဘီးကြီး၏ ဝင်ရိုး

ပေါက်ထဲတွင်လည်း ထူးဆန်းသော ပတ္တမြားမျက်ရှင်ကြီးတစ်လုံးကို တွေ့ကြရာ လောဘသား လူတစ်စု သိုက်ဆရာအချို့က အဆိုပါပတ္တမြားကြီးကို ရယူရန် ကြိုးစားကြသော်လည်း အချည်းနှီးပင်။ ကျောက်လှည်းဘီးကြီးမှာ မြုပ်လိုက်ပေါ်လိုက် ကူးလိုက်သန်းလိုက်ရှိနေသည်ဆို၏။

နှစ်ကာလကြာညောင်းလာသော် ချောင်းလည်းကောလာပြီး ကျောက်လှည်းဘီးကြီး၏ သတင်းအစအနလည်း ပျောက်ကွယ်သွားရသည်ဟု ဆိုကြသည်။

ထိုသို့ အစဉ်အလာကြီးမားသော ကျောက်လှည်းဘီးကြီးနှင့်ပတ်သက်ပြီး ဘဝင်မကျဖြစ်နေကြရသည်။

ထိုကျောက်လှည်းဘီးကြီးကို နောင်လာနောင်သားတို့ မြင်ဖူးစေရန် အမျိုးမျိုးကြံဆပြီး ကျောက်လှည်းဘီးအတု ဖန်တီးကြရာ အကြိမ်ကြိမ်ကွဲအပ်ပျက်စီးသွား၍ အခက်ကြုံကြရလေသည်။

ဤသို့ အခက်ကြုံနေစဉ် မဟာဗောဓိစေတီတော်ကြီး တည်ထားကိုးကွယ်ရန် ကျိုက်ပေါလောဘုရား ဂန္ဓကုဋီတိုက် ကျောဘက်ရှိချိုင့်ဝှမ်းကြီးကို မြေဖို့-ဖို့လိုအပ်လာသောကြောင့် ကုန်းကမူတစ်ချို့ကို တူးဆွဖြိုဖျက်သောအခါ ပျောက်ကွယ်နေသော ကျောက်လှည်းဘီးကြီးကို တူးဖော်တွေ့ရှိကြရသဖြင့် ရဟန်းရှင်လူတို့ အံ့သြဝမ်းမြောက်ကြရလေသည်။

ဗုဒ္ဓရုပ်ပွားတော်ကို ယာယီဂန္ဓကုဋီတိုက်တွင် မထားမီတောင်ကုန်းကမူလေးတစ်ခုပေါ်တွင် တင်၍ ပူဇော်ထားခဲ့ကြသည်။ ယာယီဂန္ဓကုဋီတိုက် ဆောက်လုပ် ပြီးစီးသောအခါ ရုပ်ပွားတော်ကိုသာ

ပင့်ဆောင်ပြီး ကျောက်လှည်းဘီးကြီးကို သတိမမူမိကြတော့ပေ။

ကျောက်လှည်းဘီးကြီးမှာ ကုန်းကမူလေးပေါ်တင်ရှိနေရာမှ၊ နှစ်ကာလကြာလာသောအခါ အောက်သို့လျှောကျပြီး၊ မြေကြီးများ ဖုံးလွှမ်း ပျောက်ကွယ်သွားရလေသည်။ ရုပ်ပွားတော်ကို ဂန္ဓကုဋိတိုက်အသစ်တွင် ကိန်းဝပ်စံပယ်သောအချိန် ရောက်မှ အစဉ်အလာကြီးမားသော ကျောက်လှည်းဘီးကြီးကို ပြန်လည်ရှာဖွေရာတွင် ကုန်းကမူအတွင်းမှ ပြန်လည်တွေ့ရှိရပြီး၊ ရုပ်ပွားတော်ဘေးနားတွင် အများပြည်သူမြင်တွေ့နိုင်စေရန် ယခုကဲ့သို့ ပြသထားခြင်း ဖြစ်သည်။

"ကျောက်လှည်းဘီးကြီး ရေတွင် ကူးခတ်နေရင်း ချောင်းကောသွား၍ ပျောက်ဆုံးသွားသည်" ဆိုကြသူတို့က တူးဖော်တွေ့ရှိရသော ကျောက်လှည်းဘီးကြီးကို အစစ်မဟုတ်ဟု ဆိုကြလေသည်။

ယခုမြင်တွေ့နေရသည့် ကျောက်လှည်းဘီးကြီးမှာ ဘုရားဂန္ဓကုဋိတိုက် ကျောဘက်ရှိ ကုန်းကမူကို ဖြိုရာမှ တူးဖော်တွေ့ရှိရခြင်းကြောင့် ထိုစဉ်ကရှာဖွေတွေ့ရှိကြသူများ၏ မှတ်တမ်းတင် ဓာတ်ပုံများကို ကြည့်က သိနိုင်ပေသည်။

## ကျိုက်ပေါလောဘုရားပလ္လင်တော်

ကျိုက်ပေါလောဘုရား၏ မှန်စီရွှေချပလ္လင်တော်ကို ကျိုက်ထိုမြို့ မင်းတိုင်ပင်အမတ်ဟောင်း ဦးဘတင်၏ဖခင် မြေပိုင်ရှင် ကျောင်းဒါယကာကြီး ဦးဖေ–ဒေါ်ကျင်ဟုံ မိသားစုတို့က ကျပ်ငွေ ၁၂၀၀၀/အကုန်အကျခံ၍ (၁၂၆၇)ခုနှစ်တွင် လှူဒါန်းခဲ့ပါသည်။ မှန်စီရွှေချ ဗိသုကာဆရာမှာ မောင်ချက်ဖြစ်သည်။

ပလ္လင်ကြီးတွင် တပ်ဆင်လျက်ရှိသော ရုပ်လုံးပေါ် မှန်စီ ရွှေချ တံကဲတော်ကြီးကို ကျိုက်ထိုမြို့တောင်ပိုင်းရပ်နေ ကျိုက်ထီးရိုး ဂေါပကအဖွဲ့ဝင်တစ်ဦးဖြစ်သော ဗိသုကာဆရာကြီး ဦးမိုးနှင့် ဇနီး သားသမီးများက ကျပ်ငွေ ၁၂၀၀ိ/အကုန်အကျခံကာ လှူဒါန်းခဲ့ပါ သည်။

နှစ်ပေါင်းငါးဆယ်ခန့် ကြာမြင့်လာသောအခါတွင် တံကဲ တော်ကြီးသည် ကျောက်များ မှန်များ မှေးမှိန်လာသဖြင့် ကျိုက်ထိုမြို့ မြောက်ပိုင်းရပ် ဗိုလ်ချုပ်လမ်းနေ ဦးဟုတ်စိမ်း ဒေါ်သန်းကြွေတို့ မိသားစုက ရွှေပိမ်းချကာ မွမ်းမံလှူဒါန်းခဲ့ကြပါသည်။ ပလ္လင်တော် ကြီးမှာ နှစ်ပေါင်းရှစ်ဆယ်ကျော် ကြာမြင့်ခဲ့ပြီးဖြစ်၍ ရွှေရောင်များ မှေးမှိန်လျက် မှန်များကွာကျ ပျက်စီးလာခဲ့သည်။ ထို့ကြောင့် ဩဝါ ဒါစရိယ ဆရာတော်များနှင့် ဂေါပကအဖွဲ့တို့က မူလလက်ရာမပျက် ပြုပြင်ရန် ဆုံးဖြတ်ခဲ့ရာ ကျိုက်ထိုမြို့တောင်သူစုရပ် စိန်ပန်းလမ်းနေ ဦးခင်အောင်–ဒေါ်လှကြင်မိသားစုတို့က ကျပ်တစ်သိန်းကို စေတနာ ထက်သန်စွာဖြင့် မ,တည် လှူဒါန်းခဲ့ပါသည်။ လိုအပ်သော အလှူငွေများ ပြည့်မီလုံလောက်စေရန်အတွက် သတင်းစာမှ အလှူခံခဲ့ရာ ငွေကျပ် တစ်သိန်းကျော် ထပ်မံရရှိခဲ့ပါသည်။

မူလပလ္လင်တော်မှာ မှန်များ၊ ရောင်စုံရွဲများ ပါဝင်ပါသည်။ ပြန်လည်ပြုပြင်ရာတွင် ရွဲများရှာမရခြင်း မှန်များပြန်ထည့်လျှင်လည်း မကြာမီ မှေးမှိန်သွားမည်ဖြစ်ခြင်းကြောင့် မှန်များကို ပြန်မသုံး တော့ဘဲ ရွှေသားပလ္လင်တော်ကိုသာ ပြုလုပ်ရန် ဆုံးဖြတ်ခဲ့ပါသည်။ မှေးမှိန်လျက်ရှိပြီဖြစ်သော တံကဲတော်ကြီးကိုလည်း ပြုပြင်သင့်သည်ကို

ပြုပြင်ပြီး ထပ်မံ၍ ရွှေချခဲ့သည်။ ပလ္လင်တော်ကို ရွှေပိန်းချသော ဗိသုကာဆရာမှာ ဦးကျော်ဇံ ဖြစ်သည်။ ပြုပြင်ပြီး ပလ္လင်တော်၏ အနုလက်ရာနှင့် အခြေအနေကို ဒလ္လရှင်များ ကျေနပ်သဒ္ဓါပွား ကြပါသည်။

# သာသနိကအဆောက်အအုံများ

**မဟာဗောဓိစေတီတော်ကြီး**

"ကျိုက်ထိုမြို့သို့ ဟသ်ာတမှ (၁၂၇၂)ခုနှစ်တွင် ကြွလာသော ဆရာတော် ဦးကေသရသည် မဟာမြတ်မုနိဘုရားကြီးတွင် သီတင်းသုံးလေသည်။ ဤအချိန်တွင် ကျိုက်ပေါလော ဘုရားဝင်း၏ မြောက်ဘက်ကုန်းတွင် ချုံနွယ်ပိတ်ပေါင်းတို့ဖြင့် တောကြီးဖြစ်နေ၏။ ဦးကေသရသည် ၎င်းတောကို ခုတ်ထွင်ရှင်းလင်းစေပြီး ကျောင်းတစ်ဆောင် ဆောက်လုပ်ကာ မဟာမြတ်မုနိဝင်းအတွင်းမှ ရွှေ့ပြောင်း သီတင်းသုံးလေသည်။ ကျိုက်ပေါလောဘုရားအနီးရှိသောကြောင့် ဘုရားကြီးကျောင်းတိုက်ဟူ၍ လည်းကောင်း၊ **တစ်နည်းလည်း** မဟာမြတ်မုနိဘုရားကြီး အတွင်းက ပြောင်းရွှေ့လာ၍ ဘုရားကြီးကျောင်းတိုက်ဟုလည်းကောင်း ခေါ်တွင်ခြင်း ဆိုကြသည်။ ဘုရားကြီးကျောင်းတိုက်၏ ယခုလက်ရှိ နာယကဆရာတော်မှာ ဆရာတော်ဦးပုညဝန္တ ဖြစ်ပြီး၊ ကျိုက်ပေါလော မုံ့ရှင်တော်ဘုရား၏ ဩဝါဒါစရိယဆရာတော်ဖြစ်သည်။

ကျိုက်ပေါလောဘုရား ဂန္ဓကုဋိတိုက် ကျောဘက်၌ကပ်၍ အလွန်နက်သော ချိုင့်ဝှမ်းကြီးတစ်ခုရှိသည်။ ဆိတ်များ နွားများကျ

လျှင် သေဆုံးလေ့ရှိ၏။ ထို့ကြောင့် ဆရာတော်ဦးကေသရသည် တပည့်တပန်းများကို စုပေါင်း၍ ရေကန်ကြီးတစ်ကန် တူးဖော်စေကာ ၎င်းမြေများဖြင့် ချိုင့်ဝှမ်းကြီးကို ဖို့စေခဲ့၏။ ချိုင့်ဝှမ်းကြီးထဲရှိ အင်္ဂတေပေါ်တွင် နဂါးရုပ် ထွင်းထားသော ကျိုက်ပေါလောဘုရား ရုပ်ပုံတူ ရုပ်ပွားတော်တစ်ဆူနှင့် အခြားရုပ်ပွားတော် သုံးဆူလည်း စံပယ်နေတော်မူလျက်ရှိရာ မြေမဖို့မီအပေါ်သို့ ပင့်ဆောင်ထားရသည်။

ချိုင့်ဝှမ်းကြီးဖို့ညှိပြီး ညီညာသွားသောအခါ ထိုနေရာတွင် မဟာဗောဓိစေတီတစ်ဆူကို တည်ထားကိုးကွယ်ရန် ဆရာတော်က စီမံပြန်၍ အရံစေတီရှစ်ဆူကို ပထမဦးစွာ တည်ထားခဲ့ပြီးသည့်နောက် ဆရာတော်ကြီး ပျံလွန်တော်မူသွားသည်နှင့် အလယ်မှာ မဟာဗောဓိစေတီကြီးကို မတည်ဖြစ်တော့ပေ။ ယခုအခါ လက်ရှိ ကျိုက်ပေါလောဘုရား ဂေါပကအဖွဲ့ကြီးက မဟာဗောဓိစေတီတော်ကြီးကို ဆက်လက် တည်တော်မူရန် ကြိုးပမ်းလျက် ရှိနေပါသည်။ ဆရာတော်ကြီးပျံလွန်တော်မူသည့်နှစ် (၁၃၁၄)ခုနှစ်

## ကျိုက်ပေါလော ဘိုးဘိုးကြီး

ကျိုက်ပေါလောဘိုးဘိုးကြီးသည် ကျိုက်ထိုမြို့စောင့် ဘိုးဘိုးလည်းဖြစ်သည်။ ကျိုက်ထိုမြို့တွင် ဂူကြီးကုန်း၊ အာပေါကုန်း၊ ဇီးဖြူကုန်းစသည်ဖြင့် သမိုင်းဝင်ကုန်းကြီးများ ရှိခဲ့ရာ ယခုကျိုက်ပေါလောဘုရားနှင့် မဟာမြတ်မုနိဘုရား တည်ရာတစ်ဝိုက် ကုန်းကို ဇီးဖြူကုန်းဟု ခေါ်တွင်လေသည်။ ဇီးဖြူကုန်းတွင် ရွှေထွက်သည်ဟူ၍လည်း နာမည်ကြီးသည်။

ကျိုက်ထိုမြို့အပိုင်စားရသော စစ်ဗိုလ်ချုပ်လည်းဖြစ်၊ မြို့စား

လည်းဖြစ်သော မြို့စားတစ်ဦး ကွယ်လွန်အနိစ္စရောက်သည်မှစပြီး အယူတိမ်း၍ နတ်စိမ်းဖြစ်ကာ ကျိုက်ထိုမြို့ကို စောင့်ရှောက်ပေးနေရသည်ဟု ယုံကြည်ခဲ့ကြ၏။ ၎င်းကျိုက်ထိုမြို့စောင့်နတ်ကို ဇီးဖြူကုန်းတွင် နတ်ရုပ် နတ်ကွန်း တည်ဆောက်ပ–သ–ခဲ့ကြရာမှ ဇီးဖြူရှင်ကြီးဟု ခေါ်တွင်လာ၏။ ဇီးဖြူရှင်ကြီးနတ်ကွန်းမှာ မူလက စိန်ပန်းလမ်း ဘုန်းကြီးမုတ်ကြီး ကျောင်းဝင်းအနီး ဦးစံအိမ်နေရာတွင် ရှိခဲ့ရာမှ ဘုရားကြီးကျောင်းတိုက် ဆရာတော် ဦးကေသရ ဦးဆောင်ကာ ဇီးဖြူနတ်ကွန်းကို ကျိုက်ပေါလော ဘုရားကြီးဝင်းအတွင်းသို့ ရွှေ့ပြောင်း တည်ဆောက်ပေးလိုက်ကြောင်း သိရသည်။ ထိုအချိန်မှစ၍ **ကျိုက်ပေါလောဘိုးဘိုးကြီး**ဟူ၍ ခေါ်တွင်လာခဲ့လေသည်။

ရှေးအခါက ကျိုက်ပေါလောဘိုးဘိုးကြီးနတ်ကွန်းမှာ လေးဘက်လေးတန် အုတ်ကာရံထားသည့် အုတ်ဂူသဖွယ်ဖြစ်၏။ ယခင်က ဘိုးဘိုးကြီးနတ်ကွန်းကို အစောင့်ချထားမှုမရှိခဲ့သဖြင့် ပတ်ဝန်းကျင်တွင် ချုံတော၊ မြက်တောများ ရှုပ်ထွေးနေ၏။ ယခုအခါ ကျိုက်ပေါလောဂေါပကအဖွဲ့က ကြီးကြပ်ကွပ်ကဲမှုဖြင့် အစောင့်တစ်ဦးချထားခဲ့ရာ နတ်ကွန်းဝန်းကျင်တစ်ဝိုက် အမှိုက်သရိုက် ရှင်းလင်းခြင်း၊ ဥယျာဉ်ပန်းမန် စိုက်ပျိုးခြင်းတို့ကြောင့် စိမ်းလန်းစိုပြည် သာယာနေပြီဖြစ်သည်။ အရိပ်ရအပင်ကြီးများခြေရင်းတွင် ထိုင်ခုံကလေးများ ထားရှိပေးထား၍ နားနေ အပန်းဖြေစရာ အလွန်ကောင်းလှတော့သည်။

ဤဘိုးဘိုးကြီး နတ်ကွန်းဘက်မှ မျှော်ကြည့်လျှင် သုဝဏ္ဏဘူမိမြို့ဟောင်း ကေလာသဆံတော်ရှင် စေတီတော်မြတ်ကြီးကိုလည်း ဖူးတွေ့နိုင်ပါသည်။

## ကျိုက်ပေါလောဓမ္မာရုံကြီး

လွန်ခဲ့သည့် နှစ်ပေါင်းသုံးဆယ်ကျော်က ကျိုက်ပေါလော ဘုရားဝင်းအတွင်း၌ သစ်သားဇရပ်ကြီးများ ရှိခဲ့ပါသည်။ ဘိုးဘိုးကြီး နတ်ကွန်းအနီးတွင် ဇရပ်နှစ်ဆောင်၊ ရေကန်ဘက် စောင်းတန်း မြောက်ဘက်ခြမ်းတွင် ဇရပ်တန်းလျားရှည်ကြီး တစ်ဆောင်၊ နှစ်ပြား ဇရပ်တစ်ခု၊ တိုက်ဇရပ်ကြီးတစ်ဆောင်၊ တိုက်မီးစက်ကြီးတစ်လုံး၊ မီးစက်ကြီးအနီးတွင် ဇရပ်ကလေးတစ်ဆောင် စသည်တို့ တည်ရှိပြီး လူသူတော် ဘုရားလူကြီး ဦးကျွန်းဆိုသူသည် ဇရပ်ကလေးတွင် နေခဲ့သည်။ ဦးကျွန်း ဦးဆောင်၍ ပျက်စီး ယိုယွင်းနေပြီဖြစ်သည့် နှစ်ပြားဇရပ်ကို စေတနာရှင်အများကောင်းမှုဖြင့် ဓမ္မာရုံကြီး တစ်ဆောင်အဖြစ် ဆောက်လုပ်လှူဒါန်းခဲ့သောကြောင့် ဦးကျွန်းဓမ္မာရုံဟူ၍ တွင်လေသည်။ ယခု ကျိုက်ပေါလော ဓမ္မာရုံကြီး ဖြစ်လေသည်။ ၎င်းဓမ္မာရုံကြီးတွင် နှစ်စဉ် တစ်ဝါတွင်းလုံး ဥပုသ်နေ့တိုင်း တရားပွဲကျင်းပခြင်း၊ အခါကြီး ရက်ကြီးနှင့် သင်္ကြန်ရက်များတွင် စတုဒိသာ ကျွေးမွေးလှူဒါန်းခြင်း ပြုလုပ်ကြ၏။ ဦးကျွန်းသည် ယခုလက်ရှိ ခေါင်းလောင်းကြီးကိုလည်း တည်ဆောက်ခဲ့၏။

ယခုအခါ ကျိုက်ပေါလောဓမ္မာရုံကြီးသည် ပျက်စီးယိုယွင်း ခဲ့သည့်အလျောက် စေတနာရှင်အများကောင်းမှုဖြင့် အုတ်တိုက် ဓမ္မာရုံကြီးအဖြစ် ပြန်လည်မွမ်းမံ တည်ဆောက်ထားပြီး ဖြစ်သည်။ ယခင်က မီးစက်တိုက်မှာ ဘုရားနှင့်အလှမ်းဝေးသဖြင့် တိုက်မီးစက် လေးတစ်ခုကို ဘုရားကြီးအနီးရွှေ့၍ တည်ဆောက်ခဲ့ရသည်၊ ထို မီးစက်အနီး ဗုဒ္ဓရုပ်ပွားတော်၏ ဂန္ဓကုဋိတိုက် တစ်ဆောင်ကိုလည်း

ဖျက်သိမ်းပြီး ယင်းပုံစံအတိုင်း ပြန်လည်တည်ဆောက်လှူဒါန်းထား ပြီး ဖြစ်သည်။

ယခုအခါ မီးစက်တိုက်ကလေးကို ဖျက်ကာ **မီးစက်ကို** ၎င်း၏ အနောက်ဘက် တိုက်ဇရပ်နံရံဘေးသို့ ပြောင်းလိုက်ခြင်းကြောင့် ဘုရားဝင်းရင်ပြင်တော်မှာ အတော်အသင့်ကျယ်ဝန်းသွား၏။ ယခင်က မီးစက်တိုက်ကြီးကို ဘုရားကြီးဂေါပကအဖွဲ့ရုံး ပြုလုပ်ထား၏။ ၎င်းအရှေ့မြေကွက်လပ်ကိုလည်း ဝင်းခတ်ကာ ပန်းခြံပြုလုပ်ပေးထား ပြီး အင်္ဂတေခင်း စကြံ လမ်းကလေးပါ ဖောက်လုပ်ထားရာ တစ်မျိုး တစ်ဘာသာ ကြည်နူးဖွယ်ရှိလှသည်။

ကျိုက်ပေါလောဘုရား ဂန္ဓကုဋိတိုက်အနီး လျောင်းတော်မူ ရုပ်ပွားတော်တစ်ဆူ စံပယ်လျက်ရှိရာ ဂန္ဓကုဋိတိုက်ငယ်တစ်လုံး နှင့် အခြားတိုက်ငယ်တစ်လုံးလည်း ရှိသေးသည်။

## ကျိုက်ပေါလောဘုရား ပြုပြင်မွမ်းမံလှူဒါန်းကြပုံအစုံစုံ

ကျိုက်ပေါလောရုပ်ရှင်တော်ဘုရား၏ အဆောက်အအုံများ ကို ဖျက်တန်သည်ကိုဖျက် ပြင်တန်ပြင်ဖြင့် စေတနာရှင် ဒါယကာ အဆက်ဆက်က ပြုပြင်မွမ်းမံလှူဒါန်းခဲ့ကြပါသည်။

ဘုရားအဝင်မုခ်ဝပြာသာဒ်ရှိ စောင်းတန်းအုတ်တိုင်(၂၂) လုံးကို ကျိုက်ထိုမြို့ ဗိုလ်ချုပ်လမ်းနေ ဦးမြအေး - ဒေါ်စောတင် မိသားစုက သဒ္ဓါထက်သန်စွာ လှူဒါန်းခဲ့သည်။

ဘုရားကြီး၏ ဂန္ဓကုဋိတိုက် အတွင်းအပြင်နံရံ၏ မှန်စီတို့ မှာ နှစ်ပရိစ္ဆေဒကြာညောင်း၍ ယိုယွင်းပျက်စီးခဲ့သဖြင့် စေတနာရှင် ဒါယကာတစ်ဦးက မ,တည်လျက် အခြားစေတနာရှင်များ စုပေါင်း

ပြီး အသစ်တစ်ဖန် မွမ်းမံလှူဒါန်းခဲ့ကြသည်။

ဘုရားကြီးမျက်နှာကြက် (၂၄)ပစ္စည်း စာတမ်းကိုလည်း အသစ်မွမ်းမံလှူဒါန်းခဲ့ပါသည်။ ကျိုက်ပေါလောရုပ်ပွားတော် သီတင်းသုံး စံပယ်တော်မူရာ၊ ဂန္ဓကုဋိ ကျောင်းတော်ကြီး၏အတွင်း နံရံနှင့် မျက်နှာကြက်တို့သည် မူလကမှန်စရွှေချ မွမ်းမံထားခဲ့ကြရာ ကာလကြာညောင်းလာပြီဖြစ်၍ မှေးမှိန်ပျက်စီးလာခဲ့ကြလေသည်။

ယခုလက်ရှိ ဂေါပကအဖွဲ့သည် မှန်စီရွှေချမျက်နှာကြက်ဟောင်းကို (၂၄)ပစ္စည်းပုံ၊ ကြာပွင့်ပုံဖော်ပြီး၊ ကြေးပေါ်တွင် ရွှေပိန်းချ၊ လုပသော မျက်နှာကြက်များဖြစ်အောင် အလှူရှင်တို့နှင့် ညှိနှိုင်းဆောင်ရွက်ထားပြီးဖြစ်သောကြောင့် အမြင်ဆန်းကျယ်ပြီး၊အဖိုးများစွာထိုက်သောမျက်နှာကြက်ကို မြင်တွေ့နေကြရပြီးဖြစ်ပါသည်။

မျက်နှာကြက်နှင့် လိုက်ဖက်သော ရွှေပိန်းချတိုင်လုံးများကိုလည်း ပြုပြင်လုပ်ထားပြီး ဖြစ်သည်။

ကျိုက်ပေါလော ဓမ္မာရုံကြီးခေါင်းရင်းတွင်ရှိသော ဟောင်းနွမ်းပျက်စီးနေသည့် တိုက်ဇရပ်ကြီးကို ခေတ်မီခိုင်ခံ့သော နှစ်ထပ်တိုက်ဇရပ်အဖြစ် ပြုပြင်နေရာ (၂၂)သိန်းခန့် ကုန်ကျသည်ဟု သိရ၏။

နှစ်စဉ် ကျိုက်ထီးရိုးဆံတော်ရှင်သို့ လာရောက်ကြသည့် ဘုရားဖူးများသည် ကျိုက်ထီးရိုးမှအပြန် ကျိုက်ပေါလောဘုရားဝင်ဖူးရင်း ညဥ့်အိပ်ညဥ့်နေ ခိုနားလေ့ရှိကြသဖြင့် ကျိုက်ပေါလော ဓမ္မာရုံကြီးနှင့် အဆိုပါ တိုက်ဇရပ်ကြီးတို့မှာ ဘုရားဖူးတို့ ကျယ်ဝန်းလွတ်လပ်စွာ ခိုနားနိုင်ရန် တည်ဆောက်ထားခြင်းဖြစ်သည်။

ဂန္ဓကုဋိတိုက်နောက်ကျောရှိ ကျိုက်ပေါလောရေကန်ကြီး အလယ်တွင် ရှင်ဥပဂုတ္တမထေရ်မြတ် စံပယ်ရာ ကျောင်းဆောင် ဆောက်လုပ်ပြီး၊ ၁၃၅၆–ခု၊ သီတင်းကျွတ်လပြည့်နေ့မှစ၍ အရှင်ဥပဂုတ္တရုပ်တုတော် ထားရှိပူဇော်ခဲ့ပါသည်။

ကျိုက်ပေါလော ဘုရားဝင်းတစ်လျှောက် သေသပ်သော အုတ်၊ အင်္ဂတေကျောက်ခင်းလမ်းဖြင့် တောက်လျှောက်ဆက်သွယ်ထားပြီး လမ်းဘေးတွင် ရွက်လှမျိုးစုံ၊ ပွင့်တူရွက်တူတို့ကို အစီအရီစိုက်ပျိုးထားရှိလေသည်။

ဘုရားကြီး၏ မူလပလ္လင်တော် အုတ်မြစ်အင်္ဂတေတို့ကို ခွာပြီး ယခုကဲ့သို့ ရွှေပိန်းချပလ္လင်တော်ဖြစ်အောင် ဦးခင်အောင်–ဒေါ်လှကြင် မိသားတစ်စုက ငွေကျပ်တစ်သိန်းမ,တည် လှူဒါန်းခဲ့လေသည်။

ကျိုက်ပေါလောဘုရားကြီးနှင့် မဟာမြတ်မုနိ သွန်းဘုရားကြီးတို့တွင် တစ်ဝါတွင်းလုံး ဥပုသ်နေ့တိုင်း တရားဟောပြောခဲ့တော်မူသော သံဃာတော်အရှင်မြတ်များနှင့် ဩဝါဒါစရိယ ဆရာတော်ဘုရားကြီးများအား နှစ်စဉ် သီတင်းကျွတ်လပြည့်နေ့ရောက်တိုင်း ဆွမ်းဆန်စိမ်းများ လောင်းလှူမြဲဖြစ်ပါသည်။ မြန်မာနှစ်ဆန်း တစ်ရက်နေ့တိုင်းတွင်လည်း မြို့ပေါ်နှင့် အနီးအနားဝန်းကျင်ရှိ ကျေးရွာများမှ စေတနာရှင် သူတော်စင်အပေါင်းတို့က သံဃာတော်အရှင်မြတ် အပါးတစ်ထောင်ကို ဘုရားနှစ်ဆူတွင် ဆွမ်းဆန်စိမ်းများ လောင်းလှူမြဲဖြစ်လေသည်။

ကျိုက်ထီးရိုး ဘုရားဖူးရောက်ကြသူတိုင်းလိုလို ကျိုက်ပေါလောဘုရားကြီးသို့ ဝင်ရောက် ဦးခိုက်ဖူးမြော်ကြသည်ဖြစ်၍ ကျိုက်ပေါလောဘုရားမှာ နေ့စဉ်ဘုရားဖူးများဖြင့် မပြတ်ခဲ့ပေ။ အခါကြီးရက်ကြီးများတွင်မူ ကြိတ်ကြိတ်တိုး စည်ကားလှတော့သည်။

**ကျိုက်ပေါလောဘုရားနှင့် ပတ်သက်သော ကိုယ်တွေ့ဖြစ်ရပ်များ**

တစ်ဝါတွင်းလုံး အဖိတ်နေ့များတွင် အရဏ်ခံအဖွဲ့များက စီတန်း၍ အရဏ်ခံလှည့်လည်ကြရာ မြို့သူမြို့သား စေတနာရှင်အပေါင်းက ဆန်၊ ငွေသားနှင့် မုန့်စိုမုန့်ခြောက်၊ သစ်သီးဝလံစသည့် လှူဖွယ်အစုစုတို့ကို လောင်းလှူကြလေသည်။ အဆိုပါ ရရှိသမျှသော ဆွမ်းဆန်တို့ကို ဥပုသ်နေ့နံနက် စောစောတွင် ဆွမ်းချက်ကြ၏။ ရရှိထားသည့် လှူဖွယ်အစုစုဖြင့် အရဏ်မတက်မီ ရေကင်းသံ အတီးအမှတ်ဖြင့် ကျိုက်ပေါလော ဘုရားကြီးနှင့် မဟာမုနိသွန်းဘုရားကြီးတို့ကို ဆွမ်းတော်ကပ်လှူကြပါသည်။ နံနက်ငါးနာရီခန့်တွင် အရဏ်ခံအဖွဲ့များ၏ သာယာကြည်နူးဖွယ် တူရိယာသံများနှင့် ကြေးစည်သံစသည်တို့မှာ ကြားရသူများအဖို့ သဒ္ဓါစိတ်တဖွားဖွား ပေါ်ပေါက်လာစေတော့သည်။

အရဏ်အဖွဲ့လေးငါးဖွဲ့သည် ကျိုက်ပေါလောဘုရားကြီးသို့ သူ့ထက်ငါဦးအောင် ဆွမ်းတော်ပို့ ကပ်လှူလိုသောကြောင့် အစောဆုံးရောက်အောင် လာကြရသည်။ မည်သို့ပင် စောလာစေကာမူ ဂန္ဓကုဋိတိုက် သံတံခါး ဖွင့်ပေးပြီးချင်း အငွေ့တထောင်းထောင်းဖြင့် ဆွမ်းတော်တစ်ပွဲကို အားလုံးထက် အမြဲဦးစွာ တွေ့ရလေသည်။

ပထမဦးဆုံးရောက်လာသော အရဏ်အဖွဲ့တိုင်း မည်သည့်အခါမျှ ဆွမ်းဦးမတင်ကြရ၊ မကပ်ကြရပေ။ သံတံခါး သော့ခတ်ထားသော ဘုရား ဂန္ဓကုဋိအတွင်းသို့ သိကြား၊ နတ်၊ ဝိဇ္ဇာ၊ ဇော်ဂျီစသည့် တန်ခိုးရှင် သိဒ္ဓိရှင်တစ်ဦးဦးက ဆွမ်းဦးတင်သွားကြောင်း ဆိုကြလေသည်။

ဆွမ်းဦးလာကပ်ကြသော သိကြားမင်းနှင့် လည်းကောင်း၊ ဝိဇ္ဇာ ဇော်ဂျီတပသီတို့နှင့်လည်းကောင်း ကြုံကြိုက်တွေ့ဆုံကြသည့် အရဏ်ခံအဖွဲ့များလည်းရှိကြသည်။ ၎င်းတို့ အဆိုအရ ဇော်ဂျီသည် အနီရောင်ဝတ်စုံနှင့်ဖြစ်ပြီး သိကြားနတ်မင်းမှာ တိမ်ခိုးရောင်ကဲ့သို့ အဖြူလွှလွ ဝတ်စုံနှင့်ဖြစ်ကြောင်း ကြည့်နေရင်း မျက်စိအောက်မှ ပျောက်ကွယ်သွားကြောင်း ဆိုကြ၏။

အခြားထူးခြားချက် တစ်ခုမှာလည်း ကိုယ်တွေ့မျက်မြင် ပုဂ္ဂိုလ်တစ်ဦးပြောပြချက်အတိုင်း ပြန်လည်တင်ပြလိုပါသည်။

"၁၉၅၃–ခုနှစ်ကဖြစ်၏။ ထိုစဉ်က ကျိုက်ထိုမြို့ လုံခြုံရေး အတွက် မြို့ဝင်မြို့ထွက် နေရာအနှံ့တွင် အရပ်ကင်းများစောင့်ရသည်။ ကျွန်တော်နှင့်အတူ ကဲ့ကော်ရပ်ကွက် လူငယ်သုံးဦး၊ တောင်ပိုင်းရပ်မှ ကိုဘမောင်(ကွယ်လွန်)တို့တွဲ၍ ကင်းတာဝန်ကျသည့်နေရာမှာ ကျိုက်ပေါလောဘုရားဂိတ်ဝ စောင်းတန်းထိပ် ဈေးဆိုင်တစ်ဆိုင်ဖြစ်၏။ ထိုစဉ်က ကျိုက်ထိုမြို့သည် လျှပ်စစ်မီးမရှိသဖြင့် ညဘက်တွင် လုံးဝမှောင်အတိဖြစ်ပါသည်။ ညရှစ်နာရီခန့်တွင် လူငယ်သုံးယောက် တစ်နေရာသို့ ထွက်သွားကြသည်။ ကိုဘမောင်မှာမူ ဘုရားရှိခိုးမည် ဆိုကာ စောင်းတန်းဘက်သို့ ထွက်ခွာသွားသည်။ ခဏအကြာ၌

ကျွန်တော်၏အမည်ကို ဆက်ကာဆက်ကာ ကိုဘမောင်၏ အရေးတကြီး ခေါ်သံကိုကြားရသည်။ ကျွန်တော်လည်း ပျာပျာသလဲ ဖြစ်သွားပြီး ဘုရားနှစ်ဆူအကြားမှ ဝပ်လျှိုး၍ လိုက်သွားပါသည်။ အနီးသို့ရောက်သည့်အခါ ကိုဘမောင်သည် ပိတ်ထားသော ဘီလပ်သံတံခါးများ အပြင်ဘက်၌ ပုဆစ်တုပ်ထိုင်လျက် ဘုရားရှိခိုးနေသည်ကို တွေ့ရသည်။ ကျွန်တော့်အားလည်း ဘုရားရှိခိုးရန်ပြောပြီး ဘုရားဘက်သို့ ညွှန်ပြသည်တွင် ကျွန်တော်ကိုယ်တိုင် မယုံနိုင်လောက်အောင် ဖြစ်ရပ်တစ်ခုကို တွေ့ရပါသည်။

"ကျိုက်ပေါလောမှဲ့ရှင်တော်ဘုရား နဖူးတည့်တည့်မှ အလွန်တောက်ပသော အလင်းတန်းတစ်ခု ရှေ့သို့ ထွက်နေပါသည်။ အလင်းတန်းသည် ပို၍ပို၍ လင်းလာပြီး ဂန္ဓကုဋိတိုက်တစ်ခုလုံး လျှပ်စစ်မီးထွန်းထားသကဲ့သို့ ထိန်လင်းနေပါသည်။ ကျွန်တော့်စိတ်၌ သုံးမိနစ်ခန့် ကြာမည်ထင်ပါသည်။ နောက်တဖြည်းဖြည်း မှိန်လာကာ မှောင်အတိ ပြန်ဖြစ်သွားပါသည်။"

"ထိုစဉ်က ဖြစ်ပေါ်သော ကျွန်တော့်ရင်တွင်းခံစားချက်ကို စာဖြင့် ဖော်ပြခြင်းငှာ မစွမ်းသာပါ၊ ပြည့်စုံမည်လည်းမဟုတ်ပါ။ ဝမ်းမြောက်ကြည်နူးခြင်းအဟုန်၊ မြတ်နိုးကြည်နူးခြင်း အဟုန်တို့မှာ ကျွန်တော့်ရင်တွင်း ပြည့်လျှမ်းသွားတော့သည်"ဟူသော ဖြစ်ရပ်အမှန်ကို ရေးသားပေးပို့သူ **ဦးကျော်သိန်း**မှာ ကျိုက်ထိုမြို့သား အငြိမ်းစားဝန်ထောက်တစ်ဦး ဖြစ်ပါသည်။ ရန်ကုန်မြို့ ငါးထပ်ကြီးဘုရားလမ်းတွင် နေထိုင်လျက် ကျိုက်ထိုမြို့နယ်အသင်း၏ အမှုဆောင်တစ်ဦးလည်း ဖြစ်ပါသည်။

ကျိုက်ပေါလောဘုရားကြီး ရပ်ပွားတော်မှ မျက်တောင်ခတ်သည်ကို (၁၉၉၁)ခုနှစ်၊ နွေရာသီနေ့တစ်နေ့တွင် မျက်မြင်ကိုယ်တွေ့ ဖူးလိုက်ရသူ ဖားအံ့မြို့မှ အဒေါ်ကြီး တစ်ယောက်လည်း ရှိပါသေးသည်။

ဤသို့ကျိုက်ပေါလောဘုရားကြီးသည် မကြာခဏထူးဆန်းအံ့သြဖွယ် တန်ခိုးပြာဋိဟာများ ပြတော်မူလျက်ရှိခြင်း၊ တန်ခိုးရှိသော ဗြဟ္မာ၊ သိကြား၊ ဝိဿနိုး၊ ဇော်ဂျီ၊ တပဿီ၊ နတ်နဂါး၊ ဘီလူး ကုမ္ဘဏ်တို့ စောင့်ရှောက် ကာကွယ်နေခြင်းစသည့် အထောက်အထားများအရ တန်ခိုးတေဇော် အာနုဘော်တော်နှင့် အလွန်ပြည့်စုံသည့် ဘုရားကြီးဖြစ်ကြောင်း ထင်ရှားလှပေတော့သည်။

* * * * *

## ကျိုက်ပေါလောဘုရား ဂုဏ်ပြုချီးပ ဖွဲ့ဆိုပူဇော်ကြ
## ကျိုက်ပေါလောဘုရား တေးထပ်

ဗုဒ္ဓသာသနာ တည်ရာစ
ပြည် သုဝဏ္ဏ ဇွဲရိပ်စံ၊
ကျိုက်ထိုနဂရ ငွေသောင်ယံကို
ကြွလေပျော်စံ ဖြစ်ပုံဆန်း၊
ဂုဏ်ထူးဝေပေါ့ ကိုယ်တော်ဟန်ရယ်
ထူးရော့ဂုဏ်လျှံ ရေမျောကြွလာမြန်း၊
လှိုင်းလေ မခ ရောက်တော်မူတယ်
လောကဇမ္ဗူ ဒီပါတစ်ဝန်း(ဇုမ်း)၊
အတုမတူ ပြိုင်သူခန်းလို့
ဆန်းဆိုသမျှ ခေါင်ထက်ခေါင်၊
နှုတ်ရေးပြင် ဟောကာ ကြားမည်ထင့်
စောဘာဝါ ဘုရားရှင်မြတ် ကိုယ်တော်ရောင်၊
မျက်ဝန်းတော်က ညိုရည်မှောင်တယ်
မုံ့တော်ရောင် မဟူရာနက်ကယ်နှင့်၊
ရွှေနဖူးပြင် နားထင်နားတိုင်ပေ
ပြောင်းရွှေ့လို့နေ၊
စံပုံရှားတဲ့ တို့များပြည်ဝယ်
အများကြည်ညို ကိုးကွယ်ကြပါလေး။

**ဦးစိုးနိုင်**

## ကျိုက်ထိုမြို့ ကျိုက်ပေါလောဘုရားကြီး
## ရှစ်လုံးဖွဲ့ကဗျာ

၁။ တောင်တန်းဆိုင်းဆိုင်း–ညို့မှိုင်းသွယ်သွယ်၊
ဆံတော်ရှင်များ–တည်ထားကိုးကွယ်။
မြတ်ကေလာသ–ခေါ်ကြပြန်တယ်၊
ကျိုက်ထီးရိုး–တန်ခိုးရောင်လျှံကြွယ်။

၂။ သီဟိုဠ်ဌာန–သာသနာ့ရောင်ထယ်၊
ဒေဝါနံပိယ–တိဿမှာကွယ်။
ဗုဒ္ဓလေးပါး–ရုပ်ပွားကိုတည်၊
နန်းဦးထား–ဖူးအားမရနိုင်တယ်။

၃။ ဗုဒ္ဓရုပ်ပွား–လေးပါးက၊
ကြည်ညိုဆပွား–ကိုးစားရန်ရှယ်။
ဓိဌာန်ပြုကြ–မျှောရပြန်တယ်၊
သာသနာပွား–ပြည်များရောက်စေကွယ်။

၄။ ကျိုက်ထိုကမ်းစပ်–ဆိုက်ကပ်လာတယ်၊
မြို့သူမြို့သား–ပင့်ထားကိုးကွယ်။
ကျောက်လှည်းဘီးနှင့်–ထူးပြီးအံ့ဖွယ်၊
ကျိုက်ပေါလော၊ ခေါ်ဝေါ်မည်တွင်တယ်။

၅။ မဲ့ရှင်မျက်ဝန်း–ရောင်ထွန်းဖြာကြွယ်၊
ရွှေနှုတ်တော်က–ဟောပြမည့်နှယ်။
ဂုဏ်တော်အပေါင်း–ကိန်းအောင်းစံပယ်၊
ဗုဒ္ဓကိုယ်စား၊ သဒ္ဒါပွား ရှိခိုးမယ်။ ။

စိုးရာဇာ

# THE BRIEF HISTORY OF THE KYAIK-PAW-LAW IMAGE. KYAIKTO, MON STATE, MYANMAR

The history of the Kyaik-Paw-Law Image began over two thousand and three hundred years ago. The Buddha passed away in BC 543 at the age of 80. In BC 323 ie 220 years after the buddha's demise (the parinibbana) Asoka, the great emperor of India became the defender of the Buddhist faith and conferred the royal protection on Sanghas, causing all those heretical monks to be expelled from the Order.

The order (Sasana) was restored to unanimity of communion and upheld the rules of sanctification. For the purpose of holding the third convocation (Tatiya Sangayana) the chief monk, Ashin Maha Moggaliputtatissa selected one thousand monks of sanctified charactor, perfect in religious knowledge and bersed in Tipitaka. Under the patronage of the emperor Asoka the monks held the third council at Asokarama Monastery in Pataliputta. The

council was brought to a close in nine months.

The emperor, however, was not satisfied with these meritorious deeds and in order to spread Buddhism abroad he sent nine missions to nine countries, each mission headed by one or two arahats. One of the missions headed by Ashin Sona and Uttara reached Suvannabumi (now known as Thaton in Mon State). The two arahats had done many great tasks in the promotion and development of the Sasana in Myanmar. They entered the parinibbana on a scenic hill about six miles to the north of Bilin, Mon State. Local people often visit and pay homage to the images of the arahats.

One mission headed by Ashin Mahinda who himself was the emperor's son, reached Ceylon (now better known as Sri Lanka). At that time Ceylon was under the rule of King Devanampiyatissa who himself was a devout Buddhist. The king welcomed the mission with pomp and ceremony. That was the first introduction of the Sasana to Ceylon.

After sometime, the king thought that the

people of other countries would prosper and do better if they had a chance to worship the images of the Buddha. And thus, the king sought advice from Ashin Mahinda. This, being a good idea, Ashin Mahinda willingly agreed and gave an advice that the images should be sent abroad by way of sea route: they might reach the shore where the Buddhism would flourish in the future.

The king, then, arranged for the making of the four images with the skilled sculptors. When completed, the king and the people paid homage to the images for a fortnight. Then, the images were sent off into the vast ocean for the wealth, health and happiness of the people who might have a chance to worship them. [One image was on (the raft of) teak logs and one image on (the raft of) rock dammar logs and the third one on (the raft of) jackfruit logs. This one, the Kyaik-Paw-Law Image, was on (the raft of) the stone-wheel. So says the legend. The replica stone-wheel can be seen at the southern side of the inner shrine.]

With the help and favour of devas and king of devas one image reached Dawe(Tavoy), a coastal town in Tanintharyi Division and is now known as Shin-Moke-Hti. One image reached Kyaik-Kha-Mi, a small town in Mon State and is now known as Kyaikkhami Yele Phaya. So is the name because the image and shrine rests on the very edge of the Indian Ocean, and is surrounded by water when the tide rises. One image which is now known as Thi-Ho-Shin Phone-daw-pyi Phaya, reached Pathein, the Divisional town in Aye-yar-wady Division and is now situated at the south-western conner of the Shwe-Moke-Htaw Pagoda.

This image, as you now see, reached Kyaikto, a small town on the bank of the wide-mouthed river Sittang and is better known as the Kyaik-Paw-Law Image. The temple is being renovated in Myanmar artistic design so that pilgrims and foreign tourists may appreciate the beauties of the Myanmar traditional art.

* * * * *

## ကျမ်းကိုးစာရင်း

(၁) တိုင်းရင်းသား ယဉ်ကျေးမှု ဓလေ့ထုံးစံများ(မွန်)၊
(၂) အသောကမင်းတရားကြီး အတ္ထုပ္ပတ္တိ၊
(၃) ရွှေမောဓောသမိုင်း၊
(၄) ကေလာသစေတီတော်သမိုင်း၊
(၅) ကျိုက္ကလွန်ပွန်းစေတီတော်သမိုင်း၊
(၆) ပုသိမ် ရွှေမုဋ္ဌောစေတီတော်သမိုင်း၊
(၇) စာပေနှင့်ယဉ်ကျေးမှု(ဒဂုံဦးလှဖေ)၊
(၈) မြန်မာ့မျက်ပွင့်(ဓေယျ)၊
(၉) ရာဇဘိဝံသကထာ(မွန်)၊
(၁၀) မြန်မာ့စွယ်စုံကျမ်း အတွဲ(၂)၊
(၁၁) ဓနုတ်စေတီတော်သမိုင်း၊
(၁၂) ကျိုက်ထီးရိုးဆံတော်ရှင်သမိုင်း၊
(၁၃) မြန်မာရာဇဝင်(ဦးဘသန်း)၊
(၁၄) ကျိုက်ထိုမြို့ ပန်းသဇင်မဂ္ဂဇင်း၊
(၁၅) ကျိုက်သံလန်း ကျောက်စာ မြန်မာပြန်၊
(၁၆) ကျိုက္ခမိရေလယ်ဘုရားသမိုင်း၊
(၁၇) ထားဝယ် ရှင်မုတ္ထီးသမိုင်း၊
(၁၈) သုဝဏ္ဏဘူမိနှင့်ပတ်သက်သော သမိုင်းဆောင်းပါးများ၊
(၁၉) ကျိုက်ထီးရိုးနှင့် ကျိုက်ပေါလောဘုရားသမိုင်း
(ဦးဘဦး၊ ဦးချစ်ရွှေ)၊
(၂၀) မွန်ပြည်နယ် ကျိုက်ထိုမြို့ မြောက်ပိုင်းရပ်၊ အမှတ်၂၂၀၊

နိလာလမ်းနေ အငြိမ်းစားကျောင်းအုပ်ဆရာကြီး ဦးအောင်သိန်း လက်ရေးမူ၊

(၂၁) ၁၉၉၀–ပြည့်နှစ်၊ အောက်တိုဘာလထုတ် မြတ်မင်္ဂလာစာစောင် အတွဲ ၆၊ အမှတ် ၄–ပါ ဦးသန်းကြွယ်၏ 'ပုသိမ်မြို့မှ သီဟိုဠ်ရှင် ဗုဒ္ဓရုပ်ပွားတော်' ဆောင်းပါး၊

(၂၂) ဗုဒ္ဓဝင် သမိုင်းအကျဉ်း (သာသနာရေးဦးစီးဌာန)၊

(၂၃) ရဟန္တာနှင့်ပုဂ္ဂိုလ်ထူးများ (ဓမ္မာစရိယဦးဌေးလှိုင်)၊

(၂၄) ESSENTAL THEMES OF BUDDHIST LECTURES GIVEN BY ASHIN THITTILA AGGAMAHAPANDITA,

* * * * *

ကျိုက်ပေါလောမှဲ့ရှင်တော်ဘုရားသမိုင်းပြီး၏။

မောလေးမျောသမိုင်းဝင်

ကျိုက်ထိုမြို့

ကျိုက်ပေါလော

# ပွဲရှင်တော်ဘုရားသမိုင်း

